www.burmeseclassic.com

တက္ကသိုလ်

# နှေပင့်ဒေါင်

## အရိုးဖြူဂိုဏ်း သွေးနီအရိုင်း

စာစဉ်(၂)



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## အရိုးဖြူကိုလားသွေးနီအရိုင်း

(စာစဉ်-၂)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၇၈၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၁၀၁၀၁၀၇

၂၀၀၇ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၁၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန် အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

## ဟူရှန်ဖုံ၏အောင်ပွဲ

ခုနစ်စဉ်ကြယ် သိုင်းသမားတို့၏ လှေကြီးသည် မီးကျွန်းသို့ ဆိုက်ရောက်လာလေတော့သည်။ မီးကျွန်းကား လျှို့ဝှက်သိပ်သည်းစွာ ညှို့မှိုင်းနေသည်။ သိုင်းသမားများသည် လှေကမ်းကပ်သည်နှင့် ကျွန်းပေါ်သို့ ခုန်တက်လာကြ၏။

မီးကျွန်းကား ယခင်ကလို မဟုတ်တော့ပေ။ ဟူရှန်ဖုံတစ်ယောက်တည်း နေစဉ်က ဘာအဆောက်အဦမျှ မရှိသော်လည်း ယခုအခါကား ရဲတိုက်ကြီးထီးတည်းနှင့် ခန့်ညားနေလေပြီ။

ရဲတိုက်ကို ကာရံထားသော အုတ်တံတိုင်းမှာ မြင့်မားလှသည်။ အထူကလည်း တစ်ပေခန့်ရှိသည်။

ခုနစ်စဉ်ကြယ် သိုင်းသမားများသည် အတွေ့အကြုံများသူများဖြစ်ရာ ရဲတိုက်ကို အကဲခတ်ကြည့်ပြီးသည်နှင့် အထဲဝင်ရန် မလွယ်ကူကြောင်း တွေ့လိုက်ကြရသည်။

သူတို့ ခေါင်းချင်းရိုက်တိုင်ပင်နေစဉ် ရဲတိုက်၏ တံခါးကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



တကျွိကျွိ ပွင့်လာလေတော့၏။

"ဟာ ရဲတိုက်တံခါးပွင့်လာပြီဟေ့ .... အားလုံးသတိထားကြ"

ခုနစ်စဉ်ကြယ် သိုင်းသမားအားလုံး အသင့်ပြင်မိကြ၏။ သူတို့ အထင်မမှားပါ။ ရဲတိုက်အတွင်းမှ အဝါရောင်ဝတ်စုံနှင့် လူများ တစ်ရာခန့် ထွက်လာသည်။

ရန်သူများသည် ခုနစ်စင်ကြယ် သိုင်းသမားခုနစ်ယောက်အား ဝိုင်းရံထားလိုက်ကြသည်။ သူတို့သည် ဝိုင်းရံခြင်း အမှုကိုသာ ပြုသည်။ တိုက်ခိုက်ခြင်းတော့ မရှိပေ။

ဤသည်မှာ ထူးခြားချက် ဖြစ်သည်။ ခုနစ်စင်ကြယ်များက လည်း ခုနစ်စင်ကြယ် သိုင်းကွက်ပုံစံကို ခင်းကျင်းလိုက်သည်။ ရန်သူများသည် ခေါင်းဆောင်၏ အမိန့်ကို စောင့်နေခြင်းဖြစ်ကြောင်း သိရှိကြ၏။ ထိုစဉ် ဝတ်စုံဖြူနှင့် လူတစ်ယောက် ထွက်လာလေတော့သည်။

ထိုလူ၏ မျက်နှာမှာ အကြည့်ရဆိုးလှပေ၏။ ထိုလူ၌ နားရွက် တစ်ဘက်ကလည်း မရှိချေ။ ဤသူကား ဟူရှန်ဖုံပင် ဖြစ်ပါသည်။

ဟူရှန်ဖုံသည် ခုနစ်စဉ်ကြယ် သိုင်းသမားခုနစ်ယောက်အား တစ်ချက်ကြည့်လိုက်၏။ ပြီးမှ ....

"မိတ်ဆွေတို့က ဘာကြောင့် ကျုပ်ရဲ့ အရိုးဖြူဂိုဏ်းဌာနချုပ်ဆီ ကို ရောက်လာရတာလဲ .... "

အမှတ်တစ်က မျက်မှောင်ကုတ်၍ ပြန်မေးလိုက်သည်။

"မင်း .... ဘယ်သူလဲ .... "

ဟူရှန်ဖုံက ....



"ကျုပ်က အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံပါ .... မိတ်ဆွေတို့က ကျုပ် ကျွန်းပေါ်တက်လာရဲတော့ သတ္တိက နည်းမှာမဟုတ်ဘူး .... မိတ်ဆွေတို့ နာမည်က .... "

အမှတ်တစ်က စိတ်မရှည်ပါ။ အရိုးဖြူဂိုဏ်းချုပ်ကိုလည်း သူ အထင်မကြီးပါ။

"ငါတို့နာမည်ကို မင်းလိုကောင်ကို ပြောပြရမှာ သနတယ် .... ကဲ .... ညီလေးတို့ တိုက်ခိုက်တော့ .... "

အမှတ်တစ်က စကားဆုံးသည်နှင့် အမှတ်ငါးနှင့် ခြောက်က အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံထံ ခုန်ဝင်သွားကာ တိုက်ခိုက်လိုက်တော့သည်။

ဟူရှန်ဖုံက အသာအယာ ရှောင်ထွက်သွား၏။ ခုနစ်စဉ်ကြယ် တို့က လိုက်တိုက်ပြန်သည်။

အမှတ်တစ်က အဝါရောင်လူများကို အကဲခတ်သည်။ အဝါရောင်လူများသည် ငြိမ်နေကြသည်။ ခေါင်းဆောင်အမိန့်မပေးသေး သောကြောင့် ဤသို့ ငြိမ်သက်နေခြင်းဖြစ်မည်ဟု သူ သဘောပေါက် နားလည်သည်။

ဤပုံစံအတိုင်းဆိုပါက သူတို့သည် အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံ၏ တပည့်များနှင့် တိုက်ခိုက်ရန် မလိုတော့။

အရိုးဖြူဂိုဏ်းချုပ်ကို သူတို့ ခုနစ်ယောက်စလုံး ဝိုင်းတိုက်ရန်သာ ရှိတော့သည်။

"ညီတော်တို့ လူယုတ်မာကို ဆုံးမကြ .... "

www.burmeseclassic.com

www.burmeseclassic.com



အမှတ်တစ်၏ အော်သံကြောင့် အားလုံးပင် ဟူရှန်ဖုံထံသို့ ခုန်ဝင်ကြတော့သည်။

ဟူရှန်ဖုံက သူ့တပည့်များအား အမိန့်ပေးခြင်းမှာ သူ လျှို့ဝှက်စွာ လေ့ကျင့်ခဲ့သည့် သိုင်းပညာအဆင့် မည်မျှရှိနေပြီကို စမ်းသပ်လိုသောကြောင့်သာ ဖြစ်သည်။ ယခု တိုက်တိုက်ဆိုင်ဆိုင် ခုနစ်စဉ်ကြယ် ဂိုဏ်းသားများ ရောက်လာခဲ့ပြီ။ သူ စမ်းသပ်ခွင့် ကြုံလေပြီ။

ဟူရှန်ဖုံ လွန်စွာ ကျေနပ်နေ၏။ သူသည် ခုနစ်စဉ်ကြယ် ဂိုဏ်းသားများအကြောင်းကို ကောင်းစွာကြားဖူးထားသည်။ ထိုဂိုဏ်းသားများသည် ထိပ်သီးသိုင်းသမားများသာ ဖြစ်သည်။

သူ့သိုင်းပညာကို ထိုက်ထိုက်တန်တန် စမ်းသပ်ခွင့်ရခြင်းဟု သူ ယုံကြည်ပေသည်။

ခုနစ်စဉ်ကြယ် သိုင်းသမားခုနစ်ယောက်မှာ သာမည မဟုတ်ပါ။ အားလုံး အဆင့်မြင့် သိုင်းသမားချည်းသာ ဖြစ်သည်။

သူတို့ခုနစ်ယောက်အနက် တစ်ယောက်ကို ယှဉ်နိုင်သူပင် သိုင်းလောက၌ ရှားပါးပါသည်။

တကယ်တမ်း ယှဉ်နိုင်သူဆို၍ ထိပ်သီးဆယ် ယောက်ခန့်သာ ရှိပါသည်။

သို့သော် ယနေ့အဖို့တစ်ယောက်တိုးလာပြီ။ ဆယ့်တစ်ယောက် ဖြစ်သွားလေပြီ။

ဟူရှန်ဖုံက တန်ပြန်တိုက်ခိုက်လာသောအခါ ခုနစ်စဉ်ကြယ် သိုင်းသမားများမှာ အံ့အားသင့်သွားရတော့သည်။



ဟူရှန်ဖုံ၏ သိုင်းပညာကိုလည်း ကျိတ်၍ ချီးကျူးမိကြသည်။

ဤမျှ အဆင့်မြင့်သော လူတစ်ယောက်မှာ လမ်းမှားရောက်နေသည့်အတွက်လည်း နှမြောမိကြသည်။

သို့သော် သူတို့ မတတ်သာပါ။ ဒုစရိုက်သမားတို့ကို သုတ်သင်ရမည်သာ ဖြစ်၏။

သူတို့ ခုနစ်ယောက်က ဝိုင်း၍ ပြင်းထန်စွာ တိုက်ခိုက်ကြသည်။ သိုင်းကွက်တစ်ရာမျှ ရောက်ရှိသွား၏။ သို့တိုင် သူတို့ခုနစ်ယောက်မှာ အသာစီးမရဘဲ ရှိနေပါသည်။

ထို့ကြောင့် သူတို့၏ ထက်မြက်သော သိုင်းကွက်များကို အသုံးပြုလာရတော့သည်။ သို့သော်လည်း အသာစီးမရပါ။

နေလုံးသည်ပင် ပင်လယ်ကမ်းခြေအတွင်းသို့ငုပ်လျှိုးတော့မည် ဖြစ်သည်။

ခုနစ်စဉ်ကြယ် သိုင်းသမားခုနစ်ယောက်စလုံး ချွေးပြန်နေကြလေပြီ။

ဟူရှန်ဖုံသည် သူ၏ သိုင်းပညာကို ကျေနပ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ယခုထိ သူသည် ပြင်းပြင်းထန်ထန် မတိုက်ခိုက်သေးသောကြောင့်ပေတည်း။

အချိန်ကြာလာသောအခါ သူက ထိုခုနစ်ယောက်အား ရှင်းပစ်ရန် စိတ်ကူးလိုက်၏။ အဖြူရောင် အထက်လမ်း သိုင်းသမားသည် အောက်လမ်း သိုင်းသမားများအတွက် ဆူးငြောင့်ခလုတ်ဟု သူ မမိုတ်မသုံ ယုံကြည်ထားသည်။

www.burmeseclassic.com



ထို့နောက် တစ်ဆက်တည်းပင် တရကြမ်း တိုက်ခိုက်လိုက်တော့သည်။

နောက်ထပ် သိုင်းကွက်ဆယ့်ငါးကွက်မျှ ရောက်သောအခါ ခုနစ်စဉ်ကြယ် သိုင်းသမားခုနစ်ယောက်အနက် နှစ်ယောက်မှာ ဒဏ်ရာရသွားသည်။

အမှတ်တစ်က ထိတ်လန့်သွား၏။ သူ အထင်လွဲမှားနေခဲ့ပြီ မဟုတ်ပါလား။

ဤအတိုင်း တိုက်ခိုက်၍ မနိုင်မှန်း သဘောပေါက်လာလေသည်။

ထို့ကြောင့် ....

"ခုနစ်စဉ်ကြယ် နှစ်ထပ်သိုင်းကွက်သုံး .... "

အမှတ်တစ်၏ အော်သံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ အားလုံး သိုင်းကွက်အသစ် ခင်းကျင်းကြသည်။

ဟူရှန်ဖုံ အံ့အားသင့်သွား၏။ သူနှင့် တိုက်ခိုက်နေသူများမှာ သိုင်းလောက၌ ထိုက်ထိုက်တန်တန် ကျော်ကြားလှသော ခုနစ်စဉ်ကြယ် သိုင်းသမားများဖြစ်ကြောင်း နားလည်လာသည်။

သူက ထိုခုနစ်ယောက်ကို အသာစီးမှ တိုက်ခိုက်နိုင်သည့်အတွက် သူ၏ သိုင်းပညာမှာ လွန်စွာပင် အဆင့်မြင့်နေကြောင်း သဘောပေါက်နေသဖြင့်သာ သူ ဆက်တိုက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခြင်း ဖြစ်ပေသည်။

သို့သော် မကြာမီပင် သူသည် အကျပ်အတည်းသို့ ရောက်ရှိ



လာလေတော့သည်။

ခုနစ်စဉ်ကြယ် နှစ်ထပ်သိုင်းကွက်မှာ အလွန်ကောင်းမွန်၏။

သူတို့ခုနစ်ယောက်၏ တိုက်ခိုက်မှုအားသည် ဆယ့်လေးယောက်အားကဲ့သို့ ထက်မြက်ပြင်းထန်လာသည်။

ဟူရှန်ဖုံမှာ ထိတ်လန့်သည်ထက် ထိတ်လန့်လာမိတော့၏။

ခုနစ်စဉ်ကြယ် သိုင်းသမားများ အဘယ့်ကြောင့် နာမည်ကြီးခဲ့သည်ကိုလည်း သဘောပေါက်လာသည်။ သူက ခုနစ်စဉ်ကြယ် နှစ်ထပ်သိုင်းကွက်မှ ထိုးဖောက်ထွက်ရန် ကြိုးစားသည်။ သို့သော် မည်သို့မျှ ထွက်မရဘဲ ဖြစ်နေသည်။

ဟူရှန်ဖုံက စူးရှစွာ တစ်ချက်အော်လိုက်ရာ အဝါရောင်ဝတ်စုံဝတ် လူများသည် တိုက်ပွဲအတွင်းသို့ ဝင်ရောက်လာလေတော့သည်။

ထိုအဝါရောင်ဝတ်စုံနှင့် လူများသည် ကြောက်လန့်ခြင်း အလျှင်းမရှိပါ။

အတင်းပင် ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။

ခုနစ်စဉ်ကြယ်နှစ်ထပ်သိုင်းကွက်မှာ ကောင်းမွန်သော်လည်း လူအများက ဝိုင်း၍ အရပ်ရှစ်မျက်နှာမှ တိုက်ခိုက်လာသည့်အခါတွင်မူ မည်သို့မျှ တားဆီးကာကွယ်နိုင်ခြင်း မရှိတော့ပါ။

ခုနစ်စဉ်ကြယ် နှစ်ထပ်သိုင်းကွက် ပျက်စီးသွားရသည်။ ထို့အတူ အဝါရောင်ဝတ်စုံနှင့် လူသုံးဆယ်ကျော်လည်း ကျဆုံးသွားရသည်။

"ဟား .... ဟား .... ဟား .... ဟား .... "

ဟူရှန်ဖုံက အားရပါးရ ရယ်မောလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



နေ့မကူးမီမှာပင် သိုင်းလောက၌ ထင်ရှားကျော်ကြားလှသော ခုနစ်စဉ်ကြယ်ဂိုဏ်းမှာ ပျောက်ကွယ်သွားလေတော့သတည်း။



## အခန်း(၁၇)

## မပြေသောရန်ငြိုး

ဟူရှန့်ဖုံသည် မီးကျွန်းပေါ်၌ သူ့အောင်ပွဲကို သုံးရက်နှင့် သုံးည တိုင်တိုင် ကျင်းပလိုက်သည်။ သူ၏ သိုင်းပညာကိုလည်း ယုံကြည်စိတ်ချသွားသည်။ သူသည် အဆင့်မြင့် ထိပ်သီးတစ်ဦး ဖြစ်ခဲ့ပြီ။ ထိုက်ထိုက်တန်တန် ဂိုဏ်းချုပ်ကြီးတစ်ဦး ဖြစ်ခဲ့ပြီ။

ထိုအခါ သူ၏ရင်ထဲ၌ ငုပ်လျှိုးနေသော ရန်ငြိုးသည် ငွားစွင့်စွာ ထွက်ပေါ်လာလေတော့သည်။ သူက ရှန့်လင့်ကျင်အား သုတ်သင်ရန် အချိန်ကျပြီဟု တွေးတောမိ၏။

ထို့မျှမကသေး။ သိုင်းလောကတစ်ခုလုံးကိုပါ စိုးမိုးရန် တွေးတောလာလေ၏။

သူ့ကိုယ်သူ သိုင်းလောက ဂိုဏ်းပေါင်းစုံ၏ မဟာဂိုဏ်းချုပ်ကြီး အဖြစ် သတ်မှတ်လိုက်၏။ သွေးနားထင်ရောက်မှုသည် ဟူရှန့်ဖုံအား အဆင်ခြင်မဲ့သော လူတစ်ယောက်အဖြစ်သို့ ပို့ဆောင်ပေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟူရှန်ဖုံနှင့် သူ၏ ဂိုဏ်းသားများသည် ခရီးပြင်းနှင်လာကြ၏။

တစ်လမျှကြာသောအခါ ဟူတန်းတောင်ခြေသို့ ရောက်ရှိလာကြတော့သည်။

ဟူရှန်ဖုံသည် လူရိုင်း လူကြမ်းဖြစ်၍ သိုင်းလောက ထုံးစံများကို ဂရုစိုက် မနေတော့ပေ။ တစ်ဂိုဏ်းလုံး တောင်ထိပ်သို့ တက်ကြတော့၏။

တောင်ခါးလယ်အရောက်၌ အော်သံတစ်သံ စူးရှစွာ ထွက်ပေါ်လာလေ၏။

"ဟေ့ .... ရပ် ...."

ဟူရှန်ဖုံက မခိုးမခန့် ရယ်လိုက်၏။

"ဘာဖြစ်လို့ ရပ်ရမှာလဲ ...."

"ရပ်ရမယ် .... ဒီနေရာမှာ အားလုံးရပ်ရမယ် .... ဟူတန်းဂိုဏ်းရဲ့ ခွင့်ပြုချက်မရဘဲ ဘယ်သူမှ တက်ခွင့်မရှိဘူး .... ခွင့်ပြုချက်ရတဲ့လူဟာလည်း ဒီနေရာမှာ လက်နက်အားလုံးကို ပေးအပ်ခဲ့ရမယ် ...."

ဟူတန်းဂိုဏ်းသားသည် သစ်ပင်အကွယ်မှ ထွက်လာပြီး ဟူတန်းဂိုဏ်း၏ စည်းကမ်းကို ရှင်းပြလိုက်သည်။

"ဟုတ်လား ...."

ဟူရှန်ဖုံက သံယောင်လိုက်ပြီး ပြော၏။

ထို့နောက် ....

"ရော့ .... မင်းလိုချင်တဲ့ လက်နက် ...."

"အား ...."



ဟူရှန်ဖုံကား တကယ်ရက်စက်၏။ ဟူတန်းဂိုဏ်းသားက အကျိုးအကြောင်းကို မျှော်လင့်နားထောင်နေစဉ် လက်ထဲမှလက်နက်ဖြင့် ပစ်ခတ်လိုက်လေ၏။

"တုံ .... တုံ .... တုံ ...."

သူတို့နှင့် မလှမ်းမကမ်းမှ အုံးမောင်းခေါက်သံ ထွက်ပေါ်လာခဲ့ရာ ဟူရှန်ဖုံက လျင်မြန်စွာ ခုန်ထွက်သွားသည်။

"မင်း .... ဘာလုပ်တာလဲ ...."

ဟူရှန်ဖုံက ငေါက်လိုက်၏။

သစ်ပင်တစ်ပင်၌ ချိတ်ဆွဲထားသည့် တုံးမောင်းကို ခေါက်နေသည့် ဟူတန်းဂိုဏ်းသားက ဟူရှန်ဖုံအား လှည့်၍ ရင်ဆိုင်လိုက်၏။

"ကျုပ်တို့ဂိုဏ်းရဲ့ ရန်သူတွေ ရောက်လာပြီဆိုတာ အချက်ပေးလိုက်တာလေ ...."

ဟူတန်းဂိုဏ်းသားက မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့်ကြည့်ကာ ပြန်ပြောလိုက်သည်။

"မင်းက ဇက်ကောင်းလို့ ဓားတောင်းတာပေါ့ ...."

ဟူတန်းဂိုဏ်းသားသည် သူ့ဓားအိမ်မှ ဓားကို ဆွဲထုတ်ရန် ဟန်ပြင်လိုက်၏။

"ရွှမ်း ...."

ဟူတန်းဂိုဏ်းသား၏ ဓားသည် ဓားအိမ်ထဲမှ တစ်ဝက်ပင် ထွက်ခွင့်မရသေးပါ။ ဟူရှန်ဖုံ၏ ဓားက သူ့ဝိညာဉ်ကို နှုတ်ယူသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ .... မင်းတို့ ဂူတန်းဂိုဏ်းအတွက် ပဏာမပဲရှိသေးတယ်"

ဟုရှန်ဖုံက သူ့ဂိုဏ်းသားများကို အချက်ပြပြီးနောက် ဆက်လက် တက်သွားလေ၏။ တောင်ကွေ့တစ်ကွေ့လွန်သော် သိုင်းသမားသုံးဆယ်ခန့်သည် သူတို့အား အေးစက်သော မျက်လုံးများဖြင့် စောင့်ကြည့်နေကြောင်း တွေ့လိုက်ရတော့သည်။

ခေါင်းဆောင်ဖြစ်ဟန်တူသူက ....

"ရပ်စမ်း .... ခင်ဗျား ဘာကိစ္စနဲ့ တောင်ပေါ် တက်လာရတာလဲ .... "

ဟုရှန်ဖုံက တစ်ချက်ရယ်မောလိုက်ပြီး ....

"ရှန်လင့်ကျင်နဲ့ တွေ့ချင်လို့ပါ .... "

ထိုဂိုဏ်းသားက အေးစက်စွာ မေး၏။

"ခင်ဗျားရဲ့နာမည် ပြောပါ .... "

ဟုရှန်ဖုံက ....

"နားရွက်တစ်ဖက် လာတောင်းတာဆိုရင် သူ နားလည်ပါလိမ့်မယ် .... "

ဟု အေးစက်စက် ပြန်ပြောလိုက်လေသည်။

ထိုဂိုဏ်းသားက ချက်ချင်း တောင်ပေါ်ပြန်လှည့်ထွက်သွား၏။

မကြာမီ ထိုဂိုဏ်းသားနှင့်အတူ ရှန်လင့်ကျင် ပြန်လည်ရောက်ရှိလာသည်။

ထို့အပြင် ဟူတန်းဂိုဏ်းသား ငါးဆယ်ခန့်မှာလည်း ထွက်လာကြသည်။



ဟုရှန်ဖုံက ရှန်လင့်ကျင်အား တွေ့သောအခါ သွေးများ ဆူဝေလာ၏။

သူက ရှန်လင့်ကျင်အား စိုက်ကြည့်ပြီး ....

"ကျုပ် နားရွက်တစ်ဘက် ပြန်ပေးပါ .... "

ဟု အေးစက်စွာ ပြောလိုက်လေသည်။

ရှန်လင့်ကျင်မှာ ကြောင်သွား၏။ သူက ရုပ်ဆင်းပျက်နေသော ဟုရှန်ဖုံကို မမှတ်မိချေ။

ထို့ကြောင့် သူက ....

"မိတ်ဆွေကို ကျုပ် မသိပါလား .... ဘာကိစ္စနဲ့ လာတာလဲ"

ဟု ပြန်မေးလိုက်လေသည်။

ဟုရှန်ဖုံက အေးစက်စွာ ရယ်မောရင်း ....

"ဘာလဲ .... ခင်ဗျား ကြောက်နေပြီလား .... "

ရှန်လင့်ကျင်မှာ မျက်နှာနီရဲသွား၏။ ယနေ့ထိ သိုင်းလောကမှ ညီသူမျှ စော်ကားမော်ကား ပြောခဲ့ခြင်း မရှိပါ။

ထို့ကြောင့် သူက ပြန်မေးလိုက်၏။

"မိတ်ဆွေ .... ခင်ဗျားက ကျုပ်တို့ဟူတန်းဂိုဏ်းကို လာပြီး ရန်စနေတာလား .... "

ဟုရှန်ဖုံက ရယ်မောရင်း ....

"ခင်ဗျားက .... ဟူတန်းဂိုဏ်းရဲ့ အရှိန်အဝါနဲ့ ကျုပ်ကို မခြိမ်းခြောက်ပါနဲ့ .... ကျုပ်က ကြောက်မယ့်လူ မဟုတ်ဘူး၊ ကျုပ်အတွက် နားရွက်အစား ပြန်ပေးပါ .... ဒီအတွက်ပဲ ကျုပ်လာခဲ့တာ .... "

www.burmeseclassic.com

www.burmeseclassic.com



"ဘာနားရွက်လဲ ...."

"ဆန်တိုပြည်မှာ ခင်ဗျား ဖြတ်ခဲ့တဲ့ ကျုပ်နားရွက်ပဲ ...."

ရှန်လင့်ကျင်မှာ ထိုအခါကျမှ သတိရတော့၏။

"ဪ .... မင်းက မြားသမား ဟူရှန်ဖုံကိုး .... အဲဒီတုန်းက ငါက အသေမသတ်ဘဲ ခွင့်လွှတ်ခဲ့တာကို မင်းက မကျေမနပ်နိုင်ဘဲ လိုက်လာတာကိုး .... ဘာလဲ ခုသေချင်လို့လား ...."

ဟူရှန်ဖုံက စိတ်မဆိုးပါ။ သူက အတိုးရော အရင်းပါ အကြွေးဆပ်ရန် ပြန်လာခဲ့ခြင်း ဖြစ်ပါသည်။

သူက အေးတိအေးစက်ဖြင့် ....

"ဒီနေ့ ဘယ်သူသေမယ်ဆိုတာ ကြည့်ကြသေးတာပေါ့ .... ဒါပေမယ့် ကျုပ်က ခင်ဗျားကို သက်ညှာပါ့မယ် .... ခင်ဗျားကို မသတ်ဘူး .... ကျုပ် နားရွက်တစ်ဖက် ဖြတ်ခဲ့တဲ့အတွက် အတိုးနဲ့ ခင်ဗျား နားရွက် နှစ်ဖက်စလုံး ပြန်ယူမယ် .... ခင်ဗျားကိုယ်တိုင် ဖြတ်ပေးမလား .... ကျုပ်ကပဲ လာယူရမလား ...."

ရှန်လင့်ကျင်က ဓားကို ဆွဲထုတ်လိုက်၏။

"မင်းအစွမ်းအစရှိရင် လာယူစမ်းကွာ ...."

ရှန်လင့်ကျင်မှာ ယခုအခါ၌ သိုင်းပညာများကို တိုးတက်နေပါသည်။

ဟူရှန်ဖုံသည် သူ့ကို မီလိမ့်မည်ဟူ၍ သူ လုံးဝမထင်ခဲ့ပါ။

ထို့ကြောင့် သူက မကြောက်မရွံ့ဘဲ စိန်ခေါ်လိုက်ခြင်း ဖြစ်ပါသည်။



သို့သော် သူမသိသည်မှာ ဟူရှန်ဖုံသည် ယခင် ဟူရှန်ဖုံ မဟုတ်တော့ပါ။

သိုင်းပညာ၌ အထွတ်အထိပ်သို့ ရောက်ရှိနေသော ဟူရှန်ဖုံ ဖြစ်နေခြင်းပင်တည်း။ ဟူရှန်ဖုံက ဓားကို ဆွဲထုတ်လိုက်၏။

ဟူရှန်ဖုံ၏ ဓားမှာ ဓားအိမ်မှ ထွက်လာသည်နှင့် ဝန်းကျင်တစ်ခုလုံး အေးစိမ့်လာသော အငွေ့အသက်များ ဖုံးလွှမ်းသွားလေတော့သည်။

ဟူတန်းတောင်ပေါ်သို့ တက်ရာလမ်းမ၌ လူနှစ်ယောက်မှာ တိုက်ခိုက်နေကြသည်။

ထိုလူနှစ်ယောက်မှာ ရှန်လင့်ကျင်နှင့် ဟူရှန်ဖုံပင် ဖြစ်ပါသည်။

ရှန်လင့်ကျင်မှာ ဟူရှန်ဖုံနှင့် စတင်တိုက်ခိုက်မိသည်နှင့် အကြီးအကျယ် အံ့အားသင့်သွားတော့သည်။

ဓားချင်းယှဉ်မိသည့်ခဏ၌ ဟူရှန်ဖုံ၏ အတွင်းအားမှာ သူ့ထက်များစွာ သာနေကြောင်း သိလိုက်ရလေသည်။

"တော်တော်ဆန်းတာပဲ.... သူ အတော်တိုးတက်နေပါကလား"

ထို့ကြောင့် သူသည် ဟူတန်းဂိုဏ်း၏ ထက်မြက်လှသော ဓားကွက်များကို ဖော်ထုတ်ကာ တိုက်ခိုက်ရတော့သည်။

ဟူရှန်ဖုံအား ပေါ့ပေါ့ဆဆ တိုက်ခိုက်၍ မရကြောင်း ရှန်လင့်ကျင် ကောင်းစွာသိနားလည်သွားခဲ့လေပြီ။

သိုင်းကွက်ဆယ်ကွက်မျှသာ ရောက်ရှိသေးသည်။ ရှန်လင့်ကျင်၏ အခြေအနေမှာ ဆိုးရွားလာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဟူတန်းဂိုဏ်းသားများမှာလည်း ထိတ်လန့်သွားသည်။ ရန်သူမှာ မိမိတို့ဂိုဏ်း၏ အဆင့်မြင့်ဓားသမားတစ်ဦးအား အေးဆေးစွာ ယှဉ်နိုင်သည်ကို တွေ့သဖြင့် ချက်ချင်း ဂိုဏ်းချုပ်ထံသို့ ပြေးကာ သတင်းပို့ကြတော့သည်။

ရှန်လင့်ကျင်၏ နဖူးပေါ်မှ ချွေးသီးချွေးပေါက်များ စီးကျလာသည်။

သူသည် တိုက်စစ်မဆင်နိုင်တော့ချေ။ ဟူရှန်ဖုံ၏ ဓားကွက်ထဲ၌ မြုပ်နေတော့၏။

ဟူရှန်ဖုံ၏ ဓားကွက်များကိုသာ ကြိုးစားခုခံနေရသည်။ သိုင်းကွက်တစ်ဆယ့်ငါးကွက်မျှ ရောက်သောအခါ ရှန်လင့်ကျင်၏ ကိုယ်ပေါ်၌ ဓားဒဏ်ရာ သုံးချက်ခန့် ရရှိသွားခဲ့လေပြီ။

"ဟား .... ဟား .... ဟား .... ဘယ်လိုလဲ .... အခြေအနေကောင်းရဲ့လား .... "

ဟူရှန်ဖုံက ရှန်လင့်ကျင်ထက် ပို၍ မြန်ဆန်လှပေသည်။

သူ၏ လက်ထဲမှ ဓားရောင် ဝင်းလက်သွား၏။

"အား .... "

ရှန်လင့်ကျင်မှာ နာကျင်စွာ အော်ဟစ်ရင်း မြေပေါ်သို့ လဲကျသွားတော့သည်။ သူ၏ နားရွက်နှစ်ဖက်မှာ မရှိတော့ပါ။ နားရွက်များအစား သွေးများသာ ဖြာထွက်လာလေသည်။

ဟူရှန်ဖုံက အားရပါးရ ရယ်မောရင်း ....

"ဘယ်လိုလဲ .... ကျုပ် ဟူရှန်ဖုံအကြောင်း သိပြီမဟုတ်လား



ခင်ဗျားတို့ ဟူတန်းဂိုဏ်းဟာ ကျုပ်ရဲ့ အရိုးဖြူဂိုဏ်းအောက် ရောက်စေရမယ် .... "

ထိုစဉ်မှာပင် သူ၏ရှေ့သို့ အဖြူရောင်အရိပ်တစ်ရိပ် လှစ်ခနဲ ရောက်ရှိလာလေ၏။

ထိုသူကား ဟူတန်းဂိုဏ်း၏ ဒုတိယဂိုဏ်းချုပ်ပင်တည်း။

"ငါတို့ဟူတန်းဂိုဏ်းကိုလာပြီး စော်ကားရဲတဲ့ ဘယ်သူလဲဟေ့"

ဟူရှန်ဖုံက ထိုလူအားပြန်ကြည့်ကာ ....

"ခင်ဗျားက ဘယ်သူလဲ .... "

"ငါက ဟူတန်းဂိုဏ်းရဲ့ ဒုတိယဂိုဏ်းချုပ်ပဲ .... မင်းဟာ တို့ဂိုဏ်းကို လာပြီးစော်ကားတဲ့လူဆိုတော့ အပြစ်ဒဏ်ကို ခံရမယ်"

ဒုတိယဂိုဏ်းချုပ်၏ စကားအဆုံး၌ ဟူရှန်ဖုံက အားရပါးရ ရယ်မောလေတော့သည်။

"ဟား .... ဟား .... ဟား .... ကောင်းပြီ .... ကျုပ်ကလည်း ကျုပ်ရဲ့ အရိုးဖြူဂိုဏ်း ဘယ်လောက်စွမ်းသလဲဆိုတာ ပြရသေးတာပေါ့။ ဘယ်သူ အပြစ်ဒဏ်ခံရမလဲဆိုတာ ခုပဲကြည့်မယ် .... "

ဒုတိယဂိုဏ်းချုပ်မှာ ဒေါသခြောင်းခြောင်း ထွက်သွားသည်။ ရှန်လင့်ကျင် လဲကျနေသည်ကိုလည်း တွေ့ထားရသဖြင့် သူ စိတ်ကို ထိန်းနိုင်အောင် ဖြစ်သွားတော့သည်။

"ဒီအမိုက်ကောင်တွေကို တိုက်ကြစမ်း .... "

သိုင်းလောက၌ သမိုင်းတင်လောက်သည့် အုပ်စုကြီးနှစ်စု၏ တိုက်ပွဲသည် ဟူတန်းတောင်၏တောင်ခုလတ်၌ ဖြစ်ပေါ်လာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောက်အလန့်ကင်းမဲ့စွာ တိုက်ခိုက်ကြသော အရိုးဖြူဂိုဏ်းသားများကိုကြည့်ရင်း ဟူတန်းဂိုဏ်းသားများ ထိတ်လန့်လာသည်။

ထို့အပြင် အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံ၏ သိုင်းပညာမှာလည်း လွန်စွာအဆင့်မြင့်သောကြောင့် ဟူတန်းဂိုဏ်းသားများမှာ လွန်စွာ အထိနာကြသည်။

ဟူတန်းဒုတိယဂိုဏ်းချုပ်မှာ မနေသာတော့ပါ။ ကိုယ်တိုင် ဝင်ရောက် တိုက်ခိုက်ရတော့သည်။

သို့သော် ဒုတိယဂိုဏ်းချုပ်သည်လည်း ဟူရှန်ဖုံကို နိုင်အောင် မတိုက်နိုင်ဘဲရှိ၏။

ထို့ကြောင့် မကြာခင်အတွင်းမှာပင် ဟူတန်းဒုတိယဂိုဏ်းချုပ်မှာ ဟူရှန်ဖုံ၏လက်ချက်ကြောင့် သေဆုံးသွားလေတော့သည်။

ထိုအခါ ဟူတန်းဂိုဏ်းသားအားလုံး ထိတ်လန့်သွားကြ၏။ သူတို့၏ ဂိုဏ်းချုပ်ကြီးမှာ ဟူတန်းဂိုဏ်း၌ မရှိပါ။ ခရီးထွက်ရာမှ ပြန်လာခြင်း မရှိသေးပါ။

ဒုတိယဂိုဏ်းချုပ် သေဆုံးသွားသောအခါ အထိန်းအကွပ်မဲ့သွား၏။ အကွပ်မဲ့ကြမ်း ပရမ်းပတာ ဖြစ်သွားသည်။ ဦးဆောင်မည့်သူ မရှိသဖြင့် စိတ်ဓာတ်က ပို၍ ကျဆင်းသွားကြသည်။

နောက်ဆုံး ဟူတန်းဂိုဏ်းသားများသည် သေသူသေ၊ ကြေသူကြေ၊ လက်လွတ်ထွက်ပြေးသူ ထွက်ပြေးဖြင့် ရှုံးနိမ့်သွားရလေတော့၏။

"ဟား ..... ဟား ..... ဟား ....."



ဟူရှန်ဖုံသည် အားရပါးရ ရယ်မောလေတော့၏။

သူသည် ယခင်က ရန်ကြွေးကို ပေးဆပ်နိုင်ရုံမျှမက ဟူတန်းဂိုဏ်းကိုပါ ဖြိုခွဲနိုင်လိုက်ပြီ မဟုတ်ပါလော။

သူသည် ဟူတန်းတောင်ပေါ်ရှိ ဟူတန်းဂိုဏ်းအဆောက်အဦများအားလုံးကို မီးရှို့ဖျက်ဆီးပစ်လိုက်သည်။

ထို့နောက် သူ၏အရိုးဖြူဂိုဏ်းအလံကို တိုင်တစ်တိုင်ချည်နှောင်ပေးလိုက်၏။

အလံပေါ်၌ သိုင်းလောကတစ်ခုလုံးသို့ စိန်ခေါ်ကြောင်းစာကိုပါ ရေးသားလိုက်လေသည်။

www.burmeseclassic.com



အခန်း(၁၈)

## မီးဖြင့်ပျက်သောကျွန်း

ဟူတန်းဂိုဏ်းပြိုကွဲခြင်းသတင်းသည် သိုင်းလောကတစ်ခုလုံးသို့ ပျံ့နှံ့သွားသည်။

ဟူတန်းဂိုဏ်းအား ဖြိုခွဲခဲ့သော အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံ၏ အမည်မှာ လွန်စွာကျော်ကြားသွား၏။ ကျော်ကြားခြင်းကား မကောင်းသော ကျော်ကြားခြင်းတည်း။ အရိုးဖြူဂိုဏ်းကို သိုင်းလောကသားတို့ သိပ်မသိကြ။ အနုတ်စုတ်ဂုတ်စုတ် သိုင်းဂိုဏ်းကလေးတစ်ခုက ဟူတန်းကဲ့သို့သော အရှင်အမာဂိုဏ်းကြီးအား ဖျက်ဆီးပစ်သည်ဆိုခြင်းကို အချို့သော သိုင်းသမားများက မယုံကြည်ကြချေ။

ဟူတန်းဂိုဏ်းချုပ်ကြီးသည် ဟူတန်းတောင်သို့ အမြန်ဆုံးပြန်ခဲ့သည်။ သူ ပြန်လာသောအခါ မီးလောင်ငုတ်တို ဖြစ်နေသော ဟူတန်းဂိုဏ်းဌာနချုပ်၏ နေရာကိုသာ တွေ့ရတော့သည်။ အရိုးဖြူဂိုဏ်းက ဖျက်ဆီးသည်ဆိုခြင်းမှာ တကယ်အစစ်အမှန်ပင် ဖြစ်ချေလေသည်တကား။



သိုင်းလောကရှိ အထက်လမ်းသိုင်းသမားများသည် လွန်စွာ ထိတ်လန့်ကုန်သည်။ အထက်လမ်းသိုင်းဂိုဏ်းမှန်သမျှ နီးစပ်ရာ နီးစပ်ရာ ဆွေးနွေးညှိနှိုင်းကုန်သည်။ အဓိကရ သိုင်းဂိုဏ်းများမှာ တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း ဆွေးနွေးညှိနှိုင်းရန် ရက်ချိန်းယူနေကြရသဖြင့် အလျင်အမြန် မဆွေးနွေးနိုင်ဘဲရှိသည်။

အလယ်အလတ်စား အထက်လမ်းဂိုဏ်းများကား လျင်မြန်စွာ ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ကြသည်။ သူတို့က အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံဆိုသူအား သွားရောက်သုတ်သင်ရှင်းလင်းကြမည်ဟု ဆုံးဖြတ်လိုက်ကြလေ၏။

ထိုဂိုဏ်းများကား ထင်ယန်ဂိုဏ်း၊ ရွှေအလံအဖွဲ့၊ နဂါးကိုးကောင်ဂိုဏ်း၊ ချင်စန်းဂိုဏ်း၊ ရေနဂါးဂိုဏ်းနှင့် ရွှေလိပ်ပြာဂိုဏ်းတို့ ဖြစ်ကြသည်။ ထိုဂိုဏ်းများမှ ဂိုဏ်းခေါင်းဆောင်အားလုံး မီးကျွန်းသို့ သွားရောက်တိုက်ခိုက်ရန် သဘောတူညီကြလေ၏။

ထို့နောက် သူတို့၏ နောက်လိုက်များထဲမှ အဆင့်မြင့် သိုင်းသမားများကို ထပ်မံရွေးချယ်ကာ အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံအား ယှဉ်ပြိုင်ရန် ထွက်ခွာသွားကြလေတော့သည်။

သို့သော် မီးကျွန်းသို့ သွားရောက်ယှဉ်ပြိုင်ရန် ထွက်ခွာသွားသော သိုင်းသမားများသည် တစ်ယောက်မျှ ပြန်လည်ရောက်မလာကြပါ။ သတင်းပြန်ပို့မည့် သူလည်း ပြန်ရောက်မလာပါ။ အားလုံး အသတ်ခံလိုက်ရသလို ဖြစ်နေလေတော့သည်။

ထို့ကြောင့် သိုင်းလောကတွင်လည်း အရိုးဖြူဂိုဏ်း၏အမည်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပို၍ ကျော်ကြားလာသည်။

ဟူရှန်ဖုံဆိုသော အမည်မှာလည်း ကျော်ကြားသည်ထက် ကျော်ကြားလာလေတော့သည်။ ဒုစရိုက်ဂိုဏ်း တစ်ဂိုဏ်းက သိုင်းလောကအား စိုးမိုးသွားမည်ကို မည်သူမျှ ကြည့်မနေနိုင်ပါ။

ထို့ကြောင့် ညှိနှိုင်းဆွေးနွေးရန် နောင့်နှေးနေသော အဓိကရ သိုင်းဂိုဏ်းကြီးများသည် အလျင်အမြန် တွေ့ဆုံကြရတော့သည်။

သိုင်းလောက၌ အစဉ်အလာရှိသော ရှောင်လင်ဂိုဏ်းမှ ကြီးမှူးကာ အစည်းအဝေးခေါ်ယူလိုက်သည်။ အခြားသိုင်းဂိုဏ်းကြီးများလည်း အစည်းအဝေးသို့ တက်ရောက်လာကြ၏။ အရိုးဖြူဂိုဏ်းအား သုတ်သင်ရန် ဆွေးနွေးတိုင်ပင်ကြသည်။

ထိုအစည်းအဝေးမှ သူရဲကောင်းများ ရွေးချယ်လိုက်သည်။

ခေါင်းဆောင်များအဖြစ် ....

ရှောင်လင်ဂိုဏ်းချုပ်ကြီး၊ ဟူတန်းဂိုဏ်းချုပ်ကြီး၊ ငိုမိဂိုဏ်းချုပ်ကြီး၊ ခွန်လွန်ဂိုဏ်းချုပ်ကြီးနှင့် ကောင်းယန်ဂိုဏ်းချုပ်ကြီးတို့အား ရွေးချယ်လိုက်၏။

ထို့နောက် အဆင့်မြင့်သိုင်းသမား သုံးရာကိုလည်း ထပ်မံရွေးချယ်သည်။

သိုင်းလောက၌ မကြုံစဖူး ညီညွတ်ခဲ့သော ဂိုဏ်းကြီးငါးဂိုဏ်းသည် ဟူရှန်ဖုံအား ဖြိုခွဲရန် မီးကျွန်းသို့ စတင်ခရီးထွက်ကြလေတော့၏။

သိုင်းလောကမှ အထက်လမ်း သိုင်းသမားများအား တင်



ဆောင်လာသော လှေကြီးများသည် မီးကျွန်းဆီသို့ မကြာမီ ဆိုက်ရောက်လာကြသည်။

အားလုံးသော သိုင်းသမားများမှာ မကောင်းမှုကို ဖယ်ရှားရန်အတွက် အသက်ကို မနမြောဘဲ လိုက်လာကြသူများ ဖြစ်ကြသည်။

စုပေါင်းသိုင်းအဖွဲ့ကြီးတွင် အပိုလှေကြီးတစ်စင်း ပါလာ၏။ ထိုလှေထဲ၌ ယမ်းစည်များပါရှိသည်၊ မီးကျွန်းတစ်ကျွန်းလုံးကို သိမ့်သိမ့်တုန်စေမည့် ယမ်းစည်များတည်း။

လှေများမှာ ညဦးပိုင်း၌ မီးကျွန်းဆီသို့ ရောက်ရှိလာလေသည်။ ဝါရင့်သိုင်းသမားများဖြစ်၍ စနစ်တကျ ကမ်းပေါ် တက်ကြသည်။ ထို့နောက် ယမ်းစည်များကို သယ်ချကြသည်။ ကိုယ်စီကိုယ်စီ ကျရာတာဝန် ယူကြသည်။

လူအင်အား သုံးရာကျော်ရှိသော်လည်း အဆင့်မြင့်သိုင်းသမားများချည်းသာ ဖြစ်သောကြောင့် လှုပ်ရှားမှုများမှာ လွန်စွာညင်သာလျင်မြန်ပေ့ပါးကြပေသည်။ အသံတစ်ချက်မျှ မထွက်ပေါ်ဘဲ အရိုးဖြူဂိုဏ်းချုပ်တည်ရှိရာ ရဲတိုက်အနီးပတ်လည်သို့ သိုင်းသမားတိုင်း ဘေးမသီရန်မခ ရောက်ရှိလာကြတော့၏။

ရှောင်လင်ဂိုဏ်းချုပ်ကြီးသည် ယမ်းစည်သယ်လာသူများအား သူ့ရှေ့တွင် စုဝေးစေလိုက်၏။

"ဒကာတို့ .... အဲဒီအထဲက ယမ်းစည်တစ်ဝက်ကို ရဲတိုက်နဲ့ အုတ်တံတိုင်းအောက်ခြေ ပတ်ပတ်လည်မှာ မြှုပ်နှံလိုက်ဝါ .... ကျုပ်တို့ အထဲဝင်တဲ့အခါမှာ တိုက်ပွဲကတော့ မုချဖြစ်မှာပါပဲ .... အဲဒီအခါမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့ယမ်းစည်တွေကို ရဲတိုက်အောက်ခြေ အခန်းတွေမှာ အနှံ့အပြား မြှုပ်နှံပါ .... အဲဒီယမ်းစည်တွေကို သယ်ဖို့ မြှုပ်ဖို့ သိုင်းသမားတချို့ကို သီးသန့်တာဝန်ပေးထားလိုက်ပါ။ ကျုပ်တို့ သိုင်းသမားတွေအားလုံး ဘေးကင်းရာကို ပြန်ရောက်ရင် ဒီယမ်းစည်တွေကို ဖောက်ခွဲပစ်ဖို့ ယမ်းစည်အဖွဲ့က တာဝန်ယူကြပါ .... ”

ဆရာတော်၏ စီမံခန့်ခွဲမှုကို အားလုံးကပင် လက်ခံလိုက်ကြသည်။ ရှောင်လင်ဆရာတော်က ....

“ကဲ .... ပထမတပ်ဖွဲ့က ရဲတိုက်ဝင်းထဲ ခုန်ဝင်ကြပါ .... သတိလည်းထားကြပါ .... သူတို့ ထောင်ချောက်ဆင်ထားနိုင်ပါတယ်”

သိုင်းသမားတစ်ရာခန့်သည် အလွန်ပေါ့ပါးစွာ ခုန်ဝင်သွားကြ၏။ သူတို့အားလုံး ကံကောင်းပါသည်။ မည်သည့်ထောင်ချောက်မျှ မရှိသဖြင့် မည်သူမျှ ဘေးရန်ကပ်ငြိခြင်း မရှိခဲ့ကြပေ။

ဤသည်မှာ ဟူရှန်ဖုံ၏ ဘဝင်မြင့်မှု ဖြစ်သည်။ သူသာ ဘဝင်မမြင့်ဘဲ သူ့၌ရှိရှိသမျှ ဉာဏ်နီဉာဏ်နက် ထုတ်သုံးပြီး ထောင်ချောက်ဆင်ထားပါက သိုင်းတပ်ပေါင်းစုကြီးသည် ပထမတစ်ကြိမ် ခုန်ဝင်သည်နှင့် သူ့အင်အား အတော်လျော့သွားမည်မှာ သေချာလှသည်။ ယခုမူ သိုင်းသမားတစ်ယောက်မျှ ဒဏ်ရာမရဘဲ ဟူရှန်ဖုံအား ဖြိုခွဲရန် စိတ်အားတက်ကြွလျက် ရှိနေကြတော့သည်။

အထဲသို့ ရောက်သောအခါ အဝါရောင်ဝတ်စုံဝတ်လူ တစ်ရာရှစ်ယောက်၏ ပြကွက်ဝင်္ကပါသာ ခင်းကျင်းထားသည်ကို တွေ့လိုက်ရလေသည်။



ထိုလူတစ်ရာရှစ်ယောက်အား ကျော်ဖြတ်နိုင်မှသာ ရဲတိုက်အတွင်းသို့ ဝင်ရောက်နိုင်မည့် သဘောပင်ဖြစ်သည်။ ဟူရှန်ဖုံက အဆင့်အတန်းမြင့်မြင့် ကြိုဆိုထားခြင်းဖြစ်သည်။

မကြာမီ ရဲတိုက်ရှေ့ဝယ် ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာတော့သည်။ အဝါရောင်ဝတ်စုံနှင့် လူများမှာ ယခုရောက်လာသော သိုင်းသမားများအား တစ်ဦးချင်းအနေဖြင့် ယှဉ်ပြိုင်နိုင်စွမ်း မရှိကြချေ။ သို့သော် ဝင်္ကပါခင်းကျင်းခုခံသည့်အတွက် အတော်ပင် ခုခံနိုင်ကြသည်။

သိုင်းသမားများမှာ သိုင်းလောက၏ စည်းကမ်းကို စောင့်မနေတော့ပါ။

အရိုးဖြူဂိုဏ်းအား ဖြိုခွဲရန် အရေးကြီးသည့်အလျောက် ဝင်္ကပါကို နည်းမျိုးစုံနှင့် ဖြိုခွဲဖျက်ဆီးကြတော့သည်။

ထိုညည့်သန်းခေါင်တွင် အရိုးဖြူဂိုဏ်းသားတစ်ရာရှစ်ယောက်တို့၏ ဝင်္ကပါသည် ပြိုကွဲသွားလေတော့၏။

အထက်လမ်းသိုင်းသမားများသည်လည်း သုံးဆယ်မျှ ကျဆုံးသွားခဲ့ရသည်။

ထိုဝင်္ကပါကို ကျော်လွှားလာနိုင်သောအခါ ရဲတိုက်အတွင်းသို့ အဘက်ဘက်မှ ဝင်ရောက်ကြသည်။

အထဲ၌ အသင့်စောင့်နေသော အရိုးဖြူဂိုဏ်းသားများသည် စစ်သားများ စောင့်ကြပ်ခုခံသည့်ပမာ အပြင်းအထန် ခုခံကြသည်။ သူတို့သည် သိုင်းဂိုဏ်းတစ်ခုထက် သူပုန်တပ်တစ်ခုနှင့် ပိုတူနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လင်ဂိုဏ်းချုပ်ကြီး၊ ငိုမိဂိုဏ်းချုပ်ကြီး၊ ဟူတာန်းဂိုဏ်းချုပ်ကြီး၊ ခွန်လွန်ဂိုဏ်းချုပ်ကြီးနှင့် ကောင်းယန်ဂိုဏ်းချုပ်ကြီးတို့မှာ တိုက်ပွဲအတွင်းသို့ ပါဝင်တိုက်ခိုက်ခြင်း မရှိကြချေ။ ကိုယ့်တာဝန်နှင့်ကိုယ် ကြီးကြပ်ကွပ်ကဲပြီး ရဲတိုက်ထဲသို့ ဝင်လိုက်ကြသည်။

နောက်ဆုံး၌ အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံကို ကျယ်ပြန့်ကြီးမားသော အခန်းကြီးထဲ၌ အကျအနထိုင်နေကြောင်း တွေ့ရှိလိုက်ကြရသည်။

ဟူရှန်ဖုံသည် မလှုပ်မယှက် ကျောက်စားပွဲဝိုင်းပေါ်၌ ထိုင်နေသည်။ သူသည် ဝင်ရောက်လာသော ဂိုဏ်းငါးဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးများကို အေးစက်စက် ကြည့်ရှုလိုက်ပြီး ....

“ခင်ဗျားတို့က ကျုပ်ကို တော်တော်ကြောက်တာကိုး .... အားလုံး ပူးပေါင်းလာကြတယ် မဟုတ်လား .... ခင်ဗျားတို့ တကယ်သတ္တိရှိတယ်ဆိုရင် တစ်ဂိုဏ်းချင်း လာတိုက်သင့်တယ်ဗျ .... ”

စင်စစ် ဟူရှန်ဖုံ အတော်စိတ်ဆိုးနေသည်။ သူ့ကို သိုင်းလောကမှ ဂိုဏ်းပေါင်းစုံ ပူးပေါင်းပြီး လာတိုက်ခိုက်လိမ့်မည်ဟု တစ်ကြိမ်တစ်ခါမျှ စိတ်မကူးမိခဲ့ချေ။ သူ့စိတ်ထဲ၌ ထိုသိုင်းဂိုဏ်းကြီးများသည် လွန်စွာမာန်မာနကြီးလှသဖြင့် တစ်ဂိုဏ်းချင်းသာ လာတိုက်လိမ့်မည်ဟု ထင်မိခဲ့သည်။ ထို့ကြောင့် သိုင်းပေါင်းစုံ ဂိုဏ်းပေါင်းစုံ လာတိုက်ပါက ခုခံကာကွယ်ရမည့် အခြေအနေမျိုးကို ဖန်တီးထားခဲ့ခြင်း မရှိချေ။

နောက်တစ်ချက် လစ်ဟာမှုမှာ သူ၏ဘဝမြင့်မှုဖြစ်၏။ အလယ်အလတ်စား သိုင်းဂိုဏ်းများ စုရုံးပြီး လာရောက်တိုက်ခိုက်ခြင်းကို



က ဖြိုခွဲနိုင်ခဲ့သဖြင့် သူ့ကိုယ်သူ အထင်ကြီးနေခဲ့သည်။ ယခု အထက်လမ်းဂိုဏ်းချုပ်ကြီးများ အားနှင့် အင်နှင့် တိုက်ခိုက်လာသောအခါ သူ့ဂိုဏ်းသည် ရန်သူများကို မယှဉ်နိုင်ဘဲ ရှိတော့သည်။

ရှောင်လင်ဂိုဏ်းချုပ်ကြီးက ပြန်ပြောမည်အပြုတွင် ဟူတာန်းဂိုဏ်းချုပ်ကြီးက ကြားဖြတ်ပြောလေ၏။

“မင်းလို ယုတ်မာတဲ့ လူကို ရှင်းလင်းဖို့က အားလုံးပူးပေါင်းရမှာပဲ .... သိုင်းလောကရဲ့ စည်းကမ်းဆိုတာ သိုင်းသမားကောင်းတွေ အတွက်ပဲ ဖြစ်တယ် .... ”

ဟူတာန်းဂိုဏ်းချုပ်က ပြောရင်း တစ်ဆက်တည်း ခုန်ဝင်ကာ တိုက်ခိုက်လိုက်သည်။

ဟူရှန်ဖုံက ထိုင်ရာမှ မထပါ။ ပြန်လည်ခုခံတိုက်ခိုက်လိုက်၏။

သိုင်းကွက်ဆယ်ကွက်မျှအတွင်း ဟူတာန်းဂိုဏ်းချုပ်မှာ အရေးနိမ့်လုနီးပါး ဖြစ်သွားသည်။ ရှောင်လင်ဂိုဏ်းချုပ်ကြီးမှာ မနေသာတော့ပါ။ လူဆိုးလူသွမ်းတစ်ယောက်၏ လက်ချက်ဖြင့် လူတော်လူကောင်းတစ်ယောက် မသေဆုံးသင့်ကြောင်း သူ သိသဖြင့် အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံအား ဝင်ရောက်တိုက်ခိုက်ရတော့၏။

ရှောင်လင်ဂိုဏ်းချုပ်ကြီးကိုယ်တိုင် တိုက်ပွဲတွင်းသို့ ဝင်ရောက်ဆင်နွှဲတိုက်ခိုက်သောအခါ အခြားဂိုဏ်းကြီးများသည်လည်း မနေသာတော့ဘဲ ဝင်တိုက်ရတော့သည်။

ဟူရှန်ဖုံ၏ သိုင်းပညာမှာ အထွတ်အထိပ်သို့ ရောက်နေပြီဖြစ်သော်လည်း ဂိုဏ်းချုပ်ကြီးငါးဦး၏ ပူးပေါင်းတိုက်ခိုက်မှုကိုတော့ မခံ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ။ ဂိုဏ်းချုပ်ကြီးတစ်ဦးစီကို ဟူရှန်ဖုံ နိုင်ကောင်းနိုင်နိုင်ပါ၏။ ငါးဦး ပေါင်း တိုက်ခိုက်ခြင်းကိုမူ မယှဉ်နိုင်ပါချေ။

မြက်ဖြင့် ကျစ်အပ်သော ကြိုးများဖြစ်သော်လည်း အထပ်ထပ် ကျစ်ပါက ဆင်ကိုပင် ချည်နှောင်နိုင်သကဲ့သို့ သေးငယ်သော အင်အား များကိုပါ စုပေါင်းလိုက်ပါက ကြီးမားသောရန်ကိုပင် ဖြိုခွင်းနိုင်ပေသည်။

ယခု ဂိုဏ်းချုပ်ကြီးငါးဦးမှာ သေးငယ်သော မြက်ပင်ကလေး များ မဟုတ်ပေ။ တစ်ဦးစီ တစ်ဦးစီ စွမ်းရည်ရှိသော ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြသည်။ သူတို့ငါးဦး ကြိုးကျစ်သကဲ့သို့ ပူးပေါင်းလိုက်သည့်အခါ အဘယ်သတ္တဝါသည် ခံနိုင်ပါတော့မည်နည်း။

သူတို့၏ တိုက်ခိုက်မှုမှာ ကြောက်စရာကောင်းလှပေသည်။

သိုင်းကွက်နှစ်ဆယ်မျှ ယှဉ်ပြိုင်လိုက်သောအခါ ဟူရှန်ဖုံ အခြေ အနေ မလှတော့ပေ။

သူသည် လက်နက်ကိုထုတ်၍ တိုက်ခိုက်လာလေတော့၏။

ဂိုဏ်းချုပ်ကြီး ငါးယောက်ကလည်း လက်နက်ကိုယ်စီ ထုတ် လိုက်ကြသည်။ မြွေဆိုးမြွေဟောက်ကိုသတ်ရန်ကိစ္စ၌ သီလစောင့် သလို ပြုမူ၍ မရပေ။ မြွေဆိုးမြွေဟောက်သေရန်သာ အရေးကြီးသည် မဟုတ်ပါလား။

ရဲတိုက်၏ ခန်းမအလယ်၌ အရိုးဖြူဂိုဏ်းသားများနှင့် အထက် လမ်း သိုင်းသမားများက တိုက်ခိုက်နေကြ၏။ အရိုးဖြူဂိုဏ်းသားများ မှာ တစ်စထက်တစ်စ ရှုံးနိမ့်လာသည်။ ဒဏ်ရာရသူများမှာလည်း တစ်စထက်တစ်စ ပိုများလာသည်။



နံနက်သုံးနာရီခန့်ရောက်သောအခါ အရိုးဖြူဂိုဏ်းသားများမှာ ခံနိုင်စွမ်း မရှိတော့ချေ။ အားလုံးလက်နက်ချ အရှုံးပေးကြရတော့ သည်။

ထို့အတူ ထိပ်သီးခေါင်းဦးတို့၏ တိုက်ပွဲကလည်း လွန်စွာ ပြင်းထန်နေ၏။

သို့သော် အရှုံးအနိုင်မှာ သိသာနေလေပြီ။

အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံ၏ ခန္ဓာကိုယ်တစ်ခုလုံး၌ ဒဏ်ရာ များ ပြည့်နှက်နေလေပြီ။ သူ၏ အဖြူရောင်ဝတ်စုံမှာလည်း သွေးချင်း ချင်း နီရဲနေလေပြီ။

ဂိုဏ်းချုပ်ကြီး ငါးဦးတို့သည်လည်း ဒဏ်ရာကိုယ်စီ ရထားကြ ၏။ သို့သော် တိုက်ခိုက်မှု လျော့မသွားကြပေ။ ထို့ကြောင့် ဟူရှန်ဖုံမှာ တစ်စထက်တစ်စ အားပျော့လာ၏။ လက်ရည်ကျလာ၏။

ထိုစဉ် ဟူတန်းဂိုဏ်းချုပ်ကြီး ထိုးသွင်းလိုက်သော ဓားသည် ဟူရှန်ဖုံ၏ဗိုက်သို့ ထိုးစိုက်သွားလေတော့သည်။

ဟူရှန်ဖုံမှာ ကျောက်စားပွဲပေါ် လဲကျသွား၏။ သူ လဲကျသွား သည်နှင့် လက်နက်ပုန်းများ လွင့်ပျံလာသည်။

ဂိုဏ်းချုပ်ကြီးငါးယောက်စလုံး ထိတ်လန့်ကာ နောက်ဆုတ် ပြေးလိုက်ကြရသည်။

အင်္ကျီလက်စရှည်များဖြင့် ယမ်းစက်ကာကွယ်လိုက်ကြ၏။

"ဟား .... ဟား .... ဟား ...."

ဟူရှန်ဖုံက အသံနက်ကြီးဖြင့် ရယ်မောလိုက်သည်။ သူ၏ ရယ်

www.burmeseclassic.com

www.burmeseclassic.com



သံအဆုံး၌ ကျောက်စားပွဲမှာ အောက်သို့နိမ့်ကျသွားလေတော့သည်။ အားလုံးကြောင်သွား၏။ သူတို့ ခုန်ဝင်ရန် ကြိုးစားစဉ် လက်နက်များ လွင့်ပျံလာပြန်သဖြင့် မြေအောက်သို့ နိမ့်ဆင်းသွားသော ဟူရှန်ဖုံကို ဖမ်းဆီးရန် မလွယ်ကူဘဲ ဖြစ်သွားတော့သည်။

ထို့နောက် ကျောက်စားပွဲမှာ ပြန်တက်လာကာ အပေါက်ကို ပြန်ပိတ်သွား၏။ ဟူရှန်ဖုံ ပျောက်ကွယ်သွားခဲ့လေပြီ။ ဂိုဏ်းချုပ်ကြီး ဝါးဦးမှာ လွန်စွာ စိတ်မသက်မသာ ဖြစ်သွားကြသည်။

"တောက် .... ဖြစ်ရလေ ...."

ဟူတန်းဂိုဏ်းချုပ်က တောက်ခေါက်လိုက်၏။

သူတို့သည် ကျွန်းတစ်ခုလုံး မီးရှို့ရန် ဆုံးဖြတ်လိုက်ကြ၏။

မီးကျွန်းတစ်ခုလုံးကိုလည်း သူတို့က မီးရှို့လိုက်၏။ ရဲတိုက်ကြီးကိုလည်း ယမ်းစည်များဖြင့် ဖောက်ခွဲပစ်သည်။ မီးများ ဝါးမျိုသွားပြီး မကြာမီ ကျွန်းတစ်ခုလုံးမှာ မီးတောက်များ ဟုန်းဟုန်းတောက်လောင်လာသည်။

သိုင်းသမားအားလုံးက ကျွန်းကို လှေနှင့် ဝိုင်းကာ စောင့်ကြည့်ကြ၏။ ဟူရှန်ဖုံ၏ အရိပ်အယောင်မျှပင် မမြင်ရချေ။ သူတို့က မြေအောက်၌ ပုန်းအောင်းစေကာမူ ထိုမီးဒဏ်ကြောင့် သေဆုံးရမည်ဟု ယူဆကြသည်။

ထို့နောက် သံ့ပန်းများကိုခေါ်ကာ ပြန်လာခဲ့ကြသည်။

သူတို့ပြန်ရောက်လာသောအခါ သံ့ပန်းများအား စစ်ဆေးကြည့်ကြ၏။



ထိုလူများကို အတိတ်မေ့အောင် အဆိပ်ကျွေးထားကြောင်း သိရှိကြရသည်။

ထိုလူများအား သမားတော်များခေါ်ကာ ကုသပေး၏။ ပြုစုသည်။

သို့သော် မည်သို့မျှ ကုသ၍ မရပါ။ ဖြေဆေးကိုလည်း ဖော်စပ်နိုင်ခြင်း မရှိပါ။

ထိုလူများမှာ သုံးနှစ်ဟူသော အချိန်အတွင်း အားလုံးလိုလို ကုသမရဘဲ သေဆုံးသွားခဲ့ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

## သူ့ရဲ့တောင်း၏ပညာ

ဧည့်ခန်းထဲ၌ ငြိမ်သက်တိတ်ဆိတ်နေ၏။ ရက်စက်ကြမ်းကြုတ်လှသော ဟူရှန်ဖုံ၏ အကြောင်းများက နားထောင်နေသူများအား ဖမ်းစားထားသည်။

ဟူရှန်ဖုံ၏ အကြောင်းများက လက်ရှိဖြစ်ပေါ်နေသော အရေးအခင်းများနှင့် ဆက်စပ်နေခြင်းကလည်း နားထောင်သူများအတွက် အတွေးစများ ဖော်ပေးသလို ရှိနေခဲ့ပေသည်။

ကျုံဖေက ....

"ဒါ အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံရဲ့အကြောင်းပဲ .... ငါလည်း သူနဲ့ မရင်ဆိုင်ဖူးပါဘူး .... သူ့အကြောင်း သူများပြောတာ ကြားဖူးတာပါ .... သူသေမသေ ခုထိ မသိဘူး .... ဒါပေမယ့် ကျွန်းတစ်ခုလုံးပြာကျအောင် မီးရှို့တော့ မြေတွင်းထဲမှာနေတောင် အသက်ရှုကျပ်မယ် .... အပူလောင်မယ် .... သေနိုင်တာပဲ .... ပြီးတော့ သူ့ရထားတဲ့ ဒဏ်ရာဟာလည်း သေလောက်တယ် .... ရှင်ဖို့လမ်းစတော့



လောက် မရှိဘူး .... "

ယန်ချင်ထန်က ....

"အခု အနှစ်သုံးဆယ်လောက်ရှိပြီ .... သူက မသေသေးဘဲ ပြန်ထွက်လာတာ ဖြစ်နိုင်မလား .... "

ကျုံဖေက ....

"မပြောနိုင်ဘူး .... သူက သိုင်းပညာ အထွတ်အထိပ် ရောက်နေတဲ့လူဆိုတဲ့ အချက်ကို မေ့ထားလို့တော့ မရဘူး .... တချို့ဟာ သိပ်အသက်ပြင်းကြတယ် .... အခု ငွေတိုက်ဖောက်တာ လူဖမ်းတာလည်း အစပဲရှိသေးတယ် .... ဒါကိုကြည့်နေရင် ပိုဆိုးလာမယ် .... ကဲ .... ဒါတွေ ထားလိုက်ပါဦး .... မင်းရဲ့ သားနဲ့ သမီးကို ငါနဲ့ မိတ်ဆက်ပေးပါဦး .... "

ယန်ချင်ထန်က ယိဖျောင်းရှမ်းဘက်သို့ လှည့်ကာပြော၏။

"တူမလေး .... မင်းရဲ့မောင်နဲ့ ညီမလေးကို သွားခေါ်လာခဲ့ပါလား .... "

ယိဖျောင်းရှမ်းက ခေါင်းညိတ်ပြီး အထဲသို့ ဝင်သွားသည်။

မကြာမီ ယိဖျောင်းရှမ်းမှာ ဧည့်ခန်းအတွင်း ပြန်ရောက်လာ၏။

သူမ၏နောက်၌ ယန်ချင်ထန်နှင့် ယန်လီကျူတို့ မောင်နှမနှစ်ယောက်က လိုက်ပါလာလေသည်။ သူတို့က အခန်းထဲသို့ ရောက်သည်နှင့် ဧည့်ခန်းအတွင်းရှိနေသော မောင်စန်းတောင်ဓားသမား ကျုံဖေအား အကဲခတ်လိုက်လေသည်။

www.burmeseclassic.com



ယန်ချင်ထန်က သူ၏ သားနှင့် သမီးအား အမိန့်ပေးလိုက်၏။

"ကဲ .... သားတို့ သမီးတို့ ဟောသည်က ဘဘကို ဦးချလိုက်ကြစမ်း .... "

ယန်ချင်ထန်က ရှေးဦးစွာ ကန်တော့လိုက်လေသည်။

ကျိုဖေက ....

"အင်း .... မင်းရဲ့ သားသမီးတွေတောင် အရွယ်ရောက်နေမှကိုး .... ကဲ .... မင်းတို့နာမည်လေးတွေ ဘဘကို ပြောပါဦး .... "

ယန်လီကျူက သွက်လက်စွာဖြင့် သူတို့နာမည်များကို ပြောသည်။

"သမီးက ယန်လီကျူပါ .... အစ်ကိုနာမည်ကတော့ ယန်ချင်ထန်လို့ ခေါ်ပါတယ် ဘဘ .... "

ကျိုဖေက ယန်လီကျူ၏ သွက်လက်ချက်ချာပုံကိုကြည့်ကာ သဘောကျသွား၏။

ထို့နောက် ယန်ချင်ထန်ဘက်သို့လှည့်ကာ ပြောလိုက်၏။

"မင်းရဲ့ ကလေးနှစ်ယောက်နဲ့ တူမလေးတို့က မဆိုးဘူး .... သိုင်းပညာ လေ့ကျင့်ဖို့ ကိုယ်နေဟန်ထား ပုံသဏ္ဍာန်ကောင်းသားပဲ"

ယန်ချင်ထန်က ခေါင်းညိတ်ပြီး ဝန်ခံလိုက်၏။

"ဟုတ်ပါတယ် .... အဲဒါတော့ ကျုပ်လည်း သတိပြုမိခဲ့ပါတယ်"

ကျိုဖေက ....

"သူတို့ရဲ့ သိုင်းပညာ ဘယ်အဆင့်ရောက်ပြီလဲဆိုတာကို ပြစမ်းပါ .... ငါက သူတို့ကို လက်ဆောင်ပေးချင်လို့ .... "



ယန်ချင်ထန်မှာ ထိုစကားကို ကြားသောအခါ ဝမ်းသာသွား၏။ ကျိုဖေ၏ သဘောကို သူက နားလည်သည်။ မည်သည့် လက်ဆောင်မျိုး ဖြစ်သည်ကိုလည်း သူက ကြိုတင်ရိပ်စားမိသည်။ ထို့ကြောင့် သူက သူ၏သား ယန်ကျင်ကန်ကို လှမ်းပြောလိုက်၏။

"သား .... ယန်ကျင်ကန် .... မင်း လေ့ကျင့်ထားတဲ့ သိုင်းပညာတစ်ခုခုကို ဟောဒီဘဘရှေ့မှာ လာပြစမ်း .... ကြိုးကြိုးစားစားပြနော် .... မရိုကပ်နဲ့ .... ဒါမှ မင်းရဲ့ လိုအပ်ချက်တွေကို မင်းတို့ ဘဘ ထောက်ပြနိုင်မှာ .... "

ယန်ကျင်ကန် ခေါင်းညိတ်လိုက်ပြီး ....

"ဟုတ်ကဲ့ .... ဖေဖေ .... စိတ်ချပါ .... "

ထို့နောက် အကျီကို ချွတ်လိုက်သည်။ သူက ဧည့်ခန်းအလယ်သို့ လျှောက်သွားပြီး သိုင်းပညာများကို စတင်လှုပ်ရှားပြတော့၏။

သူက သူ အနှစ်သက်ဆုံးဖြစ်သော ခြေလက်သုံးဆယ့်ခြောက်ကွက်ကို လှုပ်ရှားကစားပြသည်။ သူက သိုင်းဟန်ပြနေသည်နှင့် မတူပါ။ တကယ့် ရန်သူနှင့် တိုက်ခိုက်နေသည့်အလား လှုပ်ရှားသွား၏။ စိတ်အားမာန်အားအပြည့်နှင့် လှုပ်ရှားသဖြင့် သူ့ခန္ဓာကိုယ်မှ ချွေးတပြိုက်ပြိုက် ကျလာလေတော့၏။

သုံးဆယ့်ခြောက်ကွက် ဆုံးသွားသောအခါ ယန်ကျင်ကန်က ရပ်လိုက်၏။ ကျိုဖေက ယန်ကျင်ကန် အသက်ရှုပုံကို သတိထားကြည့်သည်။

ယန်ကျင်ကန်က အားနှင့် မာန်နှင့် လှုပ်ရှားကစားပြသွားသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း မောပန်းခြင်း မရှိကြောင်း တွေ့ရသည်။ မျက်နှာမှာလည်း ပကတိအတိုင်း တည်ငြိမ်နေ၏။ နီရဲသော အရိပ်အယောင် မတွေ့ရသဖြင့် ကျူဖေ ကျေနပ်သွား၏။

ယန်ကျင်ကန်က ကျူဖေအား ဦးညွတ်ဂါရဝပြုလိုက်သည်။

ကျူဖေက ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ပြီး ယန်ကျင်ကန်ဘက်သို့ လှည့်ကာပြောလိုက်သည်။

"အင်း .... ကလေးရဲ့ ခြေလက်သုံးဆယ့်ခြောက်ကွက်က မဆိုးပါဘူး .... သူကြည့်ရတာ လေ့ကျင့်တာ လေးငါးနှစ်ပဲရှိဦးမယ် ထင်တယ် .... "

ယန်ချင်ထန်က အံ့အားသင့်သွားပြီး ....

"ဟုတ်တယ် .... သူလေ့ကျင့်တာ ငါးနှစ်မပြည့်သေးပါဘူး"

"အင်း .... မင်းရဲ့သားဟာ သိုင်းသမားကောင်းတစ်ယောက်ဖြစ်လာနိုင်တယ် .... သူ့အတွက် အသင့်တော်ဆုံး သိုင်းပညာကတော့ မင်းရဲ့ ရွှေလုံ့တံ သိုင်းပညာပဲ .... သူ့ကို သင်ပေးလိုက်ပါ .... "

ယန်ချင်ထန်က ခေါင်းကို ခါယမ်းလိုက်သည်။

ကျူဖေက မျက်ခုံးပင့်ကာ ....

"ဘာဖြစ်လို့လဲ .... "

ယန်ချင်ထန်က ....

"ကျုပ်လည်း သူ့ကို ရွှေလုံ့တံသိုင်းပညာ သင်ပေးမလို့ စဉ်းစားပါသေးတယ် .... ဒါပေမယ့် .... "

"ဒါပေမယ့် ဘာဖြစ်လဲကွ .... "



"သူ့ရဲ့ အင်အားဟာ ရွှေလုံ့တံသိုင်းပညာကို လေ့ကျင့်ဖို့ မလုံလောက်သေးဘူးဗျ .... "

ကျူဖေက ရယ်မောလိုက်သည်။ ပြီး ယန်ချင်ထန်အားကြည့်ကာ ....

"အားဆိုတာ လေ့ကျင့်မှရတာကွ .... ဘယ်သူမှ မွေးကတည်းက အားမကောင်းပါဘူး .... ဒါကို မင်း သိသားပဲဥစ္စာ .... အတွင်းအားကျင့်စဉ် လေ့ကျင့်နိုင်းပေါ့ .... ဘာသိုင်းပညာအတွက်ဖြစ်ဖြစ် ဒါဟာ လိုအပ်တာပဲဥစ္စာ .... "

ယန်ချင်ထန်က ....

"ဟုတ်တော့ ဟုတ်ပါတယ် .... ဒါပေမယ့် ခက်တာက"

ယန်ချင်ထန်က စကားကို ဆက်မပြောချေ။ အကြောင်းမှာ သူကိုယ်တိုင်က အတွင်းအားပညာ၌ သိပ်မကောင်းလှသောကြောင့် ဖြစ်သည်။ ကိုယ်တိုင်မှ အတွင်းအားပညာ မထက်မြက်ဘဲနှင့် အခြားသူကို မည်သို့သင်ပေးနိုင်မည်နည်း။

ကျူဖေ ချက်ချင်းသဘောပေါက်သွား၏။

"ကိစ္စမရှိပါဘူး .... ငါ့မှာ နည်းတစ်ခု ရှိပါသေးတယ် .... "

သူသည် ပြောပြောဆိုဆို အိတ်ထဲသို့ လက်ထိုးနှိုက်လိုက်၏။ လက်ပြန်ထွက်လာသောအခါ လက်ထဲ၌ ပုလင်းတစ်လုံးပါလာသည်။

ကျူဖေက ပုလင်းကို ထောင်ပြပြီး ....

"ဒါ .... ငါဖော်ထားတဲ့ဆေးပဲ .... ဆေးလုံးအားလုံး နှစ်ဆယ့်တစ်လုံးရှိတယ် .... တစ်နေ့သုံးလုံးနဲ့ ခုနစ်ရက်တိတိ သောက်ရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ငါက ဖလှေကျင့်နည်းတစ်ခု ပြပေးမယ် ... တစ်ဇလောက် ဆိုရင် မင်းရဲ့သားဟာ အတွင်းအားကောင်းလာမယ် ... အဲဒီအခါကျ တော့ မင်းရဲ့ ရှေးလုံတံသိုင်းပညာကို သင်နိုင်ပြီပေါ့ ဟုတ်လား"

ယန်ကျင်ကန်မှာ ဝမ်းသာသွား၏။

ယန်ချင်ထန်မှာမူ လွန်စွာအားနာသွားသည်။

ထို့ကြောင့် သူက ...

"ကျုံဖေ ... ခင်ဗျား ဒီလောက်တန်ဖိုးရှိတဲ့ ဆေးကို ပြန်ဖော်ဖို့ လွယ်မှာမဟုတ်ဘူး ... ဒါကြောင့် ဒီဆေးလုံးကို လက်ဆောင်ပေးဖို့ မလိုပါဘူးဗျာ ... ကျုပ်သားဟာ ငယ်ပါသေးတယ် ... သူ တဖြည်းဖြည်း လေ့ကျင့်ရင် ရနိုင်ပါတယ်ဗျာ ..... "

ကျုံဖေက ရယ်မောရင်း ...

"ဒါ ... ငါ့လက်ဆောင်ပဲ ... ငါက လက်ဆောင်ပေးမယ်လို့ ပြောထားပြီးပြီ ... ဒီတော့ ငါက ပေးမှာပဲ ... "

ယန်ချင်ထန်မှာ သားဖြစ်သူအတွက် ဝမ်းသာသွား၏။ ပေးသူက လိုလိုလားလား ပေးနေမှတော့ လက်ခံရုံသာရှိသည်။ ပေးသူကလည်း မေတ္တာနှင့် ပေးခြင်းဖြစ်သည်။

သူသည် သားဖြစ်သူ ယန်ချင်ကန့်ကို အမိန့်ပေးလိုက်၏။

"ကဲ ... သား သွားပြီး လက်ခံလိုက်ပါ ... "

ယန်ကျင်ကန်က ရှေ့သို့တိုးလာ၏။ ထို့နောက် ကျုံဖေအား ဒူးထောက် ဂါရဝပြုလိုက်၏။ ပြီး ဆေးပုလင်းကို ရိုသေစွာ လက်ခံလိုက်သည်။



ယန်ကျင်ကန်သည် ထူးထူးခြားခြားရရှိသော ပုလင်းကလေးအား သေချာစွာကြည့်လိုက်သည်။

ပုလင်းထဲမှ ဆေးအနံ့မှာ မွှေးကြိုင်သင်းပျံ့နေသည်။ ထူးခြားသောရနံ့ ဖြစ်သည်။

ထိုအနံ့ကြောင့် ဦးခေါင်းတစ်ခုလုံး ကြည်လင်သွားသည်။

ယန်ကျင်ကန်မှာ ထိုဆေးလုံးများသည် အစွမ်းထက်သော ဆေးလုံးများဖြစ်ကြောင်း ထိုရနံ့ကြောင့်ပင် သိရှိခွင့်ရလိုက်လေ၏။ သူရရှိသော လက်ဆောင်ကား သူ့ဘဝအတွက် တန်ဖိုးရှိလှကြောင်း နားလည်သဖြင့် ကျုံဖေကို ထပ်ခါတလဲလဲ ဂါရဝပြုမိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျုံဖေက ယန်ချင်ထန်ဘက်လှည့်ကာ ....

"ကဲ .... သမီး ကျန်သေးတယ် .... ပြနိုင်းပါဦး .... "

ယန်ချင်ထန်က ခေါင်းညိတ်၍ သမီးဖြစ်သူအား အမိန့်ပေးလိုက်၏။

"သမီးရေ .... သမီးရဲ့ ဘတာကို နည်းနည်းပြသပြီး အဆုံးအမခံယူလိုက်ပါဦး .... "

ယန်လီကျူးက ရှေ့သို့ထွက်လာ၏။ ထို့နောက် ခါးကြားမှ ဓားနှစ်လက်ကို ဆွဲထုတ်လိုက်သည်။ သူမ၏ ဓားနှစ်လက် အမည်မှာ နေနှင့်လ ဖြစ်သည်။ သူမသည် နေလဓားနှစ်လက်ကို ကြက်ခြေခတ်မြှောက်ကိုင်ပြီး ကျုံဖေအား ဂါရဝပြုလိုက်၏။

ထို့နောက် သူမ၏ နွဲ့နှောင်းသော ခန္ဓာကိုယ်လေးကို တစ်ချက်လှည့်လိုက်သည်။

ညှို့ခန်းထဲ၌ ဓားရောင်များ လင်းလက်သွားသည်။

ယန်လီကျူးမှာ သူမ အကျွမ်းဆုံး ဓားနှစ်လက်ပညာကို ပြသခွင့်ရသဖြင့် မျက်လုံးများ အရောင်တောက်နေ၏။



ဓားနှစ်လက်ပညာနှင့် ကိုယ်ဖော့ပညာကို ပေါင်းစပ်ကာ သွက်လက်စွာ ကစားပြသည်။

ယန်လီကျူ ဓားကွက်များမှာ ရန်သူအား တိုက်ခိုက်ရာမှ မည်မျှ အရာရောက်မရောက် မသိရသော်လည်း အလွန်လှပသည်ကား အမှန်ဖြစ်ပေသည်။

ဓားသိုင်းကစားနေသည်နှင့် မတူဘဲ ကပြနေသည်နှင့်ပင် တူပေသည်။

ယန်လီကျူးက သိုင်းကွက်သုံးဆယ်ခန့် ကစားပြပြီးနောက် ရပ်တန့်လိုက်လေ၏။

ကျုံဖေက ခေါင်းတစ်ချက် ခါယမ်းလိုက်၏။

"လိုသေးတယ် .... "

ယန်လီကျူးမှာ ရှက်သွား၏။

ကျုံဖေက ထပ်မံတိုက်တွန်း၏။

"ကဲ .... သမီး နောက်တစ်ခေါက်ထပ်ပြီး ကစားပြပါဦး"

ယန်လီကျူးမှာ ရှက်နေသဖြင့် ယခုတစ်ခေါက်၌ ပို၍ လျင်မြန်သွက်လက်စွာ ကစားပြလိုက်သည်။

ကျုံဖေသည် ခေါင်းတဆတ်ဆတ်ညိတ်ပြီး ကြည့်နေရာမှ ရုတ်တရက် ထရပ်လာလေ၏။

ယဉ်ကျေးသိမ်မွေ့သော မိသားစုမှ ပေါက်ဖွားလာသဖြစ်၍ ယန်လီကျူးက ကျုံဖေအား ဂါရဝပြုလိုက်သည်။

"သမီးကို လက်ဆောင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဘဘရှင့် .... ”

ယန်ချင်ထန်၏မျက်နှာမှာ ပြုံးရွှင်နေ၏။

သိုင်းလောက၌ ကျော်ကြားသော ဓားသမားသူရဲကောင်းတစ်ယောက်၏ လက်ဆောင်များသည် မြတ်နိုးဂုဏ်ယူဖွယ်ရာများ ဖြစ်နေသည် မဟုတ်ပါလော။

ထိုစဉ် သူသည် တူမဖြစ်သူ ယိဖျောင်းရှမ်းအား သတိရလိုက်၏။ ယိဖျောင်းရှမ်းသည် သူ့သားနှင့် သမီးထက်ပင် သိုင်းပညာ ဝါသနာပါကြောင်း သူ သိသည်။

“အင်း .... တော်ပါသေးရဲ့ .... အချိန်မီ သတိရပေလို့ .... ”

သူက ယိဖျောင်းရှမ်းကိုလည်း သို့မှသာ သူ၏ တူမလေးပြသစေရန် ဆုံးဖြတ်လိုက်သည်။ သို့မှသာ သူ၏ တူမလေးသည်လည်း သူ၏ သားသမီးများနည်းတူ လက်ဆောင်တစ်ခုခုရရှိနိုင်မည် မဟုတ်ပါလော။

ယန်ချင်ထန်က ယိဖျောင်းရှမ်းဘက်သို့လှည့်ကာ အမိန့်ပေးလိုက်၏။

“တူမလေး .... မင်းလည်း မင်းတတ်ကျွမ်းတဲ့ ပညာတစ်ခုခုဟောဒီက ဘဘကို ပြသလိုက်ပါဦး .... ”



ယိဖျောင်းရှမ်းက ညှော်ခန်းအလယ် ထွက်လာ၏။

ထို့နောက် ကျုံဖေအား ဂါရဝတစ်ချက်ပြုလိုက်သည်။

“လက်နက်မဲ့သိုင်းပညာနဲ့ ဓားပညာကို ကျွန်မရဲ့ မောင်လေးနဲ့ ညီမလေးက ပြပြီးသွားပြီဆိုတော့ .... ”

သူမက တစ်ချက်စဉ်းစားလိုက်သည်။

ပြီးမှ စကားဆက်လိုက်၏။

“အဲဒီသိုင်းပညာတွေ ထပ်မပြတော့ပါဘူး .... ဖေဖေ့ရဲ့ လက်နက်ပုန်းပညာကိုပဲ ကျွန်မက ပြသပါ့မယ် .... လိုအပ်တာကို ဘဘကပဲ ဆုံးမပဲ့ပြင်ပေးပါရှင့် .... ”

ကျုံဖေက ပြုံး၍ ခေါင်းညိတ်ပြလေ၏။

ယန်ကျင်ကန်က အားပေးသည့်အနေဖြင့် လက်ခုပ်တီးလိုက်၏။ ယန်လီကျုံက ယိဖျောင်းရှမ်း၏ သံလုံးအိတ်နှင့် လေးကို လှမ်းပေး၏။

ယိဖျောင်းရှမ်းက သံလုံးအိတ်ကိုသာယူပြီး လေးကိုမူ စားပွဲပေါ်တင်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူမက လက်နက်ပုန်းပစ်ရန် ပစ်မှတ်ကို လှည့်ပတ်ရှာဖွေလိုက်သည်။

ဧည့်ခန်း၏ အပြင်ဘက် လေကားရင်း၌ ပန်းအိုးများကို တွေ့လိုက်ရသည်။ ပန်းအိုးမှာ လေးလုံးဖြစ်သည်။ ပန်းပင်တိုင်း ပန်းများပွင့်နေသည်။ ပန်းပွင့်များကို ပစ်မှတ်အဖြစ် သတ်မှတ်ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် သူမက ဦးလေးယန်ချင်ထန်ဘက်သို့ လှည့်လိုက်ပြီး ....

"ဦးလေး .... ကျွန်မ ဟောဟိုက ပန်းအိုးလေးလုံးကို ပစ်မှတ်အဖြစ် သုံးချင်ပါတယ် .... ပန်းတွေ ပျက်စီးသွားမှာမို့ ခွင့်ပြုနိုင်ပါ့မလား ဦးလေး .... "

ပန်းအိုးတွင်းရှိ ပန်းများမှာ ခရေပန်းပွင့်အရွယ်ရှိသော အဝါရောင် ပန်းကလေးများဖြစ်သည်။

ထို့အပြင် ရှားပါးသော ပန်းများလည်း ဖြစ်နေပြန်သည်။ ထို့ကြောင့် အခွင့်တောင်းရခြင်း ဖြစ်ပေသည်။

ယန်ချင်ထန်က ရယ်မောကာ ခွင့်ပြု၏။

"ကိစ္စမရှိပါဘူး .... တူမကြီးပညာ ပြသာပြ .... ဒါက အသေးအဖွဲပါ .... "

ယိဖျောင်းရှမ်းကယန်လီကျူကိုခေါ်ကာပန်းအိုးအနီး လျှောက်သွားလိုက်သည်။

ထို့နောက် ပန်းအိုးတွင်းမှ ပန်းများကို ရေတွက်လိုက်သည်။

ပန်းအိုးတစ်အိုး၌ ပန်းပွင့်လေးပွင့်မျှသာရှိသည်။



အားလုံးပန်းပွင့် တစ်ဆယ့်ခြောက်ပွင့်ရှိသည်။

ယိဖျောင်းရှမ်းက ကျူဖေအား ပြောလိုက်၏။

"ဒီပန်းပွင့်တွေကို ကျွန်မက လက်နက်ပုန်းနဲ့ တစ်ကြိမ်တည်း ပြပါ့မယ် .... "

ယန်ချင်ထန်က သူ၏တူမစကားကြောင့် မျက်လုံးပြူးသွား၏။

ပန်းပွင့်များမှာ သေးငယ်၏။

ထို့အပြင် ပန်းပွင့်များမှာ ပန်းရွက်များအကြား၌ ပွင့်နေခြင်း သည်။

ထို့အပြင် ပန်းပွင့်များမှာ တစ်အိုးထဲ၌ မဟုတ်ပါ။ ပန်းအိုးလေး အတွင်း၌ ဖြစ်သည်။

ယန်ချင်ထန်က သူ၏တူမလေး အပြောကြီးသွားပြီဟု ယူဆ က်သည်။

အကယ်၍ ယိဖျောင်းရှမ်းမှာ သူမ၏ ဖခင်ယိထင်းဟောင်း၏ ာကို အကုန်အစင် တတ်မြောက်ခဲ့မှန်း သိလျှင်တော့ စိတ်ပူမိမည် တ်ပါ။

ထိုအချိန်၌ ယိဖျောင်းရှမ်းက ဧည့်ခန်းအတွင်း ပြန်ဝင်လာ၏။

ထို့နောက် ပန်းအိုးနှင့် ခြေလှမ်းဆယ်လှမ်းအကွာ၌ ရပ်လိုက် ည်။ သူမက ပန်းအိုးလေးလုံးအား စူးစိုက်စွာ တစ်ချက်စိုက်ကြည့် က်၏။

ထို့နောက် လက်နှစ်ဘက်ကို လျှပ်တစ်ပြက် ဝှေ့ယမ်းလိုက် လသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝှစ် .... ဝှစ် .... ဝှစ် .... "

ပန်းအိုးထဲမှ အရွက်များမှာ ယိမ်းယိုင်သွား၏။

မြင်တွေ့နေသော ပန်းပွင့်ကလေးများ ပျောက်ကွယ်သွားသည်။

ယန်လီကျူးက လက်ခုပ်တီးကာ ....

"မမ တကယ်တော်တာပဲ .... "

ဟု အားရဝမ်းသာ ချီးကျူးလိုက်လေသည်။

ထို့နောက် သူမက ပန်းအိုးဆီသို့ ပြေးသွားသည်။ ကြွေကျနေသော ပန်းပွင့်များအား ကောက်ယူလိုက်သည်။ အားလုံးတစ်ဆယ့်ခြောက်ပွင့်တိတိ။

တစ်ပွင့်မျှ ကျန်ခဲ့ခြင်း မရှိပါ။ ပစ်မှတ်တစ်ဆယ့်ခြောက်ခုကို ယီဖျောင်းရှမ်း ပစ်ခတ်နိုင်ခြင်း ဖြစ်ပါသည်။

ယီဖျောင်းရှမ်းမှာ ကျေနပ်သွားသည်။ မောင်စန်းတောင် သူကောင်းရှေ့၌ သူမ၏ ပစ်ချက်တစ်ခုမျှ မလွဲသဖြင့် မျက်နှာရသည်ဟု ထင်မှတ်မိသည်။

သူမက ကျိုဖေတစ်ယောက် သူ့အား ချီးမွမ်းလိမ့်မည်ဟုလည်း ယူဆလိုက်ပြီး ကျိုဖေဘက်သို့ လှည့်ကြည့်လိုက်မိသည်။

သို့သော် ကျိုဖေက ခေါင်းကို ခါယမ်းနေသည်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွား၏။

ကျိုဖေက ....

"အင်း .... မိန်းကလေးရဲ့ လက်နက်ပုန်းတွေက တို့ကျွမ်း



ကန်ပါတယ် .... ဒါပေမယ့် ရန်သူနဲ့ တိုက်ခိုက်တဲ့အခါ မင်းရဲ့ သံလုံးတွေက အသုံးဝင်မှာ မဟုတ်ပါဘူး .... အလကားပဲ .... "

ယန်ချင်ထန်မှာ ကျိုဖေ၏ စကားကြောင့် ကြောင်သွားသည်။

ယန်လီကျူးမှာလည်း ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

ယီဖျောင်းရှမ်းမှာလည်း မျက်နှာပျက်သွားသည်။

အမှန်စင်စစ် ယီဖျောင်းရှမ်း၏ ပြသကွက်သည် ယန်လီကျူးနှင့် ယန်ကျင်ကန်တို့ ပြသသွားသော သိုင်းပညာများထက် ပို၍ အဆင့်မြင့်သည်။ ယီဖျောင်းရှမ်း ဝမ်းနည်းသွား၏။ သူမသည် တစ်ကောင်ကြွက်ကဲ့သို့ အဝပျက်နေခဲ့ရသူ မဟုတ်ပါလော။ အားနည်းချက်ရှိသဖြင့် သူမ လွန်စွာထိခိုက်သွားသည်။ သူမ၏ မျက်နှာမဲ့ခြင်းအတွက် မောင်စန်းတောင် သူရဲကောင်းက သူမအား အပြစ်တင်ခြင်းသာ ဖြစ်သည်ဟု သူမ တွေးလိုက်မိသည်။

ထိုစဉ်မှာပင် ယန်လီကျူး၏အသံက ထွက်ပေါ်လာ၏။

"ဘာ .... မမယီဖျောင်းရှမ်းရဲ့ လက်နက်ပုန်းပညာက ဘာလို့ အသုံးမဝင်ဘူးလို့ ပြောရတာလဲ .... "

ကျိုဖေက ရယ်မောရင်း ....

"သြော် .... မင်းတို့က ဗဟုသုတမရှိသေးလို့ပါ .... လူတစ်ယောက်ဟာ လက်နက်ပုန်းပစ်ရင် အချိန်အဆနဲ့ ပစ်ရတာပဲ .... အခုဒီပန်းပွင့်လေးတွေဟာ သေးတာမှန်တယ် .... တစ်နေရာစီရှိတာမှန်တယ် .... ဒါပေမယ့် သူတို့က သက်မဲ့တွေ .... "

ယန်လီကျူးက ....

www.burmeseclassic.com

www.burmeseclassic.com



"ဘာဘာ ဘာကိုဆိုလိုတာလဲ .... "

ကျုံဖေက ....

"လူဟာ သက်မဲ့မဟုတ်ဘူး .... လှုပ်ရှားနေတာ အဆင့်မြင့် သိုင်းသမားဆိုရင် လှုပ်ရှားမှုက ပိုမြန်တယ် .... အခု ပန်းပွင့်က လှုပ်ရှားမှု မရှိဘူး .... ဒီတော့ အချိန်အဆကောင်းရင် ထိမှာပဲ .... ဒီလောက်ပညာက ကကြီးရေကအဆင့်ပဲ ရှိသေးတယ် .... "

ယိဖျောင်းရှမ်း၏မျက်နှာမှာ ရဲခနဲ ဖြစ်သွား၏။ သူမက ကျုံဖေ၏စကားကို မငြင်းလိုပါ။ သူမ မိတ္တာကောင်များနှင့် တိုက်ခိုက်စဉ်က သူမ၏ လက်နက်ပုန်းသီလုံးများသည် လွဲချော်ခဲ့သောအကြိမ် မနည်းလှပါ။ မခံချင်စိတ်နှင့် ဝမ်းနည်းစိတ်တို့က သူမအား ခွန်းတုံ့ပြန်ရန် တိုက်တွန်းလာသည်။

"ဘာ ကျုံဖေကတော့ သိုင်းလောကမှာ နာမည်ကျော်ခဲ့တဲ့ သိုင်းသမားတစ်ယောက်ပဲ .... ဘာရဲ့ လက်နက်ပုန်းပညာကတော့ သိပ်ထူးဆန်းမှာပဲနော် .... "

သူမ၏စကားကြောင့် ယန်ချင်ထန်မှာ မျက်နှာပျက်သွား၏။ ဧည့်သည်ဖြစ်သူအား ဤသို့ပြောခြင်းမှာ တစ်နည်းအားဖြင့် သွယ်ဝိုက်၍ စိန်ခေါ်ခြင်းဖြစ်ကြောင်း သူ နားလည်ပေသည်။

ယိဖျောင်းရှမ်း၏စကားမှာ ချိုသာသော်လည်း အဓိပ္ပာယ်ကမူ ရှင်းရှင်းလင်းလင်းပင်။ ကျုံဖေအား စိန်ခေါ်လိုက်သည့် စကားပင်ဖြစ်သည်။

ကျုံဖေမှာ သူ၏မိတ်ဆွေ ဖြစ်သော်လည်း စိတ်ထားက ထူး



ဆန်းသူတစ်ယောက် ဖြစ်သည်။

ယခုလို စိန်ခေါ်သောကြောင့် ဒေါသထွက်မည်ကိုလည်း စိုးရိမ်မိသည်။

သို့သော် သူ အလကား စိတ်ပူနေခြင်းသာဖြစ်ကြောင်း ချက်ချင်း သိလိုက်ရ၏။

ကျုံဖေက စိတ်လွတ်ကိုယ်လွတ် ရယ်မောသည်။ ယိဖျောင်းရှမ်းကို အပြစ်တင်ဟန်လည်း မရှိချေ။

"အင်း .... သမီးတို့ လူငယ်တွေက အပြောထက် လက်တွေ့ကို ပိုပြီး နှစ်ခြိုက်ကျတာ သဘာဝပါပဲလေ .... ကဲ .... ဘာက သမီးတို့ စိတ်ကျေနပ်အောင် ပညာလေး ဘာလေး ပြရသေးတာပေါ့"

ဟန်ချင်ထန်မှာ ကျုံဖေ၏စကားကြောင့် စိတ်သက်သာရာရသွားသည်။ ကျုံဖေက ယန်ချင်ထန်ဘက်သို့လှည့်ကာ ....

"ကဲ .... သူငယ်ချင်း .... ငါ့ကို တစ်ခုကူညီပါဦး .... "

"ဘာကူညီရမှာလဲ .... "

ကျုံဖေက ....

"ပန်းကန်ပြားနှစ်ချပ်နဲ့ သကြားအပြည့်ထည့်ပြီး ယူပေးပါလား"

"ရပါတယ် .... ဒါ ခက်ခဲတဲ့ကိစ္စမှ မဟုတ်တာ .... "

သူက အိမ်ဖော်နှစ်ယောက်ကို လှမ်းခေါ်ပြီး သကြားပန်းကန်နှစ်ချပ် ယူလာရန် အမိန့်ပေးလိုက်သည်။ မကြာမီ အိမ်ဖော်က သကြားပန်းကန်နှစ်ချပ် ယူလာသည်။

ကျုံဖေက ....

www.burmeseclassic.com

www.burmeseclassic.com



"အေး .... အဲဒီ ပန်းကန်ပြားနှစ်ချပ်ကို ပန်းအိုးတွေထဲ သွားပြီး ထားလိုက်ပါ .... "

အိမ်ဖော်က အမိန့်အတိုင်း ထားပေးသည်။

ယိဖျောင်းရှမ်းက ကျုံဖေပြုမူသမျှ သေချာစွာဂရုစိုက်ကြည့်သည်။ သို့သော် ကျုံဖေ ဘာလုပ်မည်ကို သူမက ကြိုတင်မခန့်မှန်းနိုင်ချေ။

သကြားပန်းကန်နှစ်ချပ်မှာ ပန်းအိုးနှစ်လုံးအတွင်း၌ ရှိနေသည်။ ကျုံဖေက သကြားနှစ်ပန်းကန်အား ကြည့်ပင်မကြည့်တော့ဘဲ ယန်ချင်ထန်နှင့် အေးအေးဆေးဆေး ပြောဆိုနေလိုက်လေသည်။ ယိဖျောင်းရှမ်း၊ ယန်ကျင်ကန်နှင့် ယန်လီကျူတို့သည် ကျုံဖေ၏ အပြုအမူကို နားမလည် သဘောမပေါက်ဘဲ ဖြစ်နေ၏။ သို့သော် မေးလည်းမမေးဝံ့ချေ။ သတိလည်း မပေးဝံ့ပေ။ ကျုံဖေကမူ ယန်ချင်ထန်းနှင့် ရှေးဟောင်းနောင်းဖြစ်များကို ပြန်လည်စကားလက်ဆုံကျနေသည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။ လူငယ်များက ကျုံဖေကိုသာ ကြည့်နေမိကြသည်။ ကျုံဖေက ယန်ချင်ထန်နှင့် စကားပြောနေရာမှ ယိဖျောင်းရှမ်းတို့ဘက်သို့ လှည့်လိုက်ပြီး ....

"သြော် .... သမီးတို့ စောင့်နေရတာ စိတ်မရှည်တော့ဘူးနဲ့ တူတယ် .... ဘဘက ပစ်မှတ်ကို စောင့်နေတာပါ .... အခုလောက်ဆိုရင် ပစ်မှတ်တွေရပြီပေါ့ .... "

ယိဖျောင်းရှမ်းတို့အားလုံး သကြားပန်းကန်များကို လှမ်းကြည့်မိကြသည်။



သကြားပန်းကန်များပေါ်၌ ယင်ကောင်များ ပျံ့ဝဲနေချေပြီ။

ကျုံဖေက ကုလားထိုင်များအား နောက်သို့ဆုတ်၍ ထိုင်လိုက်၏။ သူ၏ နေရာနှင့် ပန်းအိုးမှာ ခြေလှမ်းသုံးဆယ်ခန့် ကွာဝေးသည်။

ကျုံဖေက ယိဖျောင်းရှမ်းအား ....

"ကြည့်ကြ .... ဘဘရဲ့ လက်နက်ပုန်းပစ်လိုက်ပြီ .... "

ဟု ပြောရင်း လက်ကို ဝှေ့ယမ်းလိုက်ပြန်သည်။

"ဝှစ် .... ဝှစ် .... ဝှစ် .... "

ဟူသော အသံများထွက်ပေါ်လာပြီး ပျံ့ဝဲနေသော ယင်ကောင်များ တဖြုတ်ဖြုတ် ပြုတ်ကျကုန်ပြန်သည်။

ယင်ကောင်များမှာ ပြုတ်ကျသွားသော်လည်း မြေပေါ်သို့ကျခြင်း မရှိပါ။ ထို့အတူ ပန်းကန်ပြားထဲ၌လည်းကောင်း၊ ပန်းအိုးထဲ၌လည်းကောင်း ကျသွားခြင်း မရှိပါ။

သစ်ရွက်များပေါ်၌သာ တင်နေသည်။

ကျုံဖေက ....

"ကဲ .... တော်လောက်ပြီ .... ယင်ကောင် ဆယ့်ငါးကောင်ဆိုတာ မနည်းလှပါဘူး .... "

ယိဖျောင်းရှမ်းက ကျုံဖေ အပစ်ရပ်ပြီဆိုသည်နှင့် သူမက အရင်ဆုံး ပြေးသွားကာ သွားကြည့်လိုက်၏။

ယိဖျောင်းရှမ်းမှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ပန်းရွက်ပေါ်၌ကျနေသော ယင်ကောင်များမှာ ဆယ့်ငါးကောင်တိတိ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ခန္ဓာကိုယ်၌ အလွန်တရာ သေးငယ်လှသော အပ်ငယ်ကလေးများ စိုက်ဝင်နေ၏။

ထိုမျှသာမက သစ်ရွက်ကိုပါ စိုက်ဝင်နေခြင်း ဖြစ်သည်။

မည်သည့်ယင်ကောင်မှ သစ်ရွက်ပေါ်မှလွဲ၍ ကျခြင်းမရှိပါ။

ယိဖျောင်းရှမ်းမှာ အကျော်အမော် သိုင်းသူရဲကောင်းကို ပထမဆုံးအကြိမ် တွေ့ကြုံရခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ အဆင့်မြင့်သော 'လက်နက်ပုန်းပညာကို ယခင်က မမြင်ဖူးခဲ့ပါ။

စောစောက သူမပြသခဲ့သော လက်နက်ပုန်းပညာနှင့် ယှဉ်လျှင် သူမ၏ပညာမှာ များစွာနိမ့်နေကြောင်း သဘောပေါက်လိုက်ပါသည်။



ယိဖျောင်းရှမ်းက ဧည့်ခန်းအတွင်းသို့ ပြန်ဝင်လာ၏။

ထို့နောက် ကျုံဖေ၏ရှေ့၌ ဒူးထောက်ချလိုက်သည်။

"ဘဘရဲ့ လက်နက်ပုန်းပညာဟာ တကယ့်ကိုပဲ အဆင့်မြင့်လှပါတယ် .... ကျွန်မကို သင်ပြပေးပါလို့ တောင်းပန်ပါတယ် .... "

ကျုံဖေက အားရပါးရ ရယ်မောလိုက်သည်။

ထိုအခိုက် ယန်ချင်ထန်တို့ သားအဖကလည်း ကျုံဖေ၏ လက်နက်ပုန်းပညာကိုကြည့်ကာ ပြန်ဝင်လာ၏။

ယန်ချင်ထန်က ....

"ကျုပ် ဒီလက်နက်ပုန်းပညာကို ဟိုတုန်းကတော့ ကြားဖူးတယ် .... ဒါပေမယ့် တစ်ခါမှ မမြင်ဖူးဘူးဗျာ .... "

ယန်ချင်ထန်က ပြောင်မချီးကျူးပါ .... သို့သော် ပြောင်ချီးကျူးသလိုပင် ထိရောက်မှုရှိပါသည်။

ထို့နောက် သူ၏ သားသမီးများဘက်သို့ လှည့်ကာ ....

"ဟဲ့ .... မင်းတို့က စောစောတုန်းက ဖိယွင်ဖု တံငါရွာကိုသွားပြီး မိစ္ဆာတွေနဲ့ တိုက်ခိုက်ချင်တာ .... မင်းတို့ပညာက ဘယ်လောက်

www.burmeseclassic.com



အစွမ်းအစရှိသေးလို့လဲ .... ဒီတော့ မင်းတို့ ဘာဘာဆီမှာ ပညာဆက်ပြီး သင်ကြပါ .... ဂျူဖေ .... ခင်ဗျား ဒီမှာ မိစ္ဆာကို စုံစမ်းမှာဆိုတော့ ကြာဦးမယ် မဟုတ်လား .... ”

ကျူဖေက ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် ဒူးထောက်နေသော ယိဖျောင်းရှမ်းအား ဖေးမ၍ကာ

“ကဲပါ ထားပါဦး .... ငါတစ်သက်လုံး ဘယ်သူ့ကိုမှ မကြောက်ဘူး .... ဒါပေမယ့် ငါ့ကို ဒူးထောက်တာတော့ ငါအကြောက်ဆုံးပဲ၊ မင်းကို ငါ့လက်နက်ပုန်းပညာ သင်ပေးပါမယ်၊ သိုင်းပညာကို တကယ် လိုလားတဲ့ ဘယ်သူမဆို ငါ သင်ပေးဖို့ ဝန်လည်းမလေးပါဘူး .... ”

ကျူဖေ၏စကားကြောင့် ယိဖျောင်းရှမ်းမှာ ဝမ်းသာသွား၏။

ယန်ချင်ထန်တို့ သားအဖမှာလည်း ဝမ်းသာပျော်ရွှင်သွားကြတော့သည်။



အခန်း(၂၀)

ခြေရာပျောက်သူများ

နင်ပိုမြို့၌ အာဏာပိုင်များနှင့် တာဝန်ရှိသူများ ခြေချင်းလိမ်နေကြသည်။

မြို့စောင့်စစ်သားများမှာလည်း လှုပ်လှုပ်ရှားရှား ဖြစ်နေပါသည်။

နင်ပိုမြို့ ငွေတိုက်လုယက်သွားသော အမှုအား အမြန်ဆုံးဖော်ထုတ်ရန် နယ်စားကြီးက နင်ပိုမြို့စားကြီးအား ကြိမ်းမောင်းသတိပေးလာသောကြောင့် ဖြစ်ပါသည်။

သို့သော် နင်ပိုမြို့မှ ငွေသေတ္တာများကို လုယက်သွားသည့် မိစ္ဆာကောင်များအား ယခုအထိ ခြေရာခံ၍ မရသေးချေ။ သဲလွန်စဟူ၍လည်း တစ်ခုမျှ မရရှိသေးချေ။ မြို့စားကြီးတော်ပလာမှာလည်း ခေါင်းခြောက်နေသည်။

သူက မိမိ၏ စစ်သားများကိုသာမက ကျယ်ကျန့်ပြည်နယ်အတွင်းရှိ အခြားသော မြို့ရွာများမှ စစ်သားများကိုပါအညီ တောင်းခံ

www.burmeseclassic.com



နေရတော့သည်။

တစ်ညတွင်မူ ထူးခြားမှုတစ်ခု ဖြစ်ပေါ်လာ၏။

လမှာ လကွေးလေးသာရှိသည်။ သို့သော် နင်ပိုမြို့ကလေးကိုမူ ရေးရေးမျှသော အလင်းရောင်ပေးစွမ်းနေ၏။

နင်ပိုမြို့ကလေးအတွင်း .... မြို့စောင့်စစ်သားများသည် နှစ်ယောက်တစ်ဖွဲ့၊ သုံးယောက်တစ်ဖွဲ့ ဆိုသလို ညအမှောင်အောက်၌ လှုပ်ရှားသွားလာနေကြသည်။ သူတို့သည် လူများ၏ လှုပ်ရှားမှုကို လှည့်လည်အကဲခတ်နေခြင်းသာ ဖြစ်သည်။ အထူးသဖြင့် နင်ပိုမြို့ကလေး၏ ဆိပ်ကမ်းနေရာများ၊ မြို့စွန်နေရာများကိုသာ အဓိကထား၍ စောင့်ဆိုင်းကြည့်ရှုနေကြခြင်း ဖြစ်သည်။

"နင်ပို"စားသောက်ဆိုင်။

နင်ပိုစားသောက်ဆိုင်သည် ညပိုင်း၌ဖွင့်သောဆိုင် ဖြစ်၏။ ထိုဆိုင်မှာ အစားအသောက်၊ အရက်၊ အားလုံးရသည့်အပြင် ရှူးဟောင်း ကချေသည်ဖြင့်လည်း ဖျော်ဖြေသောဆိုင်ဖြစ်သည်။ ထို့ကြောင့် ထိုဆိုင်၌ လူစည်ကားသည်။

နင်ပိုစားသောက်ဆိုင်၏ ငါးဟင်းမှာ နာမည်ကျော်ကြား၏။ လူကြိုက်များ၏။ ယနေ့ညတွင်လည်း နင်ပိုစားသောက်ဆိုင်အတွင်း၌ လူလေးဆယ်ခန့်ရှိနေသည်။ ညသန်းခေါင်အချိန်ပင် လွန်လာခဲ့လေပြီ။

လူများမှာ စားသောက်ရင်း ကချေသည်များ၏ အကကို ကြည့်ရှုနေကြ၏။

နင်ပိုစားသောက်ဆိုင်၏ အဝင်ဝဘေးဘက်ရှိ စားပွဲတစ်လုံး၌ လူလေးယောက်ထိုင်နေသည်။ ထိုလူလေးယောက်မှာ မြို့စောင့်စစ်သားများပေတည်း။ ထိုအထဲမှ ခေါင်းဆောင်ဖြစ်သူမှာ 'ဟိုချစ်'ပင်ဖြစ်ပါသည်။



ဟိုချစ်မှာ စားသောက်ဆိုင်အတွင်း၌ ငြိမ်သက်စွာထိုင်နေသည်။ သို့သော် သူ၏မျက်လုံးအစုံကမူ ငြိမ်မနေပါ။ စားသောက်ဆိုင်အတွင်းမှ လူများကို အကဲခတ်နေသည်။ သို့သော် သူက အကဲခတ်နေသည်မှာ အပိုဖြစ်ကြောင်းကိုလည်း နားလည်ထား၏။

အဘယ်ကြောင့်ဆိုသော် ဤစားသောက်ဆိုင်အတွင်းရှိ လူအားလုံးမှာ ဤမြို့ကလေးမှ လူများဖြစ်နေသောကြောင့်တည်း။

လူစိမ်းဟူ၍ တစ်ယောက်မျှ မရှိပါ။

"တုံ ...."

အဝေးမှ အုန်းမောင်းသံတစ်ချက် ထွက်ပေါ်လာ၏။

အုန်းမောင်းသံအဆုံး၌ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကို ကျယ်လောင်စွာ ကြားလိုက်ရသည်။ ခွေးများမှာ မကောင်းဆိုးဝါးကို တွေ့လိုက်ရသည့်အလား အူသံမဆုံးပေ။

ခွေးအူသံမှာ နင်ပိုစားသောက်ဆိုင်ကလေးအတွင်းသို့ ပျံ့လွင့်ဝင်လာ၏။

လူအားလုံးလိုလိုမှာ ခွေးအူသံကြောင့် ကြက်သီးထသွားသည်။

ထိုအချိန်၌ လေအေးတစ်ချက်က ဝှေ့ယမ်းတိုက်ခတ်လာ၏။

ဟိုချစ်၏ ရင်ထဲ၌ လေးလံလာသည်။ အေးစက်သော အငွေ့အသက်ကိုလည်း ခံစားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



လုပ်သက်အတွေ့အကြုံအရ အန္တရာယ်၏ အငွေ့အသက်ကိုလည်း ခံစားလိုက်ရသည်။

ဟိုချစ်သည် ကိုယ်ဟန်ကို ပြင်လိုက်ပြီး သူ့လူသုံးယောက်ကိုလည်း သတိထားရန် အချက်ပြလိုက်၏။ ရန်သူမည်သည့်နေရာက ပေါ်လာမည်တော့ မသိပါ။

ထိုစဉ် ပေါ့ပါးသောခြေသံနှင့်အတူ အမည်းရိပ်တစ်ရိပ်မှာ နှင်ပိုစားသောက်ဆိုင်ရှေ့မှ လျှပ်တစ်ပြက် ဖြစ်သွားသည်ကို လှမ်းမြင်လိုက်ရတော့သည်။

ဟိုချစ်က သူ၏အဖော်များအား မျက်ရိပ်ပြကာ ဆိုင်ပြင်သို့ ပြေးထွက်လိုက်ကြ၏။

ဆိုင်တွင်းမှ လူများသည် ပထမဦး ထိတ်လန့်သွားကြ၏။ ဟိုချစ်တို့တွေ့သည့် လူရိပ်ကို သူတို့ မတွေ့ကြပါ။ ထို့ကြောင့် သူတို့၏ မျက်လုံးများသည် ကချေသည်မလေး အင်းအင်းထံသို့ ပြန်လည်ရောက်ရှိသွားကြလေ၏။

အင်းအင်း၏ ရုပ်ရည်မှာ အတော်ပင် လှပသည်ဟု ဆိုရပေမည်။

အင်းအင်းသည် ကပြနေရင်းမှ တံခါးဝသို့ လှမ်းကြည့်မိလိုက်သည်။ တံခါးဝသို့ တစ်ချက်ကြည့်မိရုံနှင့်ပင် သူမ၏ ကပြမှုမှာ ရပ်တန့်သွားတော့၏။

"အမလေး ...."

သူမသည် စူးရှစွာ တစ်ချက်အော်ရင်း ပျော့ခွေလဲကျသွားလေတော့သည်။



အင်းအင်း၏ အော်သံကြောင့် ဆိုင်တွင်းရှိ လူအားလုံးလိုလို တံခါးဝဆီသို့ လှမ်းကြည့်လိုက်ကြလေသည်။

သို့သော် သူတို့အဖို့ မကြည့်မိသည်ကမှ ကောင်းပေလိမ့်မည်။ ကြည့်လိုက်မိသည်နှင့် အားလုံးကြက်သေ သေသွားကြတော့၏။

စားသောက်နေသူများထဲမှ သတ္တိနည်းသော လူအချို့မှာမူ ပျော့ခွေမေ့လဲသွားကြသည်။ သတ္တိကောင်းပြီး သိုင်းပညာတတ်ကျွမ်းသော လူများက ဓားကိုယ်စီ ဆွဲထုတ်လိုက်သည်။

ထို့နောက် တံခါးဝမှ တစ်လှမ်းချင်းဝင်လာသော မိစ္ဆာအား ဝိုင်းဝန်းထိုးခုတ်ကြတော့၏။

"ထန်း .... ထန်း .... ထန်း ...."

သိုင်းသမားများ၏ ဓားချက်မှာ မိစ္ဆာ၏ကိုယ်ပေါ်သို့ ကျရောက်ပါသည်။

မိစ္ဆာကလည်း ရှောင်တိမ်းခြင်းမရှိပါ။

သို့သော် ဓားများသည် မိစ္ဆာ၏ ခန္ဓာကိုယ်ထဲ စူးရှနစ်ဝင်ခြင်း မရှိပါ။

သံထည်ကို ခုတ်မိသကဲ့သို့သာ ဖြစ်နေသည်။

မိစ္ဆာသည် သိုင်းသမားများကို လုံးဝဂရုမထားချေ။ လဲကျနေသော အင်းအင်းဆီသို့ ခုန်ဝင်ပွေ့ချီကာ ပြန်လည်ပြေးထွက်သွားသည်။

စောစောက ထိုးခုတ်သူများသည် သူတို့၏ ဓားချက်က မိစ္ဆာအား မည်သို့မျှ မထိခိုက်စေသဖြင့် ဆက်မလိုက်ဝံ့တော့ချေ။ ဤသို့ဖြင့် မိစ္ဆာလည်း အမှောင်ထဲ၌ ပျောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာက ရှေ့မှ ပြေးသည်။ ဟိုချစ်နှင့် စစ်သားသုံးယောက်က နောက်မှလိုက်သည်။

ဟိုချစ်၏ ကိုယ်ဖော့ပညာမှာ မညံ့ပါ။ သို့သော် မိစ္ဆာကို သူမမီပါ။ မိစ္ဆာ ခုန်၍ ခုန်၍ပြေးပုံမှာ လွန်စွာလျှင်မြန်လှသဖြင့် နောက်ဆုံး မျက်ခြေပြတ်သွားတော့သည်။ နောက်ဆုံး၌ ဟိုချစ်တို့အုပ်စုသည် စိတ်ပျက်လက်ပျက်ဖြင့် နင်ပိုစားသောက်ဆိုင်သို့ ပြန်လာခဲ့ကြသည်။

နင်ပိုစားသောက်ဆိုင်အတွင်းမှ ဆူညံစွာ ပြောဆိုနေသံများနှင့် ရုံးစုရုံးစု ဖြစ်နေသည်ကိုလည်း လှမ်းမြင်လိုက်ကြရသဖြင့် ဟိုချစ်တို့ ကမန်းကတန်း ပြေးဝင်လာကြသည်။ ထိုအခါ လူများက စာစာကာ အဖြစ်အပျက်ကို တစ်ယောက်တစ်ပေါက် ပြောကြတော့သည်။ ဟိုချစ်သည် နင်ပိုစားသောက်ဆိုင်အတွင်းမှ အဖြစ်အပျက်ကို ကြားသိလိုက်ရသောအခါ တုန်လှုပ်သွားသည်။ သူက ချက်ချင်းပင် မြို့စားကြီး ထော်ပလာထံသို့ သတင်းပို့လိုက်သည်။

မြို့စားကြီးထော်ပလာမှာ မိစ္ဆာ၏သတင်းကို ထပ်မံကြားသောအခါ စိတ်ဓာတ်အလွန်ကျသွား၏။

သူက သက်ပြင်းတစ်ချက်ချရင်း ညည်းညူလေတော့၏။

"အင်း .... လူမဟုတ်တဲ့ မိစ္ဆာဆိုတာ အထက်ကို တို့ ဘယ်လို ယုံကြည်အောင် ပြောရမလဲ .... ဘာကောင်မှန်း မသိတာတွေနဲ့ ဖက်ပြီး ရန်ဖြစ်နေရတာတော့ အတော်ကို ဆိုးရွားတဲ့ ကိစ္စပဲ .... "

နောက်တစ်နေ့နံနက် မိုးလင်းသည်နှင့် နင်ပိုစားသောက်ဆိုင် အတွင်း မိစ္ဆာဝင်ရောက်လာပြီး ကချေသည်မလေးအင်းအင်းအား ဖမ်းဆီးသွားသော သတင်းမှာ တစ်မြို့လုံး ပျံ့နှံ့သွား၏။



ထိုသတင်းကို ယန်ချင်ထန်နှင့် ကျုံဖေလည်း ကြားလိုက်ကြရသည်။ ကျုံဖေက နင်ပိုစားသောက်ဆိုင်သို့ သွားရောက်စုံစမ်းရန် ယန်ချင်ထန်နှင့် တိုင်ပင်သည်။ ယန်ချင်ထန်ကလည်း သဘောတူ၏။

ထို့နောက် သူတို့နှစ်ယောက်သည် စားသောက်ဆိုင်ဆီသို့ သွားရောက်ကြ၏။

ညက အဖြစ်အပျက်၌ ကိုယ်တွေ့ကြုံသူ တစ်ယောက်ထံချဉ်းကပ်ပြီး သေချာစွာ မေးမြန်းကြ၏။ ထိုလူက ကိုယ်တိုင်မိစ္ဆာအား မြင်တွေ့ခဲ့ရကြောင်း၊ သို့သော် မိစ္ဆာမှာ ဂရုပင်မစိုက်ကြောင်းပြောသည်။

ကျုံဖေမှာ တွေဝေသွားသည်။ သူက ထိုလူအား ....

"တကယ်ပဲ မြင်တွေ့ခဲ့တာ သေချာသလား .... "

"ကျုပ်က သေသေချာချာ အပိုင်ခုတ်တာဗျ .... "

"ခင်ဗျား ဘယ်လိုခုတ်တာလဲ .... "

"မိစ္ဆာက ကချေသည်အင်းအင်းကို ပွေ့ယူထွက်သွားတဲ့အချိန်မှာ သူ့ရဲ့ကျောကို အပိုင်ခုတ်တာဗျ .... သို့မေမယ့် မိစ္ဆာက ဘာမှမဖြစ်ဘူး .... ကျုပ်ရဲ့ လက်မောင်းသာ ထုံကျဉ်သွားရတယ် .... "

ထိုလူ ပြောကြားချက်အရ မိစ္ဆာထူးခြားသည်မှာလည်း မှန်သည်။ သို့သော် မကောင်းဆိုးရွား မိစ္ဆာကောင်ဟူလည်း သူ မယုံကြည်ပါ။ ထို့ကြောင့် သူကိုယ်တိုင် မိစ္ဆာကောင်ကိုတွေ့မှ ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်၏။ ကိုယ်တိုင်တွေ့မှ ကိုယ်တိုင်စမ်းသပ်နိုင်မည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အိမ်သို့သာ ပြန်ခဲ့ကြရ၏။ မိစ္ဆာကောင်ကို အင်နှင့်အားနှင့် ရှာလိုက်လျှင် ယန်ချင်ထန် မိသားစုအား သိုင်းပညာတိုးတက်လာအောင် ပထမဆုံး လုပ်ရမည်ဖြစ်ကြောင်း သူ နားလည်သည်။ ထိုမိသားစု သိုင်းပညာ ထက်မြက်လာမှသာ သူတို့ တစ်စုတစ်ပေါင်းတည်း ရှာဖွေစုံစမ်းမည်ဟု ဆုံးဖြတ်လိုက်လေတော့သည်။

ယန်ကျင်ကန်မှာ ကျူဖေပေးသော အားဆေးကို နေ့စဉ်မှန်မှန် သောက်လာခဲ့ရာ သူ၏ အင်အားမှာလည်း ယခင်ကထက် ပြည့်ဖြိုးလာ၏။ အထူးသဖြင့် ကျူဖေ၏ အတွင်းအားကျင့်စဉ်ကြောင့် ပို၍ စွမ်းလာခြင်း ဖြစ်ပေသည်။

ယန်လီကျူမှာလည်း ကျူဖေထံမှ ရန်သူလက်နက်လုနည်း ဆယ့်ခြောက်ကွက်ကို ကြိုးစားသင်ယူသည်။ ထိုဆယ့်ခြောက်ကွက်မှာ လွတ်မယောင်နှင့် ခက်ခဲလှသည်။

ထိုဆယ့်ခြောက်ကွက်ကို လေ့လာကြည့်ရာ ထိုဆယ့်ခြောက်ကွက်သည် ရန်သူ၏လက်နက်ကို လုယူနိုင်သည်သာမက ရန်သူ၏ သွေးကြောကိုလည်း ပိတ်နိုင်သော ပညာဖြစ်ကြောင်း ယန်လီကျူ မသိရှိလိုက်ချေ။

ကျူဖေကလည်း စိတ်ရှည်လက်ရှည် ပြသပေး၏။

ယန်လီကျူကလည်း ကြိုးစားသင်ခဲ့ရာ ထိုဆယ့်ခြောက်ကွက်စလုံး တတ်မြောက်ခဲ့သည်။

ယိဖျောင်းရှမ်းကမူ ကျူဖေ၏ လက်နက်ပုန်းပညာကို သင်ယူသည်။



ထိုအခါမှ သူ၏ သံလုံးများမှာ အရာမရောက်ကြောင်း ပိုမို သဘောပေါက်လာ၏။

ကျူဖေ ယခင်က ပြောခဲ့သလို ကလေးကစားစရာသာသာ ဖြစ်နေကြောင်း သိလာသည်။ ထို့ကြောင့် သူသည် သံလုံးအစား အပ်ကို ကိုင်တော့၏။ သို့သော် သံလုံးသည် အဝေးပစ်ရာ၌ အသုံးဝင်ကြောင်း ကျူဖေက ရှင်းပြပြီး ပစ်ခတ်ပုံကိုပါ သင်ပေးသည်။

တစ်လကျော်ချိန်တွင် မောင်နှမသုံးယောက်သည် ယခင်နှင့် ယခု အဖြူနှင့် အမည်းပမာ ကွဲပြားခြားနားလျက် သိုင်းပညာလွန်စွာ တိုးတက်လာကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၁)

**စုံစမ်းရေးခရီးဘာဝ**

လဆုတ်ဆယ့်သုံးရက်။

ယနေ့မှာ လဆုတ်ဆယ့်သုံးရက် ဖြစ်သည်။

လရောင်မရှိသည့်အတွက် ညအမှောင်က ပို၍ သိပ်သည်း‌ေ သည်။

နင်ပိုမြို့ကလေးမှာ ညအမှောင်အောက်၌ အိပ်မောကျနေသ သို့ ရှိလေ၏။

လွန်ခဲ့သည့် တစ်လလုံးလုံး နင်ပိုမြို့ရှိ မြို့စောင့်စစ်သားများ နားရက်မရှိခဲ့ပါ။ တာဝန်ရှိသူ အာဏာပိုင်အားလုံး စိတ်ပင်ပန်း ဖြစ် ကြရသည်။ ထိုသို့ အပင်ပန်းခံသည့်တိုင် မည်သည့်သဲလွန်စမျှ မရခဲ့ ပေ။

နင်ပိုမြို့စားကြီး ထော်ပလာမှာ လွန်စွာစိတ်ဓာတ်ကျဆင်း‌ေ သည်။ သူ့ အထက်နယ်စားကြီးက နောက်တစ်လအတွင်း ငွေများနှ တရားခံများကို မထုတ်ဖော်နိုင်လျှင် သူ့အား အရေးယူမည်ဟု ပြော



ားထားသည်။ ကံမကောင်း အကြောင်းမလှလျှင် အသက်ပါ သေ သည့် အဖြစ်ပေတည်း။

မြို့စားကြီး အလွန်တရာ စိတ်ညစ်နေသဖြင့် သူ့လက်အောက် ရာရှိကြီးက စိတ်ပြေလက်ပျောက် စားပွဲကြီးတစ်ခု ကျင်းပရန် အကြံ ပေးသည်။

ထိုပွဲကို အမှီပြုပြီး စိတ်ပြေလက်ပျောက် ဖြစ်ကောင်းဖြစ်နိုင် သည်။ ထို့အပြင် မိန္တာကောင်း သတင်းတစ်စုံတစ်ရာကို ရရှိနိုင်သည်ဟု သည်း တွက်ချက်ပြသည်။ မြို့စားကြီးက သဘောတူပြီး စားပွဲကြီးကို ကျင်းပသည်။ ဧည့်ပရိသတ်များကား အထူးများပြားလှသည်။

ထိုသို့ကျင်းပနေရာ အချိန်ကြာလာသည်နှင့်အမျှ လူအားလုံးလို ကိုမှာ အနည်းငယ် မူးယစ်လာကြလေသည်။

အရက်ကလည်း ချောင်းစီးမတတ် ချထားပေးသည်ကိုး။

မြို့စားကြီး ထော်ပလာသည်လည်း မူးလာသည်။

အုန်းမောင်းနှစ်ချက်မျှ အချိန်ရောက်လာသောအခါ ဧည့်ခံပွဲ ကျင်းပရာ ခန်းမကျယ်ပြတင်းပေါက်တစ်ခု၏ အပြင်ဘက်၌ ပိန်ပိန် သည့်ရှည် အရိပ်တစ်ခု ပေါ်လာသည်။ အားလုံးလိုလိုပင် ထိုအရိပ်ကို ‌ရမိကြမိကြပါ။ ဧည့်ခန်းတွင်းရှိ ဖျော်ဖြေပွဲကိုသာ အာရုံစိုက်နေကြ သည်။ မူးသူအချို့ကလည်း အော်ဟစ်နေကြသည်။

ထိုမည်းမည်းအရိပ်မှာ ပြတင်းပေါက်နား ရောက်လာပြီး ပုန်း ဝန်သွား၏။

ထို့နောက် ရွေ့လျားခြင်းမရှိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီး ထော်ပလာ၏ဘေး၌ ထိုင်နေသော အမျိုးသမီးတစ်ယောက်က အမှတ်တမဲ့ လှည့်ကြည့်လိုက်ရာ ထိုမည်းမည်းအရိပ်ကို တွေ့မြင်သွားသည်။

ထိုအမျိုးသမီးသည် ထိုအရိပ်ကို အစောင့်စစ်သည်တစ်ယောက်ဟု ယူဆပြီး ပြန်လှည့်လိုက်၏။

သို့သော် သူမ၏ စိတ်ထဲ၌ အနည်းငယ် သံသယဝင်လာသဖြင့် နောက်တစ်ခါ ပြန်ကြည့်မိပြန်သည်။

ထိုလူ၏ ဝတ်စားဆင်ယင်ပုံမှာ တစ်မျိုးဖြစ်နေသည်။ အနီရောင် ဗိတ်စတစ်ခုအား ပတ်ထားသည်နှင့် တူ၏။

ခေါင်းပေါ်၌ ဇာအနီရောင် ဦးထုပ်တစ်လုံး ဆောင်းထားသည်။

မျက်နှာကိုလည်း ဇာအနီရောင်ဖြင့် ဖုံးကွယ်ထားလေသည်။

"ဟို .... ဟို .... ဟိုမှာ .... "

သူမက လက်ညှိုးထိုးပြီး အလန့်တကြား အော်ဟစ်မိ၏။

ဆူဆူညံညံအော်သံကြောင့် လူအားလုံးလိုလိုပင် ပြတင်းပေါက်ဆီသို့ လှမ်းကြည့်မိကြသည်။

မြို့စားကြီးကလည်း ပြတင်းပေါက်ကို တစ်ချက်ကြည့်လိုက်သည်။

လူအားလုံးပင် ထူးဆန်းသော အနီရောင်ကို တွေ့လိုက်ကြရသည်။

ထိုစဉ် ဝတ်စုံနီ လှုပ်ရှားလာလေတော့၏။

သူက ပြတင်းပေါက်လိုက်ကာကို ဆွဲဖယ်လိုက်သည်။



ထိုအခါကျမှ ဝတ်စုံနီအား သဲကွဲစွာ တွေ့မြင်လိုက်ကြရသည်။

ဝတ်စုံနီက သူ၏မျက်နှာပေါ်မှ ဇာပဝါကို ဖယ်ရှားလိုက်သည်။

သူ၏မျက်နှာကို တွေ့သောအခါ လူအားလုံးမှာ ထိတ်လန့်သွား၏။

ထိုဝတ်စုံနီ၏ မျက်နှာမှာ မွဲခြောက်နေသည်။ မျက်လုံးက လူသေမျက်လုံးမျိုး ဖြစ်သည်။ ငြိမ်နေသည်။

လူကောင်းတစ်ယောက်နှင့် မည်သို့မျှ မတူဘဲ၊ အလောင်းတစ်ကောင်နှင့်သာ တူနေသည်။

ပထမပိုင်း၌ လူအားလုံး မှင်တက်ငေးကြောင်နေမိကြသည်။ အတန်ကြာမှ အထိတ်တလန့် အော်ဟစ်မိကြတော့သည်။

"မိစ္ဆာ .... မိစ္ဆာ .... "

ဝတ်စုံနီမှာ သူတို့ထံမှ ဆူညံသံများ ထွက်လာသည်နှင့် ပြတင်းပေါက်ကို ရိုက်ချလိုက်သည်။

"ဝုန်း .... "

ပြတင်းပေါက်တံခါးရွက်မှာ ကျိုးပဲ့သွား၏။

ထို့နောက် သူ၏ ချွန်ထက်နေသော လက်သည်းများနှင့် အထဲရှိ လူများကို လှမ်းကုတ်ဆွဲသည်။

အထဲရှိလူများက ကြောက်လန့်တကြားနှင့် နောက်ဆုတ်သွားကြ၏။

ထွက်ပြေးသူများက ထွက်ပြေးကြသည်။ မိစ္ဆာသည် အများရှေ့၌ တကယ်ပင် ထွက်ပေါ်လာပြီ မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းရှိ လူများမှာ ငှက်ဖျားတက်နေသလို တစ်ကိုယ်လုံး တုန်ယင်နေကြသည်။ ထိုစဉ် အပြင်မှ လေပြင်းတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာသဖြင့် အခန်းထဲမှ မီးအိမ်များမှာ မီးငြိမ်းသွားတော့၏။

ခန်းမဆောင်တစ်ခုလုံး မှောင်မည်းသွားသည်။

ထိုအချိန်မှာပင် ဝတ်စုံနီသည် အခန်းထဲသို့ကျော်၍ ဝင်လာ၏။ အမှောင်ထဲ၌ပင် ဖြစ်သော်လည်း ၎င်းဝတ်စုံနီဝတ်လာသည်ကိုမူ အားလုံး သိရှိကြသည်။

ထို့ကြောင့် လူအားလုံး တံခါးဝဆီသို့ ထွက်ပြေးကြတော့သည်။

အမျိုးသမီး အများစုမှာ မပြေးနိုင်ပါ။ အကြောက်လွန်ပြီး ကျောက်ရုပ်များကဲ့သို့ မှင်တက်ငေးကြောင်ကုန်၏။ အချို့မှာမူ မူးမေ့လဲကျသွားကြသည်။

လူအများစုသည် တံခါးဝဆီ စုပြုံပြေးကြသဖြင့် အားလုံးဝရုန်းသုန်းကား ဖြစ်ကုန်သည်။ လဲသူလဲ၊ ပြိုသူပြို ဖြစ်ကုန်၏။ လူအချင်းချင်း ပြန်နင်းမိသည်။

မြို့စားကြီး ထော်ပလာသည်လည်း လူသားထဲက လူပင်ဖြစ်သည်။

သူသည်လည်း ဣန္ဒြေမဆည်နိုင်ပါ။ သူလည်း ကြောက်လန့်သည်သာ ဖြစ်ပါသည်။ ထို့ကြောင့် လူအားလုံး ပြေးရာဘက်သို့ ပြေးသည်။

သို့သော် သူက လူအုပ်ကို မတိုးနိုင်ပါ။ နောက်ဆုံး စားပွဲခုံတစ်လုံး၏ အောက်သို့ဝင်ရောက်ကာ ပုန်းလိုက်ရတော့သည်။



အခန်းမှာ မှောင်မည်းနေသည်။ စားပွဲခုံအောက်မှာ ပို၍ပင် မှောင်မည်းနေသည်။ ကိုယ့်လက်ကိုပင် ကိုယ်ပြန်မမြင်ရချေ။

ထိုစဉ် စားပွဲခုံအောက်သို့ တစ်စုံတစ်ယောက်က ဝင်လာလေ၏။ ထိုလူမှာ မြို့စားကြီးကို ထိမိသွားသည်။ မြို့စားကြီးမှာ အသက်ထွက်မတတ် ထိတ်လန့်သွားလေတော့၏။

ဝတ်စုံနီသည် အခန်းထဲဝင်လာသော်လည်း မည်သူ့ကိုမျှ ဖမ်းဆီးခြင်း မရှိပါ။ အတန်ကြာ ရပ်နေပြီး ပြတင်းပေါက်မှပင် ပြန်လည်ထွက်ခွာသွားသည်။

အဆောင်အတွင်း၌မူ ကယ်ပါ။ ယူပါ အသံများမှာ မစဲသေးပေ။

မကြာမီပင် မြို့စားစောင့် တပ်သားများသည် မီးတုတ်များကိုင်ဆောင်ကာ အဆောင်ထဲသို့ ဝင်လာကြသည်။

မီးတုတ်များ အလင်းရောင်ကြောင့် ခန်းမဆောင်ကြီးမှာ ပြန်လည်၍ လင်းလာ၏။ အဆောင်တစ်ခုလုံးမှာ ဖရိုဖရဲဖြစ်နေ၏။ လဲသူလဲ၊ ကွဲသူကွဲ၊ ဖြစ်နေသည်။ မြို့စောင့်တပ်သားများသည် မြို့စားကြီး ထော်ပလာကို သာ အရေးတကြီး ရှာဖွေကြသည်။

သို့သော် မြို့စားကြီး ထော်ပလာအား မတွေ့ရချေ။

မြို့စောင့်တပ်ဗိုလ်မှူးသည် အကြီးအကျယ် စိတ်ပူသွား၏။

သူက အော်ဟစ်အမိန့်ပေးလိုက်သည်။

"တို့ မြို့စားကြီးကို ဖမ်းသွားပြီ.... အမြန်ဆုံးလိုက်ကြ"

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးထော်ပလာမှာ မိစ္ဆာကောင်၏ ဖမ်းဆီးခြင်းမခံရပါ။ စားပွဲခုံအောက်၌ ပုန်းနေခြင်းသာ ဖြစ်၏။ သူ၏ တစ်ကိုယ်လုံးမှာလည်း တုန်ယင်နေ၏။

စားပွဲခုံအောက်၌ သူနှင့်အတူ အခြားမိန်းမတစ်ဦး ရှိနေပါသည်။ မြို့စောင့်တပ်များ ရောက်ရှိလာသံကို ကြားလိုက်ရသဖြင့် မြို့စားကြီး ထော်ပလာ များစွာစိတ်အေးသွားသည်။

"ဟော ... ဟော ... ငါအဖမ်းမခံရပါဘူး ..."

မြို့စားကြီးသည် သူ၏ အဝတ်အစားများအား သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်လည်ပြုပြင်လိုက်သည်။

ထို့နောက် ပြတင်းပေါက်ဘက် လှည့်လိုက်၏။

"ဟာ ..."

မြို့စားကြီးအသံကြောင့် အားလုံးရှိ ထိတ်သွား၏။

မိစ္ဆာ နောက်တစ်ကြိမ် ပြန်လာပြီဟုလည်း တစ်ထစ်ချ တွေးလိုက်ကြ၏။



ထို့ကြောင့် အားလုံးပင် ပြတင်းပေါက်ကို လှမ်းကြည့်မိကြသည်။

မိစ္ဆာကား မရှိပါချေ။

မြို့စားကြီးက သက်ပြင်းချရင်း ...

"မိစ္ဆာကိုတွေ့လို့ မဟုတ်ပါဘူး ... အုတ်နံရံကို ကြည့်ကြစမ်းပါ ... အဲဒါကိုမြင်လို့ပါ ..."

အားလုံး ပြတင်းပေါက်အနီးနံရံကို ကြည့်လိုက်၏။

နံရံပေါ်၌ နက်ရှိုင်းရှည်လျားသော လက်သည်းရာကြီးများကို တွေ့လိုက်ကြရသည်။

အချို့လက်သည်းရာများမှာ အုတ်နံရံထဲ၌ လက်မဝက်ခန့်ဝင်စိုက်ဝင်နေသည်ကို တွေ့ကြရသည်။

အားလုံး ကြက်သီးထသွားကြသည်။

အုတ်နံရံ၌ ဤမျှအထိ နစ်ဝင်နေသည်ဆိုပါက လူ၏အသားဆိုလျှင် ပြောဖွယ်ရာမရှိတော့ပေ။

ထို့အပြင် ပြတင်းပေါက်၏ တံခါးရွက်မှာလည်း ပြုတ်ကျနေသည်။

မိစ္ဆာ၏အင်အား မည်မျှပြင်းထန်ကြောင်း သာဓကတစ်ခုပင်။

မြို့စားကြီးသည် ယခင်က မိစ္ဆာကို မယုံခဲ့ပေ။

ယခုမူ သူယုံရတော့မည်ကဲ့သို့ ဖြစ်လာခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မြို့စားဂေဟာသို့ မိစ္ဆာဝင်၍ သောင်းကျန်းသွားသည့် သတင်းသည် နောက်တစ်နေ့၌ တစ်မြို့လုံး ပျံ့နှံ့သွား၏။

အားလုံးမှာ ထိတ်လန့်ကုန်သည်။ မြို့စားကြီးပင် မိစ္ဆာတကယ်ရှိကြောင်း ယုံကြည်သွားလေပြီဟုလည်း ပြောဆိုကြ၏။

ထိုသတင်းများကြောင့် စည်ကားလှသော နင်ပိုမြို့ကလေးအား လွှမ်းမိုးနေပြီ မဟုတ်ပါလား။

မြို့စားဂေဟာ၌ မိစ္ဆာသောင်းကျန်းသွားသည်နှင့် ပတ်သက်ပြီး ယန်ချင်ထန်နှင့် ကျုံဖေတို့ ဆွေးနွေးမိကြ၏။

ကျုံဖေက ....

“ဒါဟာ မဆန်းပါဘူးကွာ .... ငါလည်း မိစ္ဆာလောက်တော့ လုပ်ပြနိုင်ပါတယ် .... ”

ဟု ပြောလိုက်၏။

ယန်ချင်ထန်က မျက်မှောင်ကုတ်သွား၏။

“ခင်ဗျားက မိစ္ဆာကို လုံးဝမယုံဘဲကိုး .... ”



ကျုံဖေက ဆက်၍ရှင်းပြလိုက်သည်။

“ဒီကောင်တွေလုပ်တာ လွယ်လွယ်လေးပါ။ သူတို့က နံရံပေါ်လက်သည်းရာထင်အောင်လုပ်တာ ဘာခက်လို့လဲ၊ ဒါဟာ သဲလွန်စပဲ၊ အဆင့်မြင့်တဲ့ သိုင်းသမားတစ်ယောက်ဟာ ဒီလောက်လုပ်ဖို့ ဘာမှ မခဲယဉ်းပါဘူးကွယ် .... ”

ယန်ချင်ထန်က ခေါင်းညိတ်လိုက်သည်။

“ဒါတော့ ဟုတ်ပါတယ်၊ ဒီမိစ္ဆာဟာ ဘာဖြစ်လို့ လူတွေအများကြီးကြားထဲ လာရတာလဲ၊ ဒါဟာ စဉ်းစားစရာနော်”

“ဒါဟာ လူတွေကိုပိုပြီးကြောက်ရွံ့အောင် လုပ်ပြတာပါလို့ ငါတော့ ယူဆတယ် .... ”

“ဒီအနီရောင်ဝတ်စုံနဲ့မိစ္ဆာဟာ အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံလို့ ခင်ဗျားထင်သလား၊ သူက ဘာဖြစ်လို့မြို့စားဂေဟာကိုမှ လာရတာလဲ”

ကျုံဖေက ခေါင်းကို ခါယမ်းလိုက်၏။

“သူ မဖြစ်နိုင်ပါဘူး”

“ဘာကြောင့်လဲ .... ဘာမဆို ဖြစ်နိုင်တာပဲဗျာ”

“ဒီလောက်ကိစ္စလေးနဲ့ သူ ထွက်လာမှာ မဟုတ်ဘူး၊ သူ့ရဲ့ လက်အောက်ငယ်သားတစ်ယောက်ယောက်ပဲ ဖြစ်ပါလိမ့်မယ်”

ယန်ကျင်ကန်နှင့် ယန်လီကျူမှာ အံ့သြနေ၏။

သူတို့က အရိုးဖြူဂိုဏ်းကို မကြားဘူးပါ။ ဟူရှန်ဖုံကို မသိပါ။ ကျုံဖေရှင်းပြစဉ်က သူတို့ နားမထောင်လိုက်ရပါ။

ထို့ကြောင့် သူတို့က မေးမြန်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရိုးဖြူဂိုဏ်းချုပ်ဆိုတာ ဘယ်သူလဲ၊ လူပဲလား၊ ဒါမှမဟုတ် မိစ္ဆာလား ဘဘ"

ယိဖျောင်းရှမ်းက ....

"ဪ .... ညီမတို့က မသိသေးဘဲကိုး။ သူ့အကြောင်း မမပြော ပြမယ် .... "

ယိဖျောင်းရှမ်းက .... ဘဘကျုံဖေထံမှ အရိုးဖြူဂိုဏ်းချုပ် အကြောင်း ကြားသိရသမျှ အစအဆုံး ပြန်ပြောပြလိုက်တော့သည်။

ယန်ကျင်ကန်နှင့် ယန်လီကျူုက ငြိမ်ပြီးနားထောင်နေ၏။

ယိဖျောင်းရှမ်း၏စကားဆုံးတော့မှ ယန်လီကျူုက ....

"ဒီအရိုးဖြူဂိုဏ်းချုပ်ကိုတွေ့ရင် လူဖြစ်ဖြစ်၊ မိစ္ဆာပဲဖြစ်ဖြစ် တိုက်ခိုက်ရမှာပဲ၊ သူတို့က လူတွေကို ဒုက္ခပေးနေတဲ့ဥစ္စာ၊ မမ ယိဖျောင်းရှမ်းတောင် ဒုက္ခရောက်ခဲ့ရပြီ မဟုတ်လား .... "

ယန်ချင်ထန်က သားနှင့်သမီးကို အော်ငေါက်ပစ်လိုက်၏။

"မင်းတို့ ဘာတွေပြောနေတာလဲ၊ သမီးရဲ့သိုင်းပညာက ဘယ် အဆင့်ရှိသေးလို့လဲ၊ အရိုးဖြူဂိုဏ်းချုပ်သိုင်းပညာဟာ အဆင့်မြင့်တယ်၊ သူ့လက်ချက်နဲ့ သေဆုံးခဲ့ရတဲ့ ထိပ်တန်းသိုင်းသမားတွေ မနည်းဘူး၊ မင်းတို့က မသိဘဲနဲ့ ရမ်းပြီးတိုက်ခိုက်ချင်ကြသလား သွားကြစမ်း"

ကျုံဖေက ရယ်မောရင်း ....

"လူငယ်တွေရဲ့စိတ်က ဒီလိုပါပဲကွာ၊ မင်းက ဘာလို့ မောင်း ထုတ်ရတာလဲ၊ သူတို့မှာ စူးစမ်းချင်စိတ် ရှိတယ်၊ အန္တရာယ်ကို သူတို့ မကြောက်ဘူးကွ .... "



ကျုံဖေက ယိဖျောင်းရှမ်းဘက်သို့လှည့်ပြီး ပြောသည်။

"ငါတို့ မနက်ဖြန် ဗီယွှင်ဖု တံငါရွာကို သွားကြစို့"

ယိဖျောင်းရှမ်း ဝမ်းသာသွားသည်။ မောင်စန်းတောင် ဓား သမား ကျုံဖေနှင့်ဆိုလျှင် မည်သည့်နေရာဖြစ်ဖြစ် သူမလိုက်ရဲပါသည်။

"တကယ်ပြောတာလား ဘဘ .... "

"ငါက ညာပြောပါ့မလား၊ ငါတို့ စုံစမ်းကြရမယ်"

ထိုအခါ ယန်လီကျူုက ဝင်မေးလာလေ၏။

"သမီးတို့ရော လိုက်ရမှာလား"

ကျုံဖေက ရယ်မောရင်း ....

"လိုက်ရမှာပေါ့ .... အားလုံးသွားကြမှာ .... ပညာလည်းထိုက် သင့်သမျှ ရှိနေကြပြီပဲ၊ တော်ရုံတန်ရုံ အန္တရာယ်ကိုတော့ တို့အုပ်စု တားကွယ်နိုင်ပါပြီ .... "

ယန်လီကျူုမှာ ထိုစကားကြောင့် ပျော်ရွှင်သွား၏။

ယန်ချင်ထန်က ....

"အေး .... လိုက်ခဲ့ရမယ် .... ဒါပေမယ့် ဘယ်အရာမဆို လော ကြီးကြနဲ့ .... လူကြီးတွေဆီက အမိန့်မရဘဲ ဘာမှမလုပ်ရဘူး"

ယန်လီကျူုက စိတ်လိုလက်ရ အာမခံသည်။

"ဟုတ်ကဲ့ပါ ဖေဖေ .... စိတ်ချပါ .... လူကြီးတွေ ခွင့်မပြုတာ ဘာမှမလုပ်ပါဘူး .... "

"တို့ မနက်ဖြန်မနက်စောစော ဗီယွှင်ဖုရွာကိုသွားကြမယ်၊ ဒီနေ့ စောစောအိပ်ကြ၊ အားမွေးထားကြ"

www.burmeseclassic.com

www.burmeseclassic.com



ကျုံဖေက အားလုံးကို အိပ်ခိုင်းလိုက်သည်။

ယိဖျောင်းရှမ်းတို့မှာ အခန်းထဲပြန်ဝင်သွားကြ၏။ သူတို့အားလုံး စိတ်လှုပ်ရှားနေမိကြတော့သည်။



အခန်း(၂၂)

## လက်ရုံမြမ်းမိခြင်း

နင်ပိုမြို့အနောက်ဘက် မင်းလမ်းမပေါ်၌ မြင်းငါးကောင်ပြေးလွှားနေသည်။

မြင်းငါးကောင်ပေါ်၌ ယောကျ်ားသုံးယောက်နှင့် မိန်းကလေးနှစ်ယောက် လိုက်ပါလာသည်။

၎င်းတို့မှာ မောင်စန်းတောင် ဓားသမား ကျုံဖေ၊ ယန်ချင်ထန်၊ ယန်ကျင်ကန်၊ ယန်လီကျူနှင့် ယိဖျောင်းရှမ်းတို့ပင် ဖြစ်ပါသည်။

သူတို့ငါးယောက်မှာ ဖီယွင်ဖုရွာသို့ သွားနေခြင်း ဖြစ်သည်။

နင်ပိုမြို့မှနေ၍ ဖီယွင်ဖုသို့ ကုန်းလမ်းအတိုင်းသွားလျှင် နှစ်ရက်တာမျှ သွားရသည်။ ကွေ့ပတ်သွားနေရသောကြောင့် ဖြစ်သည်။ ရေကြောင်းခရီးက ပိုနီး၏။

သို့သော် ကျုံဖေက လူငယ်များကို ရှင်းပြလိုသဖြင့် မြင်းနှင့်သွားခြင်း ဖြစ်သည်။ ကျုံဖေက လမ်းတစ်လျှောက်၌ သိုင်းလောကမှ အကြောင်းအရာများကို ဗဟုသုတအဖြစ် ပြောပြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယိဖျောင်းရှမ်းတို့လူငယ်သုံးယောက်မှာ ကျုံဖေပြောသည်များကို စိတ်ဝင်စားစွာ နားထောင်ရင်း လိုက်ပါလာရာ အချိန်ကုန်မှန်းမသိကုန်သွားခဲ့ရတော့သည်။

လမ်းခရီးရွာများ၌ နှစ်ညတာမျှ နားခိုပြီးနောက် ယိဖျောင်းရှမ်းနေထိုင်ခဲ့ဖူးသည့်ဗီယွှင်ဖုရွာကလေးအနီးသို့ဆိုက်ရောက်လာတော့သည်။

ယိဖျောင်းရှမ်းတစ်ယောက် ဗီယွှင်ဖုရွာကလေးမှ ထွက်ခွာသွားသည်မှာ နှစ်လမျှလောက်သာ ရှိပေသေးသည်။ သို့သော် ရွာကို မြင်လိုက်သည်နှင့် အတော်ပင် ပြောင်းလဲနေသည်ဟု ခံစားရမိ၏။

ရွာအဝင်လမ်းမဆီသို့ရောက်သောအခါ သူ၏ယူဆချက်မှာ မှိုင်မှားလှ၏။

ရွာအတွင်းရှိ အိမ်အားလုံးလိုလိုမှာ တံခါးများပိတ်ထားသည်ကို တွေ့လိုက်ရသည်။ ရွာလယ်သို့ရောက်လာသည့်တိုင်အောင် လူသံဟူ၍ မကြားရပါ။ လူရိပ်လူရောင်လည်း မမြင်ရပါ။ ကုန်ကုန်ပြောရလျှင် ခွေးပင်လျှင် တစ်ကောင်မျှ မတွေ့ရပါ။ ယိဖျောင်းရှမ်း အံ့သြသွားသည်။

“ဟင် .... တို့ရွာကလေးဟာ မွေးတောင် မနေတော့တဲ့ ရွာကလေးဖြစ်နေပါပေါ့လား”

ကျုံဖေက သက်ပြင်းချရင်း မှတ်ချက်ချ၏။

“ဟော့ .... လူလည်း မရှိပါဘူး၊ ရွာပျက်သွားပြီနဲ့တူတယ်”

ယိဖျောင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

“ဟုတ်လိမ့်မယ် ဘဘ .... ရွာသားတွေမှာ ဘာအကာအကွယ်မှ မရှိတော့ နီးရာမြို့တွေဆီ ပြေးကြရတော့မှာပေါ့ .... ”



ကျုံဖေက ပတ်ဝန်းကျင်အား တစ်ချက်အကဲခတ်ကြည့်လိုက်သည်။ ပြီးမှ ယိဖျောင်းရှမ်းဘက်သို့လှည့်ကာ ပြောသည်။

“ကဲ .... သမီးရဲ့အိမ်ကို လိုက်ပြပါဦး .... အခြေအနေကြည့်ကြရအောင် .... ”

ယိဖျောင်းရှမ်းက ခေါင်းညိတ်ပြီး မြင်းဇက်ကို အသာဆွဲလိုက်၏။ ထို့နောက် သူမတို့နေထိုင်ခဲ့ရာသို့ ဦးဆောင်မောင်းနှင်လေတော့၏။

ရွာအစွန်၌ရှိသော အိမ်ကလေးမှာ နဂိုအတိုင်းပင်။ ဘာမျှပြောင်းလဲခြင်း မရှိပါ။ မြေကြီးနှင့်အုတ်နှင့်ရော၌ ဆောက်လုပ်ထားသော အိမ်ဖြစ်သဖြင့် သိသိသာသာ ပျက်စီးခြင်း မရှိပါ။

ယိဖျောင်းရှမ်းက အိမ်ကလေးဆီသို့ ရောက်လာသောအခါ အိမ်တံခါးကို ဖွင့်ဝင်ရန် ဟန်ပြင်လိုက်သည်။

ယန်ချင်ထန်က ....

“ကဲ .... သမီးအိမ်တော့ကြည့်ပြီးပြီ .... အိမ်ထဲမဝင်နဲ့ဦး .... တို့အချိန်ရှိတုန်း မိန်ဆွာကောင်နဲ့မင်းတို့ တိုက်ခိုက်တဲ့နေရာကိုသာ လိုက်ပြီးပြပါ .... ကမ်းစပ်ကျောက်ဆောင်တွေရှိတဲ့နေရာပေါ့ .... ”

အမှန်စင်စစ် ယန်ချင်ထန်က ယိဖျောင်းရှမ်းတစ်ယောက် အိမ်ကလေးဆီသို့ပြန်ရောက်သောအခါ စိတ်မကောင်းဖြစ်စရာများ ပြန်သတိရလာမည်ကိုတွေးပြီး စိုးရိမ်သောကြောင့် တားလိုက်ခြင်းမင် ဖြစ်ပါသည်။ ယိဖျောင်းရှမ်းက မသိပါ။ သူမက မြင်းပေါ်ပြန်တက်ကာ ပင်လယ်ကမ်းခြေဆီသို့ ဦးဆောင်ကာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူတို့တိုက်ခိုက်ခဲ့သောနေရာကို ပြသသည်။

ကျုံဖေက မြင်းပေါ်မှဆင်းပြီး ကျောက်ဆောင်တစ်ခုပေါ်သို့ တက်ရပ်ကာ အရပ်လေးမျက်နှာကို အကဲခတ်သည်။

အားလုံးက ကျုံဖေကိုသာ ကြည့်နေကြသည်။ သူတို့ထဲတွင် ကျုံဖေသာ ခေါင်းဆောင်ဖြစ်သည် မဟုတ်ပါလား။ သူ၏မျက်နှာမှာ တစ်စုံတစ်ရာကို ကျေနပ်မှုရှိနေပုံမျိုး ဖြစ်၏။

ယန်ချင်ထန်က မေးလိုက်၏။

"ခင်ဗျား ဘာကိုတွေ့လိုက်သလဲ"

ကျုံဖေက ပြုံးရင်း ....

"သြော် .... ကျုပ်က မိစ္ဆာတွေလာတဲ့လမ်းကြောင်းကို စဉ်းစားမိလို့ပါ .... "

သူ၏စကားကြောင့် အားလုံးတအံ့ကြသွား၏။

ယန်ကျင်ကန်က အံ့ဩတကြီး ဝင်မေး၏။

"ဘာ .... သူတို့ ဘယ်ကလာတာလဲ"

ကျုံဖေက ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ....

"ငါ့စိတ်ထင်တော့ မိစ္ဆာတွေဟာ ပင်လယ်ပြင်က လာတာဖြစ်ရမယ်၊ ငါ ဒီလိုပဲ ယုံကြည်တယ်"

ကျုံဖေ၏စကားဆုံးသည်နှင့် ယိဖျောင်းရှမ်းက ခေါင်းခါယမ်းကာ ....

"မဖြစ်နိုင်ပါဘူး ဘာဘာရှင့် .... "

ကျုံဖေက ပြန်မေးသည်။



"ဘာအထောက်အထား ရှိလို့လဲ .... ငါ့အယူအဆဘာကြောင့် မဖြစ်နိုင်ရမှာလဲ .... "

ယိဖျောင်းရှမ်းက ....

"ကျွန်မတို့မိစ္ဆာကို စောင့်ခဲ့တာပဲ .... မိစ္ဆာတွေဟာ ပင်လယ်က လာတာမဟုတ်ဘူး၊ ကမ်းခြေကပဲ ထွက်လာတာ .... "

ကျုံဖေက ရယ်မောရင်း ....

"သမီးပြောတာ အပေါ်ယံအမြင်ပဲ၊ ဒီဖီယွင်ဖု တံငါရွာကလေးရဲ့ ပတ်ဝန်းကျင်အနေအထားကိုကြည့်၊ တောတောင် ဘယ်မှာရှိသလဲ၊ သူတို့ ဘယ်နေရာမှာ ပုန်းခိုနိုင်မလဲ၊ ဒါကြောင့် ပင်လယ်ကလာတာပဲ ဖြစ်ရမယ်၊ ဒီအနီးပတ်ဝန်းကျင်မှာ သူတို့ ခိုအောင်းနိုင်တဲ့နေရာ လုံးဝ မရှိဘူး"

ယိဖျောင်းရှမ်းမှာ တွေဝေသွား၏။ သူမ၏ဖခင်မှာလည်း ကျုံဖေကဲ့သို့ပင်ယူဆခဲ့၏။ ထိုစဉ် ကျုံဖေ၏စကားသံက ထွက်ပေါ်လာ၏။

"သူတို့ရဲ့ခြေရာတွေကို သဲသောင်ပြင်ပေါ်မှာ တွေ့ရတယ် မဟုတ်လား၊ သူတို့ကို ပင်လယ်ထဲကတစ်ခုခုနဲ့တင်လာတာဖြစ်ရမယ်"

ကျုံဖေသည် ပြောရင်း တစ်စုံတစ်ခုကို သတိရသွား၏။ သူက လက်ဖျောက်တစ်ချက်တီးလိုက်ပြီး ....

"ဟုတ်ပြီ .... သမီးပြောတဲ့ အမည်းရောင်လှေကလေးနဲ့ လာတာပဲဖြစ်ရမယ် .... "

ယိဖျောင်းရှမ်းမှာ မျက်လုံးများ အရောင်တောက်သွား၏။ ဖြစ်နိုင်သည်ဟု လက်ခံမိသည်။ ယန်လီကျုံက သက်ပြင်းချရင်း ....

www.burmeseclassic.com

www.burmeseclassic.com



"ဘာဘာ .... ဒီလိုဆိုရင် မိစ္ဆာတွေဟာ ပင်လယ်ထဲကကျွန်းတစ်ကျွန်းပေါ်မှာ ရှိတာပေါ့"

ကျူဖေက ခေါင်းညိတ်လိုက်ပြီး ....

"ဟုတ်တယ်၊ သူတို့ဌာနချုပ်ဟာ ကျွန်းတစ်ကျွန်းဖြစ်ဖို့များတယ် ...."

ယန်လီကျူက ....

"ဘယ်နှစ်ယောက်လောက်ရှိမလဲ"

"ခန့်မှန်းလို့ ဘယ်ရမလဲ၊ ဒါပေမယ့် တစ်ရာနှစ်ရာလောက်ရှိနိုင်မယ်၊ ဘာဘာထင်တာတော့ သူတို့ဟာ လူသူမနေတဲ့ကျွန်းတစ်ကျွန်းမှာနေတာ ဖြစ်ရမယ်"

ယန်ကျင်ကာန်က ရုတ်တရက် ဝင်ပြော၏။

"ဒါဆိုရင် သူတို့နေတဲ့ကျွန်းဟာ ဒီကမ်းခြေနဲ့သိပ်မဝေးတဲ့နေရာမှာပဲ ရှိရမယ် ...."

ကျူဖေက ....

"မဝေးနိုင်ဘူး၊ ဒါကြောင့်သာ သူတို့ရဲ့ အမည်းရောင်လှေတွေကို တွေ့လိုက်ပြီးတော့ တစ်ခဏချင်းပဲ ပြန်ပြီး ပျောက်ကွယ်သွားတာ ဖြစ်ရမယ် ...."

ယန်ချင်ထန်ကလည်း ဝင်ရောက်ထောက်ခံ၏။

"ဖြစ်နိုင်တယ်၊ အရင်တုန်းက အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံဟာ မီးကျွန်းမှာ အခြေချခဲ့တယ်၊ အခုကော အဲဒီမှာပဲလား မသိဘူး"

ယိဖျောင်းရှမ်းက စဉ်းစဉ်းစားစားပြောသည်။



"မိစ္ဆာကောင်ဟာ ကျွန်းပေါ်မှာ အခြေချတာဆိုတော့ ဒီပင်လယ်ထဲမှာ ကျွန်းတွေက အများကြီးပဲ၊ ဘယ်မှာသွားပြီးရှာဖွေကြမလဲ"

ကျူဖေက တစ်ချက်စဉ်းစားပြီး ....

"အခုနေတော့ ဘယ်မှလိုက်မရှာနဲ့ .... သူတို့ကို ဒီကပဲစောင့်တာကောင်းမယ် .... တို့က သာမန်လူစုပဲ ရှိသေးတယ်၊ စောင့်ကြည့်ရဦးမယ် ...."

ယန်ချင်ထန်က ....

"ဒါဆို ဒီမှာ ညအိပ်စောင့်မယ်ပေါ့ .... ခင်ဗျား ဒီလိုစိတ်ကူးထားတာလား ...."

"ဟုတ်တယ် ...., ငါ ဒီအတိုင်းပဲ စိတ်ကူးထားတယ် ...."

"မြင်းတွေကို ဘယ်လိုလုပ်မလဲ"

ယိဖျောင်းရှမ်းက ဝင်၍ဖြေရှင်းပေး၏။

"ကိစ္စမရှိဘူး၊ ကျွန်မအိမ်က မြင်းစောင်းမှာ သွားထားလိုက်ရုံပေါ့၊ ခြံဝင်းပိတ်ထားလိုက်ရင် သူတို့မပြေးနိုင်တော့ပါဘူး"

ထို့နောက် ယိဖျောင်းရှမ်းတို့သုံးယောက်က မြင်းများယူကာ အိမ်၌ သွားထားလိုက်ကြသည်။

ထို့နောက် ကျူဖေတို့ထံ ပြန်လာခဲ့ကြ၏။

ကမ်းခြေရှိ ကျောက်တုံးကြီးများနောက်၌ပင်ထိုင်ကာ ရိက္ခာခြောက်များထုတ်ယူစားသောက်ကြသည်။ သူတို့သည် မိစ္ဆာကောင်များ လာမလာကို တစ်ညတာ စောင့်ကြည့်ကြပေတော့မည်။

www.burmeseclassic.com



အချိန်သည် တဖြေးဖြေးကုန်ဆုံးလာသည်။ ညအမှောင်မှာလည်း ပို၍ မှောင်မိုက်လာသည်။

ယိဖျောင်းရှမ်းတို့ငါးယောက်မှာ ပင်လယ်ပြင်ကို စောင့်ကြည့်နေကြ၏။

ယန်ချင်ထန်အလိုအရ ရွာပျက်ဆီသို့ မိစ္ဆာကောင်များ မလာနိုင်ဟူ၍ ဖြစ်သည်။

သို့သော် ကျုံဖေကမူ မိစ္ဆာကောင်များသည် ဤကမ်းခြေကို အသုံးပြုပြီး ဗီယွင်ဖုရွာကလေးနှင့် အနီးမတ်ဝန်းကျင်ရွာ၌ လှုပ်ရှားခြင်းဖြစ်၍ ဤရွာသို့ပင် လာရမည်ဟု ယုံကြည်သည်။

ညဉ့်နက်လာသော်လည်း ယိဖျောင်းရှမ်းတို့လူစု အိပ်ငိုက်ခြင်း မရှိပါ။ မိစ္ဆာကောင်ကို ဖမ်းဆီးနိုင်ရေးအတွက် လွန်စွာ စိတ်ဝင်စားနေသောကြောင့် ဖြစ်ပါသည်။

ထိုသို့ စောင့်ဆိုင်းနေစဉ် ယိဖျောင်းရှမ်းက အသံတစ်သံကို ကြားလိုက်ရတော့သည်။



ထိုအသံမှာ မိမိတို့အနောက်ဘက် ခပ်လှမ်းလှမ်း ကျောက်ဆောင်များကြားမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိလိုက်၏။ ယခင်က သူမနှင့် သူမဖခင် ကြားခဲ့ရသကဲ့သို့ပင်။ သူမ၏မျက်လုံးအစုံတို့ တောက်ပလာ၏။

ထို့ကြောင့် ခပ်တိုးတိုး အော်လိုက်သည်။

"မိစ္ဆာကောင် ရောက်နေပြီ"

စောင့်နေသူအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။

သူမ ကြားလိုက်သောအသံမှာ စက္ကူကို လေတိုးသံမျိုးပင် ဖြစ်သည်။

ယိဖျောင်းရှမ်း ခုန်ထွက်သွားသည်နှင့် ယန်ကျင်ကန်နှင့် ယန်လီကျူတို့ကလည်း နောက်သို့ ပြေးလိုက်သွားကြလေသည်။

သူတို့သည် လူကြီးများ၏ညွှန်ကြားမှုကို မစောင့်ပါ။ စိတ်နောက်ကိုယ်ပါ ပြေးထွက်သွားကြခြင်း ဖြစ်ပါတော့သည်။

ယိဖျောင်းရှမ်း၏ အတွေးမမှားပါ။ ကျောက်ဆောင်အနောက်ဘက်တွင် ခုန်ဆွ ခုန်ဆွနှင့်သွားနေသော မိစ္ဆာကောင်ကို တွေ့လိုက်ရသည်မှာ အမှန်ပင် ဖြစ်ပါသည်။

ယိဖျောင်းရှမ်းက ကိုယ်ဖော့ပြီး တစ်ချက်ခုန်လိုက်ရာ မိစ္ဆာကောင်ခေါင်းပေါ်မှကျော်ပြီး ရှေ့ဘက်သို့ ကျသွားလေ၏။ ထို့နောက် သူမက ဓားကိုထုတ်ကာ တိုက်ခိုက်လိုက်တော့သည်။

ယိဖျောင်းရှမ်းမှာ မိစ္ဆာကောင်နှင့် တိုက်ခိုက်ခဲ့ဖူးသော အတွေ့အကြုံရှိနေပြီးပြီဖြစ်၍ မကြောက်မရွံ့ တိုက်ခိုက်ဝံ့ပေသည်။ တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



ရာတွင် မိစ္ဆာကောင်၏မျက်လုံးဆီသို့သာ ဦးတည်ထိုးသွင်းတိုက်ခိုက်ခြင်း ဖြစ်သည်။

မိစ္ဆာကောင်သည် လုံးဝ မျှော်လင့်မထားသော ရန်သူများ ရောက်ရှိလာသဖြင့် အကြီးအကျယ်အံ့အားသင့်သွားဟန်ရှိသည်။ ချက်ချင်းပင် နောက်ဆုတ်ကာ ရှောင်တိမ်းပေးသည်။

ယန်လီကျူမှာ ပြေးလိုက်လာရင်း မိစ္ဆာကောင်ကိုတွေ့သောအခါ ခြေလှမ်းတန့်သွား၏။

ကြက်သီးများလည်း ထသွားလေသည်။

သူမက မိစ္ဆာကောင်ကိုတွေ့လျှင် ဖမ်းဆီးပစ်မည်ဟု ကြုံးဝါးခဲ့သော်လည်း တကယ်တမ်းရင်ဆိုင်တိုးလာသောအခါ မဖမ်းဆီးဝံ့ပါ။

မိစ္ဆာကောင်အကြောင်း ကြားဖူးရုံသာ ကြားဖူးပြီး တကယ်တမ်း မတွေ့ဆုံဘူးခဲ့သဖြင့် ထူးခြားသော ပုံသဏ္ဌာန်ကိုမြင်သောအခါ သူမ၏သတ္တိများ လွင့်စဉ်သွားတော့သည်။

ကြောက်စိတ်များ ဝင်လာသည်။

ယန်ကျင်ကန်က ချက်ချင်း သတိပေးလိုက်၏။

"ညီမလေး မမတောင် တိုက်ခိုက်နေပြီ၊ ဘာဖြစ်လို့ နောက်တွန့်သွားရတာလဲ"

သည်တော့မှ ယန်လီကျူက တိုက်ခိုက်ရန် သတိရလာ၏။

သူမ၏ နေလမားနှစ်လက်ကိုဆွဲထုတ်ကာ မိစ္ဆာကောင်အားတိုက်ခိုက်တော့သည်။ ယန်ကျင်ကန်ကလည်း ဓားနှင့်တစ်ပြိုင်တည်းတိုက်ခိုက်တော့၏။ သုံးယောက် တဏှာညီလက်ညီ တိုက်ခိုက်သော



ကြောင့် မိစ္ဆာအဖို့ အကျဉ်းအကျပ် တွေ့ရတော့သည်။ သူတို့၏ တိုက်ခိုက်မှုမှာ လျှင်မြန်သည်။

တိကျပေသည်။

ဓားသုံးလက်စလုံး မိစ္ဆာကောင်၏ကျောနှင့်ခြေထောက်ပေါ်သို့ ထိခိုက်အောင် တိုက်ခိုက်နိုင်သည်။

"ထန်း .... ထန်း .... ထန်း"

မိစ္ဆာကောင် ဘာမျှမဖြစ်ပါ။ သူ၏ကျောကိုထိသွားသောကြောင့် နောက်ဘက်၌ ရန်သူရှိနိုင်သည်ဟုတွေးကာ ပြန်လှည့်လာ၏။

ယန်လီကျူမှာ ထိတ်လန့်သွား၏။ သူမကချက်ချင်းပင် နောက်တွန့်သွားသည်။

ယိဖျောင်းရှမ်းကမူ အတွေ့အကြုံအရလည်းကောင်း၊ ခံစားချက်အရလည်းကောင်း မနားတမ်း တိုက်ခိုက်သည်။

မိစ္ဆာသည် သူ၏ပျော့ကွက်မှလွဲ၍ ထိုးသွင်းလာသောဓားချက်များကို လုံးဝမရှောင်ချေ။

ပြန်လည်၍ တိုက်ခိုက်သည်။

ယန်ချင်ထန်နှင့် ကျူဖေတို့ပြေးလိုက်လာကြသော်လည်း တိုက်ပွဲထဲသို့ မဝင်ပေ။

သူတို့က ဘေးပတ်ဝန်းကျင်အခြေအနေကိုသာ စောင့်ကြည့်ကြသည်။ အခြားမိစ္ဆာကောင်များ သို့မဟုတ် အခြားခေါင်းဆောင်များ ရောက်လာ၊ မလာ စောင့်ကြည့်ခြင်း ဖြစ်သည်။

ပတ်ဝန်းကျင်၌ မိစ္ဆာကောင်မရှိသောအခါမှ ကျူဖေက ဝင်

www.burmeseclassic.com

www.burmeseclassic.com



ရောက်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

"သူတို့မှာ စစ်ကူမရှိဘူး၊ မိစ္ဆာကောင်လို့ ပြော,ပြောနေတဲ့ ဒီအကောင်ကို ငါတို့လက်ရဖမ်းရမယ်၊ ကဲ .... ငါတို့ဝင်ကြစို့"

ကျုံ့ဖေက ယန်ချင်ထန်အား ပြောလိုက်၏။ ယန်ချင်ထန်က....

"နေပါဦး၊ သူတို့တစ်တွေ လက်တွေ့တိုက်ခိုက်ကြပါစေဦးဗျာ၊ ပြီးမှ ဝင်ကြတာပေါ့၊ သူတို့အတွေ့အကြုံရသွားအောင်ပါ"

ယိဖျောင်းရှမ်းက ယန်လီကျူအား ညွှန်ကြားသည်။

"သူကို ခြေလက်တွေ ခုတ်မနေနဲ့ မျက်လုံးကို ဦးတည်တိုက်ခိုက် .... "

သူမ၏သတိပေးသံကြောင့် ယန်လီကျူနှင့် ယန်ကျင်ကန်တို့က မိစ္ဆာကောင်၏မျက်လုံးကိုသာ ဦးတည်တိုက်ခိုက်ကြတော့သည်။ သူတို့ လွန်စွာ သဘောကျသွားကြ၏။

စောစောက လုံးဝမရှောင်တိမ်းသော မိစ္ဆာကောင်သည် ယခုမူ သူတို့၏ဓားချက်ကို ရှောင်တိမ်းနေပြီဖြစ်သောကြောင့်တည်း။

"မမ ယိဖျောင်းရှမ်းက သိပ်တော်တာပဲ .... "

ယန်လီကျူက စိတ်ထဲမှ ချီးကျူးလိုက်သည်။

သူတို့သုံးယောက်၏တိုက်ခိုက်မှုမှာ ပြင်းထန်လှသည်။ မိစ္ဆာကောင်မှာ ခုခံနိုင်ခြင်းမရှိပါ။ သူ့လှုပ်ရှားမှုက သုံးယောက်ကို မယှဉ်နိုင်ပါ။ ထို့ကြောင့် နောက်ဆုတ်ပြီး တစ်ချက်ခုန်သွားတော့၏။

မိစ္ဆာကောင်သည် ပင်လယ်ကမ်းစပ်အနီးသို့ရောက်ရှိသွား၏။



ကျုံ့ဖေ စိုးရိမ်သွားသည်။ မိစ္ဆာကောင်ထွက်ပြေးပြီဖြစ်ကြောင်း သိရှိလိုက်၏။

လွတ်သွားလျှင် ခဲလေသမျှသဲရေကျ ဖြစ်တော့မည်။

ထို့ကြောင့် သူသည် မိစ္ဆာကောင်နောက်သို့ လျှပ်တစ်ပြက် ခုန်လိုက်သွား၏။

သို့သော် ကျုံ့ဖေမှာ တစ်လှမ်းနောက်ကျသွားသည်။ ကျုံ့ဖေက မိစ္ဆာကောင်အနီးသို့ရောက်သည့်အခါ မိစ္ဆာမှာ ရေထဲသို့ ခုန်ချသွားခဲ့ပေပြီ။ ထိုနေရာသည် ကျောက်တောင်တို့ရှိသဖြင့် သဲပြင်ရှိသော ရေတိမ်ကမ်းစပ်ကဲ့သို့မဟုတ်မူဘဲ ကျသည်နှင့် ရေထဲသို့ မြုပ်သွားလေတော့၏။

သူတို့အားလုံး ကမ်းစပ်မှ စောင့်ကြည့်ကြသော်လည်း မိစ္ဆာကောင်သည် လုံးဝ ပြန်မပေါ်လာတော့ပေ။ သူတို့အားလုံးမှာ မချင့်မရဲဖြစ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ချင်ထန်က ....

"ကျုပ် တားလိုက်မိလို့ဗျ .... ကျုပ်တို့ပါရောပြီးတိုက်ရင် ဒီမိစ္ဆာကောင်ကို မိမှာ သေချာတယ် .... "

ကျုံဖေက ရယ်မောရင်း ....

"အချိန်တွေ ရှိပါသေးတယ်ဗျာ .... နောက်နေ့ကျတော့ ဒီကောင်တွေကို မိရမှာပေါ့"

ယန်ချင်ထန်က သူ မရှင်းလင်းသည့်အချက်ကို မေးသည်။

"ဒါနဲ့ ဒီမိစ္ဆာကောင်က ဘယ်ကထွက်လာတာလဲ နောင်ကြီးကျုံဖေ .... ခင်ဗျား တွက်ဆလို့ ရသလား .... "

"ကျုပ်လည်း မသိလိုက်ဘူးလေ၊ အသံက ကျုပ်တို့နောက်ဘက်က ပေါ်လာတာကိုးဗျ .... "

ယိဖျောင်းရှမ်းက ....

"ပင်လယ်ကလာတာမဟုတ်တာတော့ သေချာတယ်ဘာ ကျွန်မဖေဖေနဲ့စောင့်တုန်းကလည်း ဒီလိုပဲ .... ကျွန်မတို့က ပင်လယ်ကို စောင့်ကြည့်နေတာ .... အသံကြားရတော့ နောက်ကပဲ"



"မဟုတ်ဘူး၊ ပင်လယ်ကပဲ သူတို့လာတာ၊ ဒီကနေ ကမ်းခြေတစ်လျှောက်လုံးကိုမြင်ရတဲ့နေရာတစ်ခုခု မရှိဘူးလား .... "

"ကျွန်မတို့အိမ်ကနေကြည့်ရင်တော့ ရွာပတ်ချာလည်ကမ်းစပ်အကုန်လုံးကို အတိုင်းမြင်ရတယ်"

ကျုံဖေ ကျေနပ်သွား၏။

"အေး .... ဒါဆိုရင် သမီးတို့အိမ်ကပဲ ထပ်ပြီးစောင့်ကြတာပေါ့၊ ဒီနေ့ညတော့ ထပ်လာမယ် မထင်တော့ပါဘူး"

ယိဖျောင်းရှမ်းက ခေါင်းညိတ်လိုက်ပြီး ....

"ဟုတ်တယ်၊ ကျွန်မတို့လည်း အနားယူလို့ရတာပေါ့၊ အိမ်မှာ တချို့ပစ္စည်းတွေတော့ အဆင်သင့်ရှိဦးမှာပါ"

သူတို့လူစုက ကမ်းစပ်မှပြန်လာခဲ့ကြသည်။ အိမ်ကိုရှင်းလင်းပြီး အားလုံး အနားယူလိုက်ကြသည်။

ကျုံဖေက လူငယ်များအား စောစောက မိစ္ဆာကောင်နှင့်တိုက်ခိုက်ခဲ့ရာ၌ လိုအပ်နေသောအချက်များကို ပြောပြသည်။ သင်ခန်းစာယူနိုင်ကြရန် ဖြစ်သည်။ ညဝိုင်း၌ အားလုံး အိပ်ပျော်သွားကြ၏။

သို့သော် သတိဝီရိယရှိသော မောင်စန်းတောင် ဓားသမား ကျုံဖေကား မအိပ်ပေ။ သူသည် အိပ်နေသယောင်နှင့် ပတ်ဝန်းကျင်မှ အသံဗလံများကို နားစွင့်နေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်မှနေ၍ မိုးချုပ်သည်အထိ သူတို့စောင့်ကြည့်ကြသော်လည်း မိစ္ဆာကောင်ကို တွေ့မြင်ရခြင်း မရှိချေ။

ယိဖျောင်းရှမ်းက သူတို့စောင့်တိုင်း မိစ္ဆာကောင်သည် ညဘက်မှသာ ထွက်လေ့ရှိကြောင်း ရှင်းပြသည်။

ညနေ မိုးချုပ်လာသောအခါ ယိဖျောင်းရှမ်းတို့သည် ပင်လယ်ကမ်းခြေကိုမြင်နေသော ပြတင်းပေါက်အနီး၌ ခုံများချထားလိုက်ကြ၏။ သူတို့အားလုံးထိုင်ကာ ပင်လယ်ကမ်းခြေသို့ စောင့်ကြည့်ကြသည်။

ကျုံဖေက တစ်စုံတစ်ရာကို သတိရလာဟန်ဖြင့် ယိဖျောင်းရှမ်းအား မေးလိုက်၏။

"မနေ့က သမီးက ဘာဖြစ်လို့မိစ္ဆာကောင်ကို လက်နက်ပုန်းမတိုက်နိုက်တာလဲ"

ထိုအခါကျမှ ယိဖျောင်းရှမ်းလည်း သူမ၏လက်နက်ပုန်းကို သတိရတော့သည်။



"ဘာဘာရယ် .... ကျွန်မလည်း ဆန္ဒစောနေတော့ လက်နက်ပုန်းလည်း သတိမရတော့ပါဘူး"

ယိဖျောင်းရှမ်းက အမှန်အတိုင်းပင် ဖြေလိုက်၏။

ညမှာ တစ်စထက်တစ်စ နက်လာသည်။ လရောင်ရှိနေသဖြင့် ကမ်းခြေကိုမြင်နေရသည်။ အချိန်သာ ကုန်လာသည်။ မိစ္ဆာကောင်က မလာတော့ပေ။

ကျုံဖေက သက်ပြင်းချရင်း ပြောသည်။

"အင်း .... ဒီညတော့ စောင့်ရကျိုးမနပ်ဘူးဟေ့၊ လူငယ်တွေ အိပ်ချင်ရင် အိပ်ကြတော့၊ တို့ပဲ စောင့်ကြမယ်"

ယန်ကျင်ကန်က ဘာမျှပြန်မပြောဘဲ အိပ်ရာထဲ သွားလှဲလိုက်သည်။ ယိဖျောင်းရှမ်းကမူ ....

"ဘာဘာ .... ဒီမိစ္ဆာကောင်တွေ ကျွန်မတို့ကိုကြောက်သွားပြီလား မသိဘူး၊ သူတို့ကြောက်ရင် ကျွန်မတို့က သူတို့နောက်လိုက်ရတော့မယ် .... "

ကျုံဖေက ရယ်မောရင်း ....

"စိတ်ချ .... သူတို့က ကြောက်မှာမဟုတ်ဘူး တို့ စိတ်ရှည်ရှည်စောင့်ဖို့ပဲလိုမယ်၊ ကဲ .... ကဲ အားလုံး အနားယူလိုက်ကြဦး၊ မိုးလင်ခါနီးပြီ၊ မိစ္ဆာကောင်လာတော့မှာ မဟုတ်ဘူး .... "

သည့်တစ်ကြိမ်တွင်ကား ကျုံဖေပါ နှစ်ခြိုက်စွာ အိပ်လိုက်သည်။

နောက်တစ်နေ့အတွက် သူတွင် အားပြည့်နေရန် လိုအပ်နေသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင်မူ နံနက်၊ နေ့လယ်၊ ညဦး၌ စောင့်ကြည့်ရန် မလိုတော့ကြောင်း ကျုံဖေကပြောသဖြင့် အားလုံးပင် လွတ်လပ်စွာ အနားယူကြသည်။

ညဦးပိုင်းတွင်မူ ငါးယောက်စလုံး ကင်းစောင့်ကြရတော့သည်။

ညသန်းခေါင်ယံအချိန်သို့ရောက်သောအခါ ယန်ကျင်ကန်က အလန့်တကြား အော်လိုက်သည်။

"ဟောဟိုမှာ လှေတစ်စင်း"

အားလုံးက ယန်ချင်ကန် ညွှန်ပြရာကို ကြည့်လိုက်မိကြ၏။

ပင်လယ်ပြင်၌ လှေကလေးတစ်စင်းကို တွေ့လိုက်ကြရသည်။

ယန်ချင်ဟန်ဗွာ သတိပေး၏။

"ဒီလှေဟာ မိစ္ဆာတွေရဲ့လှေဖြစ်နိုင်တယ်၊ အားလုံး မြန်မြန် ထွက်ကြစမ်း ...."

သို့သော် ကျုံဖေက တားမြစ်လိုက်၏။

"ဟော့ .... အရမ်းမထွက်ကြနဲ့၊ စောင့်ကြည့်ကြ၊ မီးငြိမ်းကြ ရန်သူတွေ မီးရောင် မမြင်စေနဲ့"

အိမ်ကလေးမှာ မှောင်ကျသွား၏။ သို့သော် လရောင်က ရှိနေ သေးသည်။ အားလုံးက အသက်မရှူဘဲ ပင်လယ်ကမ်းခြေကိုသာ စိုက် ကြည့်နေမိကြသည်။ လှေကလေးမှာ အမည်းစက်အရွယ်မှ တဖြည်း ဖြည်း ကြီးလာသည်။

ထိုလှေမှာ ယိဖျောင်းရှမ်းတစ်ယောက် နင်ပိုမြို့သို့ လာစဉ် ပင်လယ်ပြင်၌တွေ့ခဲ့ရသော လှေကလေးနှင့်တူ၏။



လှေကလေး၌ ရွက် တိုင်မပါပါ။ သို့သော် အတော်ပင် မြန်လှ ၏။

လှေကလေးမှာ ဖီယွင်ဖူရွာ၏ အနောက်ဘက်ခြမ်းသို့ ဦးတည် လာနေလေသည်။

ကျုံဖေက အချက်ပြလိုက်၏။

"ကဲ .... တို့တစ်တွေသွားဖို့ အချိန်တန်ပြီ"

www.burmeseclassic.com



ရှေ့ဆုံးမှ ကျူဖေက ပြေးလွှားနေ၏။

ကျူဖေ၏ကိုယ်ဖော့ပညာမှာ အဆင့်မြင့်သဖြင့် ကျန်လူများက သူ့ကိုမီအောင် မပြေးနိုင်ကြပါ။

မကြာမီ ရွာနောက်ဘက်ခြမ်းသို့ ရောက်ရှိလာကြသည်။

ရွာနောက်ဘက်ခြမ်းမှာ ရှည်လျားသော ကမ်းခြေရှိသည်။

ထိုအပြင် ကမ်းခြေမှာ မြေနိမ့်လွင်ပြင်ဖြစ်သောကြောင့် သီးနှံစိုက်ပျိုး၏။

ပင်လယ်ရေငန် မဝင်စေရန် တမင် တာရိုးပြုလုပ်ထားခြင်းပင် ဖြစ်သည်။

ထိုအခိုက် လှေကလေးမှာ အနောက်ဘက်ကမ်းခြေနှင့်မိုင်ဝက်မျှသော အကွာအဝေးသို့ ရောက်ရှိလာ၏။

လှေကလေးမှာ ဆက်လက်ရွေ့လျားခြင်း မရှိတော့ပါ။ ထိုနေရာ၌ပင် ရပ်တန့်သွားသည်။

ကျူဖေတို့လူစုက တာရိုး၏နောက်၌ ပုန်းအောင်းလိုက်ကြ၏။ ထို့နောက် လှေကလေးအား အကဲခတ်ကြသည်။



လှေမှာ အမည်းရောင်လှေပင် ဖြစ်သည်။ ယိမ်ဖျောင်းရှမ်းမြင်ခဲ့ဖူးသော လှေပင်။ လှေပေါ်မှ အမည်းရိပ်နှစ်ရိပ်က ရေထဲသို့ ခုန်ချသွားကြောင်း တွေ့ရသည်။ မကြာမီ ပြန်ပေါ်လာ၏။ ထို့နောက် ကမ်းစပ်ဘက်သို့ ရွေ့လျားလာလေသည်။

ကျူဖေက ခေါင်းတစ်ချက်ကုတ်လိုက်သည်။

စိတ်ထဲမှလည်း အံ့သြနေ၏။

"မိစ္ဆာတွေဟာ ဒီလိုတကယ်ပဲ ရေကူးတတ်ကြသလား၊ တစ်ခါမှ မကြားဖူးပါဘူး၊ ဒါ မိစ္ဆာမဖြစ်နိုင်တဲ့အချက်တစ်ချက်ပဲ"

ကျူဖေက ထိုနှစ်ယောက်အား သေချာစွာကြည့်လိုက်၏။ သူတို့၏လက်ထဲ၌ ပျဉ်ပြားတစ်ချပ်ကိုင်ထားသည်ကို လှမ်းမြင်လိုက်သည်။

ထို့အပြင် ရင်ဘတ်နှင့်ချိုင်းကြား၌ ရေပေါ်၌ပေါ်သော အိတ်ကလေးများ ညှပ်ထားသည်ကိုလည်း တွေ့လိုက်ရလေသည်။

ကျူဖေက စိတ်ထဲမှ ကျိတ်ပြုံးလိုက်၏။

ထိုမိစ္ဆာများမှာ အဝါရောင်ဝတ်စုံနှင့် မိစ္ဆာများပင် ဖြစ်သည်။

သူတို့၏ ဝတ်စုံမှာ ထူးဆန်းသည်။

ခေါက်ရိုးခေါက်ရာ တစ်ခုမျှ မရှိ။

တွန့်ရာ တစ်ခုမျှမရှိချေ။

ဝိတ်စ ပတ်ထားသလိုမျိုး ဖြစ်၏။

ကျူဖေက မျက်မှောင်ကုတ်သွား၏။

ထိုမိစ္ဆာများ ဝတ်ဆင်ထားသည်မှာ သားရေတစ်ခုခုဖြစ်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



လည်း ခန့်မှန်းလိုက်သည်။

မကြာမီ မိစ္ဆာနှစ်ကောင် ကမ်းစပ်သို့ ရောက်ရှိလာတော့သည်။

ကမ်းပေါ်သို့ရောက်သောအခါ ကိုယ်ပေါ်မှ ရေပေါ်ပေါ်သော အိတ်ကလေးအား ဖြုတ်ချလိုက်သည်။

ထို့နောက် မျက်နှာကို လက်နှင့်ပွတ်လိုက်ရာ ကြောက်စရာကောင်းသော မျက်နှာသေတစ်ခု ဖြစ်သွားတော့သည်။

ထိုမိစ္ဆာကောင်နှစ်ကောင်မှာ လူအများပြောဆိုနေကြသော အင်္ကျီအဝါ ဦးထုပ်အဝါနှင့် မိစ္ဆာကောင်များပင် ဖြစ်ပါသည်။

ထိုမိစ္ဆာကောင်တို့သည် ခုန်ဆွခုန်ဆွနှင့် တာရိုးဆီသို့ ရောက်ရှိလာကြတော့၏။

တာရိုးအနီးသို့ရောက်သောအခါ မိစ္ဆာကောင်တစ်ကောင်က ဆက်မခုန်တော့ဘဲ မသဲမကွဲတစ်ချက် အော်ဟစ်လိုက်လေတော့သည်။

ထိုမိစ္ဆာကောင်၏အော်သံကြောင့် .... ကျန်မိစ္ဆာကောင်တစ်ကောင်က ဆက်မခုန်တော့ဘဲ ရပ်တန့်သွားသည်။

မိစ္ဆာကောင် မည်သည့်အတွက် အော်သွားသနည်း။

မိစ္ဆာကောင် အော်ရခြင်းအကြောင်းမှာ ယိဖျောင်းရှမ်းက လက်နက်ပုန်းနှင့် ပစ်လိုက်သောကြောင့်ပေတည်း။ သူမ၏ဖခင်ပျောက်ဆုံးနေရသည့်အဖြစ်ကို သူမ ရင်နာမဆုံးပါ။ ထို့ကြောင့် စိတ်မထိန်းနိုင်ဘဲ လက်နက်ပုန်းနှင့် ပစ်မိခြင်း ဖြစ်ပါသည်။

သူမ၏ပညာမှာ မဆိုးပါ။ သူမ၏လက်နက်ပုန်းအပ်ကလေးများမှာ မိစ္ဆာကောင်၏မျက်နှာဆီသို့ တည့်တည့်မတ်မတ်သွားသည်။



မိစ္ဆာကောင်မှာ ရန်သူရှိမည်ဟု မျှော်လင့်မထားပါ။ ရုတ်တရက်ထွက်ပေါ်လာသော လက်နက်ပုန်းများကို မည်သို့မျှ ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါ။ မသဲမကွဲတစ်ချက်အော်ပြီး ယိုင်သွားသည်။

မိစ္ဆာကောင်မှာ ဟိုယိုင် သည်ယိုင်နှင့် လဲမလို ဖြစ်နေသည်။

ယန်လီကျူသည် ပုန်းကွယ်ရာမှ ခုန်ထွက်လိုက်၏။

ယန်ကျင်ကန်ကလည်း ခုန်ထွက်လိုက်သည်။

ထို့နောက် မောင်နှမနှစ်ယောက် ပြေးထွက်သွားကာ မိစ္ဆာကောင်ကို ဝိုင်းဝန်းကာ တိုက်ခိုက်ကြတော့သည်။

ကျိုဖေတ သက်ပြင်းချလိုက်သည်။ သူက မိစ္ဆာကောင်များ တာရိုးပေါ်သို့ ရောက်ရှိလာပြီးမှ အဝိုင်စောင့်တိုက်ရန် စိတ်ကူးထား၏။

မိစ္ဆာကောင်နှစ်ကောင်စလုံးကို သူတို့ငါးယောက်ဝိုင်းကာ .... အရှင်ဖမ်းရန် ကြံစည်ထား၏။

သို့သော် အခြေအနေက မပေးတော့ပါ။ လူငယ်များသည် သိုင်းသမားများမဟုတ်ကြသဖြင့် အမိန့်ကို နားမလည်ကြပါ။ စိတ်လွတ်ကိုယ်လွတ် စိတ်ထင်တိုင်း ဇာပ်နေကြလေပြီ။

ကျန်မိစ္ဆာကောင်တစ်ကောင်မှာ သူ၏အဖော်မိစ္ဆာကောင်တစ်ကောင်၏အခြေအနေ မဟန်မှန်းသိသည်နှင့် ကမ်းစပ်သို့ ပြန်ပြေးသွားတော့၏။

ထို့နောက် စောစောက သူတို့ချထားခဲ့သော အိတ်နှင့်သစ်သားပြားများကို ကောက်ယူလိုက်သည်။ ထို့နောက် ရေထဲသို့ ခုန်ဆင်းသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ကမ်းခြေ၌ မိစ္ဆာကောင်တစ်ကောင်သာ ကျန်တော့သည်။

ထိုမိစ္ဆာကောင်မှာ လက်နက်ပုန်းထိမှန်ထားသော မိစ္ဆာကောင်ပင် ဖြစ်သည်။

ထိုမိစ္ဆာကောင်မှာ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ သွေးရူးသွေးတန်းနှင့်ပြေးနေသည်။

သို့သော် ယန်လီကျူတို့က အလွတ်မပေးပါ။ မိစ္ဆာကောင်အား ဝင်ရောက်တိုက်ခိုက်ကြသည်။

သူမ၏ဓားနှစ်လက်မှာ လျှပ်ရှားလိုက်သည်နှင့် မိစ္ဆာကောင်၏ ခြေထောက်အား ထိမှန်သွား၏။

"ထန် .... ထန်"

သံ,သံချင်း ထိခတ်သံတစ်ခု ထွက်ပေါ်လာ၏။

မိစ္ဆာကောင်က လုံးဝ ဂရုမစိုက်ချေ။

အသံကြားရာသို့ လက်သည်းနှင့် တစ်ချက်ကုတ်ချလိုက်ပြီး ဆက်ပြေးပြန်သည်။

ယန်လီကျူမှာ ထိတ်လန့်ကာ နောက်ဆုတ်ပေးရသည်။

ယန်လီကျူ နောက်ဆုတ်ပေးရသည်နှင့် ယန်ကျင်ကန်က ခုန်ဝင်တိုက်ခိုက်သည်။

မိစ္ဆာကောင်မှာ ပြေးမရတော့ပါ။

လက်နှစ်ဖက်ကို ဆန့်တန်းကာ ပတ်ချာလည် လှည့်လည်တိုက်ခိုက်နေသည်။ သွေးရူးသွေးတန်း တိုက်ခိုက်နေပုံတည်း။



ယန်လီကျူနှင့်ယန်ကျင်ကန်တို့မှာ ပေါင်း၍တိုက်နေသော်လည်း မိစ္ဆာကောင်၏အနားသို့ပင် မချဉ်းကပ်နိုင်ကြချေ။

ကျူဖေက အော်ဟစ်ရင်း ခုန်ဝင်လာ၏။

"ဟော့ .... မင်းတို့ဖယ်လိုက်"

မိစ္ဆာကောင်သည် ကျူဖေ၏အသံကို ကြားလိုက်သည်နှင့် ကျူဖေ ဝင်လာရာဘက်သို့ ကုတ်ချလိုက်သည်။

သို့သော် ကျူဖေက လွတ်ရုံသာ တစ်ချက်ရှောင်ပြီး မိစ္ဆာကောင်၏ လက်ကောက်ဝတ်အား ဖမ်းလိုက်၏။

မိစ္ဆာကောင်မှာ လက်ကိုဖမ်းမိသွားသဖြင့် ထိတ်လန့်သွားပြီး ကျန်လက်တစ်ဖက်ဖြင့် ကျူဖေအား ကုတ်ချပြန်လေသည်။

မိစ္ဆာကောင်၏တိုက်ခိုက်မှုမှာ လျင်မြန်လှသဖြင့် ကျူဖေမှာ ခတတ်သာတော့ဘဲ မိစ္ဆာကောင်၏အကာအကွယ်မဲ့နေသော ရင်ဝသို့တအား ရိုက်ချလိုက်ရတော့သည်။

"ဝုန်း .... "

မိစ္ဆာကောင်မှာ လဲကျသွား၏။ ကျူဖေ၏လက်ဝါးရိုက်ချက်မှာ ပြင်းထန်လှသည်။ ကျူဖေက အားကိုအပြည့်အဝထည့်ကာ ရိုက်ချလိုက်ခြင်းဖြစ်၍ မိစ္ဆာကောင်မှာ လဲကျနေရာမှ ပြန်ထမလာတော့ချေ။

ကျူဖေက မိစ္ဆာကောင်အနီး ဒူးထောက်ထိုင်ချလိုက်ပြီး မိစ္ဆာကောင်၏ကိုယ်ပေါ်မှ အဝတ်အစားများကို ဖယ်ရှားစပြုလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

## မျက်နှာဖုံးကိုခွာချခြင်း

ကျုံဖေ၏ မိစ္ဆာ၏အဝါရောင်ပိတ်စကို ဖယ်ရှားပစ်လိုက်၏။ ဘေးမှ ရပ်ကြည့်နေသူအားလုံး အံ့အားသင့်သွား၏။ ကျုံဖေကမူ အံ့သြခြင်း မရှိပါ။ သူ့အနေဖြင့် ဤသို့ မျှော်လင့်ထားပြီး ဖြစ်ပုံရသည်။

ထိုမိစ္ဆာမှာ မကောင်းဆိုးရွားတစ်ကောင် မဟုတ်ပါ။ အသက်နှစ်ဆယ်ပတ်ဝန်းကျင် လူငယ်တစ်ယောက်သာ ဖြစ်နေပါသည်။

ထိုလူငယ်၏မျက်လုံးနှစ်ဖက်၌ သွေးများ ယိုစီးကျနေ၏။ အသက်လည်း မရှိတော့ပါ။ ထိုလူငယ် သေဆုံးနေပါပြီ။

ကျုံဖေကသေချာစွာကြည့်ပြီး လူငယ်၏မျက်နှာပေါ်မှ မျက်နှာဖုံးတုကို ဆွဲဆုတ်ခွာချလိုက်သည်။

ထိုမျက်နှာဖုံးတုမှာ အထူးစီမံပြုလုပ်ထားသော မျက်နှာဖုံးတုဖြစ်သည်။ ပါးလွှာသော်လည်း ဓားချက်ကိုမူ ခုခံနိုင်စွမ်း ရှိ၏။ လက်ရာကောင်းလှ၏။ ကျုံဖေက မျက်နှာဖုံးတု လက်ရာရှင်ကို ကျိတ်၍ ချီးကျူးမိသည်။



ထိုလူငယ်၏ဝတ်စုံမှာ မိကျောင်းအရေခွံဖြင့် ပြုလုပ်ထားသော ဝတ်စုံဖြစ်သည်။ ထို့ကြောင့် ဓားမတိုးခြင်း ဖြစ်သည်။

ထို့အပြင် အတွင်းဘက်၌ ကြိုက်ပုံ သံပြားလေးများအား ကွင်းဆက် ဆက်သွယ်ကာ ကာကွယ်ထားသေးသည်။ သံချပ်အကျီသဘောမျိုးတည်း။

ထိုလူငယ်၏ခြေဖဝါးတက်၌ သံပြားကိုလိပ်ကာ ပတ်ထား၏။ ထို့ကြောင့် ခြေထောက်ကို ဓားမတိုးခြင်း ဖြစ်လေသည်။

လက်သည်းများမှာမူ မူလလက်သည်းမဟုတ်ချေ။ ရှည်လျားသော သံလက်သည်းရှည်များကို ကွင်းဖြင့် စွပ်ပေးထားခြင်းဖြစ်သည်။ ထိုလက်သည်းရှည်များမှာ ဓားမြှောင်ကဲ့သို့ ထိရောက်ပေသည်။

အားလုံး သက်ပြင်းချလိုက်ကြသည်။

"အင်း .... မိစ္ဆာကောင် .... မိစ္ဆာကောင်နဲ့ တကယ်တော့ မိစ္ဆာကောင်မှမဟုတ်ဘဲ .... လူပဲကိုး .... "

ယန်ကျင်ကန်က မှတ်ချက်ချလေ၏။

"သူတို့ ဘာဖြစ်လို့ မိစ္ဆာကောင်လို ဟန်ဆောင်ရတာလဲမသိဘူးနော် .... "

ယန်လီကျူက ညည်းညည်းညူညူကလေး ပြောလိုက်၏။

ယန်ကျင်ကန်၊ ယန်လီကျူတို့မှာ ဘဝ၌ အေးချမ်းစွာ နေခဲ့ရသူများဖြစ်၍ တရုတ်ပြည်သားများ၏ ဘဝနှင့်သိုင်းလောကအဖြစ်အပျက်များကို အကျွမ်းတဝင် မရှိကြပါ။ ယိဖျောင်းရှမ်းတစ်ယောက်သာ ဟန်တရုတ်များ နိမ့်ပါးသည့်ဘဝနှင့် သိုင်းလောကအခြေအနေကို အတော်

www.burmeseclassic.com

www.burmeseclassic.com



အသင့် သဘောပေါက်မေသည်။

ယိမ်ဖျောင်းရှမ်းအနေဖြင့်မူ သူမ၏ဖခင်ကိစ္စကို သိရပါသည်။

သို့သော် စစ်ဆေးမေးမြန်းရန်မှာမူ မဖြစ်နိုင်တော့ပါ။ မိစ္ဆာကောင်အဖြစ် ဟန်ဆောင်ထားသူကား သေဆုံးနေခဲ့ပြီ မဟုတ်ပါလော။

ယိမ်ဖျောင်းရှမ်းက သက်ပြင်းချလိုက်၏။ ထို့ထက် သူ သိုင်းလောက အတွေ့အကြုံ ရင့်ကျက်သော ကျုံဖေကမူ အလောင်းကို အသေအချာရှာဖွေနေ၏။

သူ မျှော်လင့်ထားသည့်အတိုင်း အလောင်း၏အကျီအိတ်ထဲ၌ ပိတ်စနှစ်စကို တွေ့လိုက်ရတော့သည်။

ကျုံဖေက သေချာစွာ ယူကြည့်၏။

အဖြူရောင် ပိတ်စနှစ်စ ဖြစ်ပါသည်။ ပိတ်စပေါ်၌ အင်းကွက်တစ်ခု ဆွဲထား၏။

နောက်ထပ် ပိတ်စပေါ်၌ တြိဂံကြေးပြားပုံရှိ၏။

ကျုံဖေက မျက်မှောင်ကုတ်သွားသည်။

ထို့နောက် ဒူးထောက်နေရာမှ ထရပ်လိုက်၏။

ယိမ်ဖျောင်းရှမ်းက ....

"ဘဘ ဒီအလောင်းကိုယူပြီး အာဏာပိုင်တွေဆီ သွားပို့မလား"

ကျုံဖေက ခေါင်းခါသည်။

"မဖြစ်သေးဘူး၊ တို့က တရားခံကို သေသေချာချာပြနိုင်တာမဟုတ်ဘူး၊ အခုငွေတိုက်လုယက်တဲ့အမှုက မပြီးသေးဘူး၊ ဒီအလောင်းသွားပို့ရင် တို့ကို သူတို့က စစ်မေးမှာသေချာတယ်။ အခု တို့ဖြစ်ပျက်



ခဲ့တဲ့အခြေအနေကို အမှန်အတိုင်းပဲ သူတို့ကိုပြောပြပြီး၊ သူတို့ယုံမှာမဟုတ်ဘူး တို့ကို အမျိုးမျိုးစစ်မယ်၊ နောက်ဆုံး တို့ပဲ တရားခံဖြစ်မယ်"

"ဒါဆို ဖျောက်ဖျက်ပစ်ရုံပေါ့"

"ဟုတ်တယ်၊ သူ့ကို ပင်လယ်ထဲချလိုက်တော့"

အားလုံးက မိစ္ဆာကောင် အယောင်ဆောင်ထားသူကို ပင်လယ်ထဲ ပစ်ချလိုက်ကြ၏။

ကျုံဖေက ဆက်၍ရှင်းပြ၏။

"ငါသိထားရသလောက်ဆိုရင် မြို့စားကြီး ထော်ပလာဟာ သူ့ဘဏ္ဍာတိုက်ကို မိစ္ဆာကောင်တွေဖောက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး အတော်ဦးနှောက်ခြောက်နေသတဲ့၊ သူ့ခမျာ ဘဏ္ဍာတိုက်ထဲကငွေတွေကိုပြန်ရဖို့နဲ့ တရားခံကိုမိဖို့ ဘာလုပ်ရလုပ်ရ လုပ်မလိုဖြစ်နေတယ်၊ ငါတို့ကသာ ဒီမိစ္ဆာကောင်ဆိုတဲ့ ကံဆိုးရှာတဲ့လူငယ်အလောင်းကို သူ့ဆီသွားပို့ရင် သူက တို့ကို မိစ္ဆာကောင်အုပ်စုထဲ တစ်ခါတည်း တန်းပို့လိုက်မှာ သေချာတယ်။ ဘဏ္ဍာငွေပြန်ရဖို့ကိုတော့ သူက တကဏ္ဍဆောင်ရွက်မှာပေါ့"

ယန်ချင်ထန်သည် ကျုံဖေ၏အမြော်အမြင်ကြီးမှုကို ချီးကျူးမိ၏။

"နောင်ကြီး ကျုံဖေ၊ ကျုပ်ကတော့ ဒီအထိ မမြင်ဘူးဗျာ၊ နောင်ကြီးကို ကျုပ် ချီးကျူးပါတယ်"

"ဟား .... ဟား .... ဟား၊ ဒါအသေးအဖွဲပါ၊ ကဲ .... ဟောကြ ယိမ်ဖျောင်းရှမ်းရဲ့အိမ်ကလေးဆီ ပြန်ပြီးနားကြစို့"

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နေ့လယ်တွင် ကျူးဖေသည် စားပွဲခုံဒ္ဓိထိုင်ကာ တစ်စုံတစ်ခုကို စဉ်းစားနေ၏။ သူ၏ရှေ့စားပွဲခုံ၌ ပိတ်ဖြူစနှစ်စလည်း ရှိနေသည်။

ထိုပိတ်ဖြူစနှစ်စမှာ မိစ္ဆာကောင်ထံမှ ရရှိလာသော ပိတ်ဖြူစ ဖြစ်သည်။

ကျူးဖေသည် ပိတ်ဖြူစနှစ်စပေါ်ရှိ အင်းကွက်ကို သေသေချာချာစစ်ဆေးပြန်သည်။

ထိုပိတ်စနှင့် မိစ္ဆာကောင်ဟန်ဆောင်ထားသော လူတို့၏ ဆက်စပ်ပုံကို စဉ်းစားတွေးတောနေဟန် ရှိသည်။

ယိဖျောင်းရှမ်းသည် ကျူးဖေအား အကဲခတ်နေ၏။ ဤမိစ္ဆာကောင်များကို စုံစမ်းသည့်ကိစ္စ၌ ကျူးဖေ မည်မျှအရေးပါအရာရောက်ကြောင်း သူမ ကောင်းစွာသဘောပေါက်သည်။ သူမ၏ဦးလေး ယန်ချင်ထန်သည် ဤကိစ္စကို စုံစမ်းမည်မှာမှန်သော်လည်း ကျူးဖေကဲ့သို့ တက်တက်ကြွကြွ ရှိမည်ကား မဟုတ်ချေ။

သူမ၏ဦးလေးသည် သိုင်းလောကမှ အနားယူနေခဲ့သည်မှာ ကြာမြင့်ခဲ့ချေပြီ။ ကျူးဖေကား သိုင်းလောကသားသက်သက်ဖြစ်၏။

ယခု မိစ္ဆာကောင်ကိစ္စသည် သိုင်းလောကနှင့် သက်ဆိုင်သည်ဟု လက်ခံထားသည်။ နဂါးနက်ဂိုဏ်းနှင့် ဟူရုန်ဖုံအကြောင်း ပြောခြင်းက ထိုအချက်ကို သက်သေပြသလို ရှိနေ၏။

သူမ၏ဖခင်ကို ရှာဖွေရန်ကိစ္စသည် ကျူးဖေအပေါ် တည်မှီနေကြောင်း သူ ကောင်းစွာသိသည်။



"ဘာ .... ဘာတွေစဉ်းစားနေတာလဲဟင် .... ကျွန်မ သိခွင့်မရှိဘူးလား ...."

ကျူးဖေက ယိဖျောင်းရှမ်းအား လှည့်ကြည့်လိုက်သည်။

ပြီးမှ ....

"ငါ တွေးမိတာ တစ်မျိုးဖြစ်နေလို့ မင်း ဦးလေးကို ခေါ်လိုက်စမ်းပါဦး၊ သူ့ကိုသေချာအောင် မေးရဦးမယ်"

ယိဖျောင်းရှမ်းက ယန်ချင်ထန်အား သွားခေါ်ပေးလေသည်။

ယန်ချင်ထန် ရောက်လာသောအခါ ကျူးဖေက မေးမြန်း၏။

"မင်း အရင်တုန်းက မူနန်ကိုရောက်ဖူးသလား .... "

"ကျွန်တော် အရောင်းအဝယ်လုပ်တော့ ပြည်နယ်အတော်များများ ရောက်ဖူးပါတယ်၊ အခု မူနန်က ဘာဖြစ်လို့လဲ .... "

"မင်းရောက်ဖူးရင် မေးစရာရှိလို့"

"ဟုတ်ကဲ့ မေးပါ၊ နောင်ကြီး ဘာသိချင်လို့လဲ"

"ငါ ကြားဖူးတာ .... မူနန်တောင်ပိုင်းက ရှန်စီတစ်ဝိုက်မှာ အလောင်းမောင်းတဲ့လူမျိုးတွေ ရှိတယ်ဆို"

အလောင်း မောင်းတဲ့ လူမျိုး။

အလောင်း မောင်းတဲ့ လူမျိုး။

ယိဖျောင်းရှမ်းမှာ အကြီးအကျယ် ထိတ်လန့်သွား၏။ သူမ၏ နားရွက်များပင် ထောင်သွားသည်ဟု ထင်မှတ်ရသည်။

ယန်ချင်ထန်က ခေါင်းညိတ်၏။

"ဟုတ်ပါတယ်၊ ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး .... ဟုတ်ပြီ မင်း အလောင်းမောင်းတဲ့မြင်ကွင်းကိုကော မြင်ဖူးသလား ...."

အခန်းထဲသို့ဝင်လာသော ယန်ကျင်ကန်နှင့်ယန်လီကျူတို့သည် ထိုစကားကိုကြားပြီး အကြီးအကျယ် အံ့သြသွားလေ၏။

ယန်လီကျူက မနေနိုင်သဖြင့် ....

"ဘဘ ဘယ်လို အလောင်းမောင်းတာလဲ၊ ပြောပြပါလား၊ သမီးတို့ဗဟုသုတရတာပေါ့ .... "

ကျုံဖေက ....

"ငါက ကြားဖူးရုံသာ ကြားဖူးတာ၊ မင်းတို့အဖေ မြင်ဖူးသလားလို့ သေချာအောင် မေးနေတာပါ"

ယန်ကျင်ကန်က ....

"ဟုတ်လား၊ ဖေဖေ မြင်ဖူးသလားဟင်၊ သားတို့ကို ပြောပြပါလား ...."

ယန်ချင်ထန်က ပခုံးတွန့်လိုက်ပြီး ....

"ဖေဖေလည်း မြင်ဖူးတာတော့ မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ပြောပြပါ ဖေဖေရယ် ....သားတို့ ဗဟုသုတရတာပေါ့ .... "

"အေးပါ .... ပြောပြရမှာပေါ့၊ ဖေဖေက အဲဒီနယ်ဘက်တွေမှာ ကုန်ကူးသန်းဖူးတော့ အဲဒီနယ်ဘက်ကလူတွေပြောတာကို ကြားဖူးတာပဲ ရှိပါတယ်၊ ကိုယ်တွေ့ မျက်မြင်တော့ မဟုတ်ပါဘူး၊ ပြောစကားဆိုတာ တဖြည်းဖြည်းနဲ့ ချဲ့ကားတာမျိုးလည်း ရှိတတ်တာပဲ"



ကျုံဖေက ရယ်၍ပြော၏။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ သူတို့အပျင်းဖြေတော့ ဖြစ်မှာပဲ၊ ပြောသာပြောပါ"

ယန်ချင်ထန်က ....

"နောင်ကြီး ကျုံဖေကပါ ပြောခိုင်းမှတော့ ငါပြောရတော့မှာပေါ့၊ ဟိုတုန်းက ရှန်စီနယ်တစ်ဝိုက်မှာ လူမျိုးစု တစ်မျိုးရှိတယ်၊ သူတို့ကို အောက်လမ်းအတတ်ပညာသည်လို့ပဲ ပြောရမလား မသိဘူး၊ သူတို့က အလောင်းမောင်းတဲ့အလုပ်ကို လုပ်ကြသတဲ့"

ယန်လီကျူက ကြားဖြတ် မေးလိုက်၏။

"ဘယ်လို အလောင်းမောင်းတာလဲ"

ယန်ချင်ထန်က ....

"သမီးက အဲဒါခက်တာပဲ၊ နားထောင်ရင်း သိလာမှာပေါ့၊ ဘာဖြစ်လို့ ဖြတ်ဖြတ်မေးရတာလဲ"

ယန်လီကျူ ဇက်ကလေး ပုသွားသည်။

ယန်ချင်ထန်က စကားဆက်လိုက်၏။

"လူတွေဟာ ခရီးလှည့်လည်သွားရင်း သေဆုံးသွားတယ်ဆိုပါတော့၊ သူ့ရဲ့ဇာတိမှာ ပြန်ပြီးမြှုပ်ချင်တယ်၊ ဒီတော့ ဘယ်လိုလုပ်ပြီး သယ်မလဲ၊ အလောင်းကို သယ်ဆောင်ပြီးဖြတ်တာ ဘယ်မြို့၊ ဘယ်ရွာက လက်ခံမလဲ၊ ဒီတော့ အလောင်းမောင်းတဲ့လူနဲ့ လာဆက်သွယ်ရတယ်၊ အလောင်းမောင်းတဲ့လူတွေက အလောင်းပို့ပေးဖို့ ဆိုပေမယ့် သူတို့က အလောင်းတစ်လောင်းလောက်နဲ့မပို့ဘူးတဲ့၊ ခရီးစဉ်တူတဲ့

www.burmeseclassic.com



အလောင်း အနည်းဆုံးလေးငါးလောင်းရမှ ခရီးစကြသတဲ့၊ အလောင်းတွေရဲ့ ခေါင်းကိုပိတ်မည်းနဲ့ပတ်တယ်၊ ခန္ဓာကိုယ်ကတော့ အလောင်းဖြင့်တဲ့ အဝတ်အစားအတိုင်းပဲပေါ့၊ မျက်နှာပေါ်မှာ အင်းကွက်အွေ့ကပ်ထယ်၊ ခန္ဓာကိုယ်မှာလည်း ကပ်တယ်၊ အလောင်းမောင်းတဲ့ ဆရာကတော့ လက်ထဲမှာ ကြေးခေါင်းလောင်းတစ်လုံးကိုင်တယ်၊ ပါးစပ်ကဂါထာမန္တန်တွေ ရွတ်တယ်၊ အလောင်းတွေဟာ ထူးဆန်းတယ်လို့ဆိုရမှာပေါ့၊ အားလုံးထလာတယ်၊ တန်းစီပြီး ရပ်တယ်၊ အလောင်းမောင်းတဲ့လူနောက်ကို လိုက်လာကြသတဲ့ သာမန်လူတွေဟာ ဒီအလောင်းမောင်လာတဲ့ မြင်ကွင်းနဲ့တွေ့ရင် ချက်ချင်းရှောင်ကြတယ်၊ အသုဘမြင်ကွင်းကြောင့် မဟုတ်ဘူး၊ ကံဆိုးတယ်လို့ ယူဆပြီးရှောင်တာလည်း မဟုတ်ဘူး၊ အစဉ်အလာတစ်ရပ်သဘောမျိုးပဲ ဒီအလောင်းမောင်းတဲ့လူတွေ ရွာနားကိုဖြတ်တော့မယ်ဆိုရင် အဲဒီရွာဟာ တံခါးအလုံပိတ်ထားကြတယ်၊ ကြည့်မြင်စရာအပေါက်မရှိအောင် လုပ်ထားကြသတဲ့ ....”

ယန်ချင်ထန်က ပြောရင်း အားလုံးကို တစ်ချက်ခေ့ကြည့်လိုက်၏။

အားလုံး စိတ်ဝင်စားနေသည်ကို တွေ့တော့မှ သူ စကားကို ပြန်ဆက်သည်။

“အဲဒီအလောင်းမောင်းတဲ့လူတွေမှာ ပညတ်ချက်တွေ အများကြီးရှိတယ်၊ အနေအထိုင်အစားအသောက် ဆင်ခြင်ရတယ်၊ ဒီလူကစည်းမစောင့်ရင် ဒီအလောင်းတွေကလည်း သူ့အမိန့်ကို မနာခံတော့



ဘူးတဲ့၊ ပြဿနာပေါ်တတ်သတဲ့၊ အင်း လောကကြီးဟာ သိပ်ပြီး ကျယ်ပြန့်ပါတယ်၊ ထူးဆန်းတာတွေဟာလည်း အများကြီးမှ အများကြီးပါပဲ”

ယန်ချင်ထန် စကားအဆုံး၌ ယိဖျောင်းရှမ်းနှင့်ယန်လီကျူမှာ ကြက်သီးများပင် ထသွားမိကြ၏။ ကြောက်မက်ဖွယ်ရာ၊ ထိတ်လန့်ဖွယ်ရာ ပညာများပင် မဟုတ်ပါလော။ သို့သော် ဒဏ္ဍာရီတော့ ဆန်သည်။

ယန်လီကျူက မနေနိုင်ဘဲ မေးလိုက်မိပြန်သည်။

“ဘဘကျိုဖေ .... ဒီအလောင်းမောင်းတဲ့အကြောင်း ဘာဖြစ်လို့အဖေ့ကို မေးရတာလဲ ....”

ကျိုဖေက

“အေး .... အဲဒီအလောင်းမောင်းတဲ့ဆရာကြီးမှာ ပိတ်စတွေရှိတယ်၊ အဲဒီပိတ်စမှာ အင်းချပြီး အလောင်းကိုကပ်ပေးကြတယ်လို့ ငါကြားဖူးတယ်၊ အဲဒီမှာပါတဲ့အင်းကွက်နဲ့ အခု ဘဘတို့ရထားတဲ့ ပိတ်စပေါ်ကအင်းကွက်နဲ့ဟာ အတူတူပဲလားဆိုတာ သိချင်လို့ မေးတာပါ”

ယန်လီကျူက ....

“သမီး ခုထက်ထိ မရှင်းသေးဘူး၊ အခု မိစ္ဆာကောင်အယောင်ဆောင်ထားတဲ့လူနဲ့ အလောင်းမောင်းတဲ့အခါ ကပ်ပေးတဲ့ အင်းကွက်ပိတ်စနဲ့ ဘာဆက်စပ်မှုရှိလို့လဲ ....”

ကျိုဖေက ရယ်မောလိုက်သည်။ ပြီးမှ ....

“ကြော် .... မင်းတို့က ညက တိုမိလိုက်တဲ့မိစ္ဆာကောင်ကို သူရှင်လို့ ထင်လို့လား”ဟု ပြန်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ယိဖျောင်းရှမ်းနှင့် ယန်လီကျူမှာ ကြောင်သွား၏။

ယိဖျောင်းရှမ်းက ....

"အဲဒီမိစ္ဆာကောင်ဟာ လူအရှင်က ဟန်ဆောင်ထားတာမဟုတ်ဘူးလား ...."

ကျုံဖေက ခေါင်းညိတ်ကာပြလိုက်၏။

"တစ်နည်းအားဖြင့် ဟုတ်တယ်၊ တစ်နည်းအားဖြင့် မဟုတ်ဘူး"

ယန်လီကျူက မကျေမနပ်နှင့် ....

"ဟင် .... ဘာဘစကားကလည်း သမီးတော့ နားမလည်တော့ဘူး ...."

ကျုံဖေက ....

"အမှန်စင်စစ်ကတော့ လူက အသက်ရှိနေတဲ့အရှင်ပဲ၊ ဒါပေမယ့် သူ့ကို လူသေလို့ ပြောလည်းရတယ်"

ကျုံဖေ၏စကားကြောင့် အားလုံးပို၍နားရှုပ်ကုန်လေ၏။

နားမလည်နိုင်အောင် ဖြစ်သွားရ၏။

ယန်လီကျူက ....

"ဒီလူက ဒဏ်ရာရတော့ သွေးထွက်တာပဲ မဟုတ်ဘူးလား ဘာဘပြောတာ ပိုရှုပ်ကုန်တယ် ...."

ကျုံဖေက အားရပါးရ ရယ်မောလိုက်၏။

"ငါပြောတဲ့စကားကို နားရှုပ်နေတယ်ထင်တယ်၊ ကဲ ငါပြောမယ် .... အသက်ရှင်နေတဲ့လူတစ်ယောက်ဟာ လေးပင်တဲ့အဝတ်



အစားတွေဝတ်မလား၊ ညည့်နက်သန်းခေါင်ထွက်ပြီး ဒုက္ခပေးမလား၊ သူ ငွေရဖို့အတွက်လည်းမဟုတ်ဘူး၊ သူ့အတွက် ဘာရည်ရွယ်ချက်မှလည်း မရှိဘူး၊ ဘာမှလည်း အကျိုးခံစားခွင့်မရှိဘူး၊ ဒီအလုပ်မျိုး မင်းတို့ဆိုရင် လုပ်မလား ...."

ယန်ကျင်ကန်က ခေါင်းကုတ်ကာ ....

"ဒါ .... ဒါတော့ ဘာဖြစ်လို့ လုပ်ရမှာလဲ၊ အခုပဲ ကြည့်ပါလား၊ သူခမျာ သေတောင် သေသွားရှာပြီ"

ကျုံဖေက ....

"အေး .... မှန်တယ်၊ သာမန်အသိဉာဏ်ရှိတဲ့ ဘယ်လိုလူမျိုးဆို ဒီလိုမိစ္ဆာကောင်မျိုးမလုပ်ဘူးကွ၊ ငါ ပြောခဲ့ဖူးသားပဲ၊ အရိုးဖြူကိုက်းချုပ် ဟူရှန်ဖုံဟာ အတိတ်မေ့ဆေးကိုသုံးခဲ့တယ်၊ ဒီဆေးကိုသောက်မိရင် သောက်တဲ့လူရဲ့ မှတ်ဉာဏ်မရှိတော့ဘူး၊ သူဟာ သခင်ရဲ့အမိန့်ကိုပဲ နားလည်တော့မယ်၊ လူ့ကျင့်ဝတ်ဆိုတာလည်း မသိတော့ဘူး၊ ထုံထိုင်းနေမယ်၊ စကားပြောချင်မှလည်း ပြောမယ်၊ ငါ ပြောသားပဲ၊ မီးကျွန်းပေါ်က ဖမ်းမိလာတဲ့လူတွေဟာ မိဘနဲ့ပြန်ဆုံတွေ့တာတောင် မမှတ်မိဘူး၊ ဆေးရဲ့ဖြေဆေးကိုလည်းမသိတော့ အားလုံးသေကုန်ကြတယ်လို့၊ အခုလည်း မိစ္ဆာကောင်တွေဟာ အရိုးဖြူကိုက်းချုပ်ရဲ့အဆိပ်လို အဆိပ်ဆေးမျိုးမိထားကြပုံရတယ်၊ ဒီတော့ သူတို့မှာ မှတ်ဉာဏ်မရှိတော့ဘူး၊ ဒီတော့ လူသေနဲ့ဘာခြားဦးမှာလဲ၊ ဒီပိတ်စက လူသေတွေပေါင်းတဲ့အာနိသင်ရှိတယ်၊ ဒီတော့ သူတို့ဟာ လူသေပဲပေါ့၊ သူတို့ကို လူသေတွေလို့ သတ်မှတ်ထားတဲ့သဘောပဲပေါ့ ...."

www.burmeseclassic.com



စေခိုင်းသူ အရှင်သခင်ကား ကံဆိုးသူ လူငယ်များအား အမှန်တကယ်ပင် လူသေဟု သတ်မှတ်ထားပုံ ရလေ၏။

ကျူးဖေတို့လူစုသည် ဖီယွင်ဖုတံငါရွာကလေး၌ နောက်ထပ် သုံးရက်ခန့် စောင့်ကြည့်ခဲ့ကြသည်။

ညစဉ် ပင်လယ်ကို ဂရုစိုက်ကြည့်ကြသည်။

သို့သော် ထူးဆန်းသောလှေမည်းကိုလည်း မတွေ့ပါ။ ထိုအတူ မိန်းကလေးများကိုလည်း မတွေ့ရတော့ပါ။

မိန်းကလေးများမှာ ဖီယွင်ဖု တံငါရွာကလေး၌ ရန်သူရှိကြောင်း ရိပ်စားမိဟန်တူသည်ဟု သူတို့က ယူဆလိုက်ကြပါသည်။

ထို့ကြောင့် ဖီယွင်ဖုရွာကလေးမှထွက်ခွာရန် ဆုံးဖြတ်လိုက်ကြသည်။

သူတို့က နင်ပိုကိုပြန်မည်မဟုတ်ပါ။ ကျူးဖေက မိန်းကလေးတို့၏ဇာစ်မြစ်ကို မရရအောင် ရှာဖွေတော့မည်ဟု ယန်ချင်ထန်အား အသိပေးသောအခါ စိတ်ဓာတ်တက်ကြွနေပြီဖြစ်သော ယန်ချင်ထန်က သူတို့မိသားစုပါ တစ်ပါတည်း လိုက်တော့မည်ဖြစ်ကြောင်း ကတိပေးသည်။

ထို့ကြောင့် ဖီယွင်ဖု တံငါရွာကဲ့သို့ မိန်းကလေး ဝင်ရောက်ခဲ့သည်ဆိုသည့် ပိုင်ဆာတ်ဖု တံငါရွာသို့သွားရန် စီစဉ်လိုက်ကြလေတော့သည်။



အခန်း(၂၄)

## ပင်လယ်သို့

နောက်တစ်နေ့နံနက်၌ အားလုံး ပိုင်ဆာတ်ဖုတံငါရွာကလေးသို့ ထွက်လာခဲ့ကြသည်။

ပိုင်ဆာတ်ဖုနှင့် ဖီယွင်ဖု တံငါရွာမှာ မိုင်သုံးဆယ်ခန့်သာ ဝေး၏။ ထို့ကြောင့် .... နေ့လယ်ပိုင်း၌ပင် ပိုင်ဆာတ်ဖုတံငါရွာကလေးအနီးသို့ ရောက်ရှိလာခဲ့ကြသည်။

ပိုင်ဆာတ်ဖုရွာကလေးမှာ ဖီယွင်ဖုနှင့် ဘာမျှ မခြားနားပေ။

တံငါသည်များ တစ်ဦးမျှ မရှိတော့ပေ။

လူများသည် အိမ်ကိုအလုံပိတ်ကာ ရွာကိုစွန့်ခွာသွားခဲ့ကြလေပြီ။

"ပိုင်ဆာတ်ဖုရဲ့ကံကြမ္မာလည်း ဖီယွင်ဖုရဲ့ကံကြမ္မာအတိုင်းပဲကိုး"

ကျူးဖေက မှတ်ချက်ချလိုက်၏။

ယိဖျောင်းရှမ်းက ခေါင်းညိတ်၏။

"ဟုတ်တယ်နော် ဘဘ၊ ဒီရွာကလေးတွေလည်း အိမ်များအပြား

www.burmeseclassic.com



အဖမ်းခံလိုက်ရပုံရတယ်" ကျုံဖေက ခေါင်းညိတ်၏။

"တစ်ယောက်မှမကျန်တာတော့ မကောင်းဘူး၊ တို့မေးဖို့မြန်း တစ်ယောက်မှ မရှိတော့ဘဲကိုးကွ ....."

သူတို့က ရွာထဲသို့ ဝင်ရောက်အကဲခတ်ကြည့်ပြီးနောက် ပင်လယ်ကမ်းစပ်ဘက်သို့ ထွက်လာခဲ့ကြသည်။ ကမ်းခြေသို့ ထွက်ခဲ့ခြင်းမှာ သူတို့အတွက် ကံကောင်းခြင်းတစ်ရပ်ပင် ဖြစ်တော့၏။ ရေထဲ၌ တံငါလှေဆယ်စင်းမျှ တွေ့လိုက်ရသောကြောင့်ပေတည်း။

သူ့ရဲ့ကောင်း ကျုံဖေသည် တံငါလှေကလေးများကို တွေ့မြင်လိုက်ရသောအခါ ဝမ်းသာသွားသည် မေးမြန်းစုံစမ်းခွင့်ရတော့မည် မဟုတ်ပါလော။ ကမ်းစပ်မှနေ၍ ယီဖျောင်းရှမ်းက လှမ်းအော်ခေါ်သည်။ မိစ္ဆာကောင်များ မဟုတ်၊ လူသားများဖြစ်ကြောင်း သိရသောအခါ လှေများ ကမ်းစပ်သို့ ကပ်လာ၏။

ယီဖျောင်းရှမ်းက လှေကလေးများအား အကဲခတ်ကြည့်လိုက်၏။

လှေတစ်စင်းပေါ်၌ ယူရှန်ဖုံတို့သားအဖကို တွေ့မြင်လိုက်ရသောအခါ သူမ လွန်စွာ ဝမ်းသာသွားတော့သည်။

ယူရှန်ဖုံတို့သားအဖမှာ သူမအား ဗီယွင်ဖုမှ နင်ပိုမြို့သို့ လိုက်လံပို့ဆောင်ပေးသော တံငါသည် သားအဖပင် ဖြစ်ပါလေ၏။

ယီဖျောင်းရှမ်းက ဝမ်းသာပြီး မြင်းပေါ်မှဆင်းကာ ယူရှန်ဖုံတို့သားအဖထံ ပြေးသွားလေသည်။ ယူရှန်ဖုံတို့သားအဖလည်း ကမ်းပေါ်တက်လာသည်။



ယူရှန်ဖုံမှာ ယီဖျောင်းရှမ်းအား တွေ့သောအခါ အံ့အားသင့်သွားသည်။

ယီဖျောင်းရှမ်းက ....

"ဘဘတို့ပါလား .... ဒီကိုရောက်နေတယ်၊ ကျွန်မတို့ ကံကြီးလို့ ပြန်ဆုံကြရတာပဲနော် ...."

ထိုစဉ် ကျုံဖေတို့လူစုကလည်း အနားသို့ ရောက်ရှိလာလေသည်။ ယူရှန်ဖုံသည် ကျုံဖေအား ရုတ်တရက်တွေ့လိုက်ရသောအခါ တုန်တုန်ယင်ယင်ဖြစ်သွား၏။ ထို့နောက် ဒူးထောက်ကာ ဂါရဝအကြိမ်ကြိမ် ပြုတော့သည်။

ကျုံဖေမှာ ပထမ အံ့အားသင့်သွား၏။ ပခုံးကိုဆွဲထူ၏။ သူ့ကို ဤမျှအရိုအသေပေးဖို့မလိုကြောင်း ပြောသည်။ သို့သော် မကြာမီပင် ယူရှန်ဖုံအား မှတ်မိသွားလေသည်။

ကျုံဖေက ယူရှန်ဖုံအား ဖေးမကာ ဆွဲထူလိုက်၏။

ယူရှန်ဖုံက ....

"ကျွန်တော်တို့ မတွေ့တာ အတော်ကြာပြီနော်၊ ကျွန်တော် သူ့ရဲ့ကောင်းကြီးရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး၊ သူ့ရဲ့ကောင်းကြီးရဲ့နာမည်ကိုရေးပြီး အမြဲ အရိုအသေပေးခဲ့ပါတယ်ခင်ဗျာ"

ယူရှန်ဖုံ၏စကားကြောင့် အားလုံး အံ့အားသင့်သွားကြသည်။

ယန်လီကျူက ဝင်၍စပ်စု၏။

"ဘဘတို့က သိဟောင်းကျွမ်းဟောင်းတွေ ဖြစ်နေကြတာကိုး"

ယူရှန်ဖုံက ....

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီက ဘဘဟာ ဘဘရဲ့ကျေးဇူးရှင်တစ်ယောက်ပေါ့ ကဲ ကဲ လှေပေါ်မှာ လာထိုင်ကြလေ"ဟု ဖိတ်ခေါ်လိုက်၏။

အားလုံးက လှေပေါ် ခုန်တက်လိုက်ကြသည်။

ယိမ်းဖျောင်းရှမ်းက ....

"အင်း .... မယုံနိုင်စရာပဲ .... လောကကြီးဟာ ကျယ်ပြန့်တယ် ဆိုပေမယ့် တကယ်တမ်းကျတော့ ကျဉ်းကျဉ်းကလေးပါပဲနော် .... မမျှော်လင့်တဲ့မိတ်ဆွေတွေဟာ ဒီလိုနည်းနဲ့ပဲ ပြန်ဆုံတတ်ကြတာပဲ"

ကျုံဖေက တီးတိုးရေရွတ်လေ၏။

"မမျှော်လင့်တဲ့ရန်သူတွေလည်း မမျှော်လင့်တဲ့အချိန်မှာ ပြန်တွေ့တတ်ကြတာပဲလေ .... "

ကျုံဖေ၏ ထူးထူးဆန်းဆန်းစကားတို့ အားလုံး စိတ်ဝင်စားသော်လည်း စပ်စုမေးမြန်းခြင်းကား မပြုကြပေ။

ယန့်လီကျူက ....

"စောစောကစကားကို မေးပါရစေဦး၊ ဘဘနဲ့ ဘယ်လိုလုပ်သိတာလဲ .... "

ကျုံဖေက အဝေးသို့ငေးမျှော်ရင်း ....

"ဒီအကြောင်းက ပြောရမှာ ရှည်တယ်ကွယ့်၊ ဘာပဲဖြစ်ဖြစ် ပြောတော့ ပြောရမှာပဲလေ၊ ဒီလိုကွယ့် .... လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကပေါ့ .... "



ကျုံဖေမှာ နယ်တကာ လျှောက်သွားနေသူ ဖြစ်၏။ ခြေထောက် ဖွေပါသူဟာ ခေါ်ဆိုရမည့်လူမျိုး ဖြစ်သည်။

ထိုသို့လျှောက်သွားရင်း ဖုကျန်းပြည်နယ်သို့ ရောက်ရှိလာ၏။

ဖုကျန်းပြည်နယ်သို့ရောက်သောအခါ .... မမျှော်လင့်သော မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရသည်။

ထိုမြင်ကွင်းမှာ လူတစ်ယောက်က ရေထဲခုန်ချရန် ကြိုးစားနေသော မြင်ကွင်းပင် ဖြစ်ပါသည်။ ကျုံဖေသည် စိတ်ထားကောင်းသူဖြစ်၍ လူတစ်ယောက်၏ အချည်းနှီး မသေစေလိုပေ။

ကျုံဖေက ထိုလူအား ကယ်တင်လိုက်လေ၏။

ထိုလူက ကျုံဖေအား ပြန်ရန်တွေ့သည်။

"ခင်ဗျား ဘာလို့ ကျုပ်ကို ဟန့်တားရတာလဲ"

ကျုံဖေက ပြုံးကာ ....

"ခင်ဗျားကကော ဘာလို့ ရေထဲခုန်ချရတာလဲ၊ သေတာမျော်စရာ မကောင်းဘူးဗျ .... "

www.burmeseclassic.com



ထိုသူက အောင့်သက်သက်လေသံဖြင့် ....

"အသက်ရှင်တာလည်း တစ်ခါတလေ ပျော်စရာမကောင်းဘူး ဗျ .... ခင်ဗျား ဘယ်တုန်းကမှ စိတ်ဆင်းရဲစရာနဲ့ မကြုံဖူးဘူးနဲ့တူတယ်"

ကျုံ့ဖေက ရယ်ရင်း ....

"လောကမှာ လူ့ဘဝက ခဏလေးပါဗျာ"

ထိုလူက မဲ့ရွဲ့ကာ ....

"အရေးထဲကျမှ ဓမ္မဆရာနဲ့ လာတွေ့နေသေးတယ်၊ ခင်ဗျား ဟာ ကျုပ်ကို စိတ်ညစ်သက်တမ်းရှည်အောင် လာလုပ်တဲ့လူပဲ"

ကျုံ့ဖေက ပြုံး၍ ....

"ခင်ဗျားအဖြစ်ကို ပြောပြပါလား၊ ကျုပ် ကူညီနိုင်ရင် ကူညီမလို့ပါ၊ကူညီနိုင်လို့ခင်ဗျားစိတ်ချမ်းသာမယ်ဆိုရင်ကျုပ်တကယ်ကူညီပါ့မယ်"

"ခင်ဗျား မကူညီနိုင်ပါဘူးဗျာ ...."

"ဘာဖြစ်လို့လဲ၊ ပြောမှာသာ ပြောစမ်းပါ .... ပုဆွာကို နား မထောင်ရသေးဘဲနဲ့ အဖြေမရှိနိုင်ဘူးလို့ မပြောစမ်းပါနဲ့"

ထိုလူက ....

"ခင်ဗျားပုံစံက သူဌေးမှ မဟုတ်ဘဲ ...."

"ဘယ်လို သူဌေးမှသာ ခင်ဗျားကို ကူညီနိုင်မယ်ဟုတ်လား"

"ဟုတ်တယ် ...."

"ဘာကြောင့်လဲ ...."

"ကျုပ်က ကြွေးလည်ပင်းခိုက်နေတဲ့လူဗျ .... ဒါကြောင့် ကျုပ် သေချင်တာ ...."



"ဘယ်လောက်မို့လို့လဲ ...."

"ငွေသား ငါးဆယ်ပါ"

ကျုံ့ဖေက သဘောကျစွာ ရယ်မောလိုက်၏။

ထို့နောက် အိတ်ထဲမှ ငွေနှစ်ရာကို ထုတ်ယူကာ ပေးလိုက်၏။

"ရော့ .... မင်းအကြွေးဆပ်ပြီး ကောင်းရောင်းကောင်းဝယ် လုပ်စားပါ၊ ငါ သူဌေးမဟုတ်ပေမယ့် ဒါလောက်တော့ ပေးနိုင်ပါတယ်"

ထိုလူမှာ ကြောင်အမ်းအမ်းဖြင့် လက်ခံလိုက်လေ၏။

ကျုံ့ဖေက ....

"ကဲ .... မင်းဒုက္ခကိုပြောပါဦး .... နားထောင်ကြည့်ရအောင်"

ထိုလူက ....

"ကျုပ်နာမည် ယူဆန်ဖုံပါ .... ဒီရွာက ကျားကြီးယုရဲ့အလုပ် သမားတစ်ယောက်ပါ .... သူ့ဆီက ငွေကြိုယူထားကြတော့ နှစ်ကုန်ရင် ထွက်တဲ့စပါးတစ်ဝက်ကို ပေးရပါတယ်၊ ဒီနှစ် လယ်က မကောင်းတော့ သူ့ကိုပေးဖို့မပြည့်ဘူး၊ သူ့ကိုပြည့်အောင် မပေးနိုင်ရင် နောင်နှစ် လယ် မလုပ်ရတော့ဘူး၊ လယ်မလုပ်ရတာက ပြဿနာမဟုတ်ပေမယ့် သူ့ကို ပေးမယ့်စပါးတစ်ဝက် မပေးနိုင်ဘူးဆိုတာနဲ့ သူက လူကိုဖမ်းဆီးနှိပ်စက် တာပါပဲဗျာ၊ လူမဆန်အောင် ရက်စက်ပါတယ်၊ လယ်သမားအားလုံး ကျုပ်လိုပဲ ခံနေကြရတာပါပဲ၊ မခံနိုင်ရင် သတ်သေကြတာ ကျုပ်တို့ ဓလေ့ထုံးစံလိုတောင် ဖြစ်နေပါပြီ"

"ကောင်းပြီ .... အဲဒီ ကျားကြီးယုရဲ့အိမ်က ဘယ်မှာလဲ"

"ရွာထိပ်က အကောင်းဆုံးအိမ်ဟာ ကျားကြီးယုရဲ့အိမ်ပါပဲ၊

www.burmeseclassic.com



တခြားဘယ်သူ့အိမ်မှာ သွားအိမ်လောက် မကောင်းပါဘူး”

ကျုံ့ဖေသည် ကျားကြီးယုဏ်အိမ်ကို အလွယ်တကူ ရှာဖွေတွေ့၏။ ကျားကြီးယု ဟူသည့်နာမည်မှာ ကြားလျှင် ကြောက်စရာ နာမည်မျိုးပင်။ သို့သော် ထိုလူမှာ သတ္တိတစ်စက်မျှ မရှိချေ။

ကျုံ့ဖေက သူ၏အိမ်သို့ဝင်လာပြီး ကျားကြီးယုအား ဓားနှင့်ထောက်လိုက်သည်နှင့် ဓားချွေးများ ပြန်လာ၏။ တုန်တုန်ယင်ယင်ဖြစ်လာသည်။

သူ၏အသက်ကို ချမ်းသာပေးရန် အမျိုးမျိုးတောင်းပန်လေတော့သည်။ ကျုံ့ဖေက ကျားကြီးယုထံမှ လယ်မြေအပေါင်စာချုပ်များယူလိုက်ပြီး မီးရှို့ပစ်လိုက်၏။ လယ်သမားများထံမှ မတရားအတိုးယူခြင်း၊ မတရားနှိပ်စက်ခြင်းတို့ကိုကြားပါက နောက်တစ်ကြိမ်လာပြီး အမှန်တကယ်သတ်မည်ဖြစ်ကြောင်း ကျိတ်တွယ်ပြောပြီး ထွက်လာခဲ့သည်။ ထိုအကြောင်းကို ယူဆန်ဖုံအား ပြန်ပြောပြခဲ့၏။ စိတ်အေးလက်အေးနေနိုင်ရန် ဖြစ်ပေသည်။

သို့သော် ယူဆန်ဖုံမှာအကြွေးဆပ်ပြီးသည်နှင့်ဗိုသည့်ဖွေကာလေးပိုက်ကာ ကျောက်ကျန်းပြည်နယ်သို့ ပြောင်းရွှေ့သွားခဲ့၏။ ထို့နောက် ဖီယွင်ဖုရွာကလေးသို့ရောက်လာခြင်းဖြစ်ပေတော့သည်။

ကျုံ့ဖေ၏ကူညီမှုမှာ မပြောပလောက်ပါ။

သို့သော် ယူဆန်ဖုံအဖို့မှာမူ လွန်စွာပင် ကြီးမားနေခဲ့ပါသည်။



ကျုံ့ဖေက ပြန်ပြောပြသဖြင့် အားလုံး နားလည်သွားကြသည်။

ယူဆန်ဖုံက ....

“သူ့ရဲကောင်းကြီးကရော ဒီကို ဘာလာလုပ်တာပါလဲ ခင်ဗျာ”

ကျုံ့ဖေက ....

“ကျုပ်က ကိစ္စတစ်ခု စုံစမ်းချင်လို့ ရောက်လာတာပါ”

“ကျွန်တော် ဘာများပြန်ပြီးအကူအညီပေးရဦးမလဲသူ့ရဲကောင်းကြီးရယ် .... အားမနာပါနဲ့ခင်ဗျာ”

ကျုံ့ဖေက ပြုံးရင်း ....

“မင်း ကူညီနိုင်းရင် ကူညီမှာလား”

ယူဆန်ဖုံက ရင်ကော့ကာ တာဝန်ခံ၏။

“စိတ်ချပါ၊ ကျွန်တော် အသက်စွန့်ပြီး ကူညီပါ့မယ်”

ကျုံ့ဖေက ရယ်မောရင်း ....

“အသက်စွန့်စရာ မလိုပါဘူးကွာ .... ဒါနဲ့ ကျုပ် မေးစရာရှိသေးတယ်ဗျ .... ”

www.burmeseclassic.com



"ဘာများလဲ ခင်ဗျာ"

"အခု ဒီပိုင်ဆက်ဖုရွာကလေးမှာ လူမရှိတော့ဘူး၊ သူတို့ ဘယ်ရောက်ကုန်ပြီလဲ ...."

ယူဆန်ဖုံက ....

"သူ့ရဲ့ကောင်းကြီး မသိဘူးလား၊ အခုလပိုင်းမှာ မိစ္ဆာကောင်တွေက သောင်းကျန်းလာတယ်၊ လူကိုဖမ်းတယ်၊ ပစ္စည်းတွေလုယက်တယ်၊ ဒီတော့ ဘယ်မှာလူတွေနေရဲတော့မှာလဲ၊ အားလုံးပြောင်းပြေးကုန်တာပေါ့ ...."

ကျုံဖေက ....

"အေး .... ဒီသတင်း ကျုပ်လည်းကြားပါတယ်၊ ဒီကိစ္စအတွက်ပဲ ကျုပ် ရောက်လာတာ .... နည်းနည်းဝင်စွက်ရင်ကောင်းမယ် ထင်လို့"

ယူဆန်ဖုံက ထိုစကားကြားသောအခါ လန့်ဖျပ်သွားရှာသည်။ သူသည် လူကိုတော့ မကြောက်။ မိစ္ဆာကောင်ကိုတော့ ထိတ်လန့်ဟန်ရှိသည်။

"ကျွန်တော် အစတုန်းက ဗီယွင်ဖုရွာမှာ နေခဲ့တာ ဆရာ၊ မိစ္ဆာကောင်တွေ သိပ်သောင်းကျန်းတယ်၊ ဒီမှာလည်း မိစ္ဆာကောင်တွေ ဝင်သောင်းကျန်းတယ်၊ ဒီတော့ လူတွေ အိမ်ပစ်၊ လုပ်ငန်းပစ်ပြီး ပြေးကြတယ်၊ ကျွန်တော်က မကြောက်လို့မဟုတ်ဘူး၊ ကျွန်တော်ပိုင်တဲ့ ပစ္စည်းဆိုလို့ တံငါလှေတစ်စင်းပဲရှိတယ်၊ ပြီးတော့ အမြဲရေထဲမှာနေတာ၊ ငါးမဖမ်းရင် စားစရာမရှိဘူး၊ ဒါကြောင့် ငါးဖမ်းနေတာ၊ နေ့လယ် ဒီကမ်းခြေမှာ လာနားတယ်၊ ညဆို ပင်လယ်ထဲပြန်ထွက်တယ်၊ သူ့ရဲ့



ကောင်းကြီးအနေနဲ့ ဒီကိစ္စကို ဝင်မစွက်တာကောင်းမယ်လို့ ထင်ပါတယ်ခင်ဗျာ၊ အခုကိစ္စက လူနဲ့လူချင်း တိုက်ခိုက်ရတဲ့ကိစ္စ မဟုတ်ပါဘူး"

ကျုံဖေက ခေါင်းညိတ်လိုက်၏။

"နေဦး .... ကျုပ်မေးဦးမယ်၊ ဒီပင်လယ်ပြင်မှာ ထူးဆန်းတဲ့ အမည်းရောင်လှေကိုရော တွေ့ဖူးသလား"

ယူဆန်ဖုံ၏မျက်နှာမှာ ကွက်ခနဲ ပျက်သွား၏။

ထို့နောက် လေသံဖြင့် ....

"သူ့ရဲ့ကောင်းကြီးက ဒီကိစ္စကို တကယ်ပဲ စုံစမ်းတော့မလို့လား"

ကျုံဖေက လေသံမာမာဖြင့် ....

"ဒီမှာယူဆန်ဖုံ .... ကျုပ်မှာ ဘယ်သံယောဇဉ်မှမရှိဘူး .... အသက်လမ်းဂိုဏ်းသား သိုင်းသမားတစ်ယောက်အနေနဲ့ လူတွေ ကောင်သောင်း အိုးပစ်၊ အိမ်ပစ် ဒုက္ခရောက်နေတာကို လက်ပိုက်ကြည့်နေနိုင်ဘူး၊ ကျုပ် သေချင်သေပါစေ၊ ဒီကိစ္စကို ကျုပ်ဖော်ထုတ်မယ်"

ယူဆန်ဖုံက စိတ်ကို တင်းလိုက်၏။ ပြီးမှ လေသံဖြင့်ပင် ....

"ဟုတ်ကဲ့၊ လှေအမည်းကို တွေ့ဖူးပါတယ်၊ ဒီလှေဟာ ဟိုတုန်းက ကျော်ကြားခဲ့တဲ့ နဂါးနက်ပင်လယ်ဓားပြဂိုဏ်းကလှေပါပဲ .... ကျွန်တော်တို့ တံငါသည်တွေဟာ ဒီလှေကိုကြောက်ကြတယ်လေ၊ အခု နဂါးနက်ဂိုဏ်း မရှိတော့ပါဘူး .... ဒါပေမယ့် ရှိနေတုန်းပဲ"

ဤကား ကျုံဖေတို့ အမြတ်ရရှိလိုက်သည့် အချက်ပေတည်း။ နဂါးနက်ဂိုဏ်းက အသုံးပြုခဲ့သော လှေမည်းသည်တကယ်ရှိနေခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျုံဖေက သေချာအောင် ထပ်မေး၏။

"မင်း ဒီလှေအမည်းကို ဘယ်နှစ်ကြိမ်တွေ့ဖူးသလဲ"

ယူဆန်ဖုံက ....

"ငါးကြိမ်လောက် တွေ့ဖူးပါတယ်"

"တွေ့တဲ့နေ့တွေကော မင်း မှတ်မိသေးသလား .... မှတ်မိ ပြောပြစမ်းပါ .... ခန့်မှန်းခြေပဲဖြစ်ဖြစ်ပေါ့ .... "

ယူဆန်ဖုံက ခေါင်းတစ်ချက် ကုတ်လိုက်၏။

ထို့နောက် ....

"တချို့အကြိမ်တွေကို သိပ်မမှတ်မိတော့ဘူး၊ ကျန်ခဲ့တဲ့ နှစ်ကြိမ် ကိုတော့ မှတ်မိပါတယ်"

"ပြောပါဦး .... "

"တစ်ကြိမ်က လဆုတ် ဆယ့်သုံးရက်နေ့၊ နောက်တစ်ကြိမ်က လည်း ဒီလ ဆယ့်ခြောက်ရက်နေ့၊ ဒီနှစ်ကြိမ်ပဲ မှတ်မိတယ်"

ကျုံဖေက ပြန်စဉ်းစားလိုက်၏။ သူသည် အလွန်မှတ်ဉာဏ် ကောင်း၏။

ပထမနေ့သည် ငွေတိုက်ကို လာ၍လုယက်သောနေ့ဖြစ်သည်။

ဒုတိယနေ့သည် မြို့စားဂေဟာသို့ မိစ္ဆာကောင် လာသောင်း ကျန်းသောနေ့ဖြစ်သည်။

ကျုံဖေက ထိုလှေမည်းလေးများသည် မိစ္ဆာကောင်အယောင် ဆောင်ထားသော လူသားများအား သယ်ဆောင်ပေးနေသည့် ရေ ယာဉ်များဖြစ်သည်ဟု လုံးဝ သတ်မှတ်လိုက်၏။



သူက သက်ပြင်းချရင်း စိတ်ထဲမှကျိတ်၍ ကြုံးဝါးလိုက်လေ၏။

"အင်း .... ဒီမိစ္ဆာကောင်တွေ ဘယ်က လာတယ်ဆိုတာ ရအောင်စုံစမ်းရမယ်၊ ဒီလှေမည်းကို မတွေ့တွေ့အောင် ရှာမယ်၊ ဒီလှေ မည်းကိုတွေ့ရင် သူတို့စခန်းကိုတွေ့ဖို့ မခဲယဉ်းတော့ပါဘူး"

ကျုံဖေက ယူဆန်ဖုံအား ထပ်မေး၏။

"ငါ မေးဦးမယ် .... တို့ နင်ပိုနဲ့ ဝမ်ရန်ခ ခရိုင်ကြားမှာ ကျွန်း ကြီး ဘယ်နှစ်ကျွန်းရှိသလဲ"

ယူဆန်ဖုံက စဉ်းစားပြီး ဖြေ၏။

"ကျွန်တော်တို့လှေက သေးတယ်၊ သိပ်ပြီး ဝေးဝေးစုံအောင် မရောက်ဖူးဘူး၊ ဒီတော့ သိပ်မသိပါဘူး၊ နောက်ပြီး ဒီဒေသတစ်ဝိုက်မှာ ကျွန်းတွေက မှိုလိုပေါက်နေတော့ သိပ်သိတဲ့လူလည်းရှိမယ် မထင်ပါ ဘူး .... "

ကျုံဖေက ....

"ကဲ .... မင်း သိသလောက်ပဲ ပြောစမ်းပါ"

ယူဆန်ဖုံက ....

"ကျွန်တော် သိသလောက်က ထောင်ဗုံကျွန်း၊ လူဟန်ကျွန်း၊ ချစ်စန်းကျွန်း၊ ဝီစန်ကျွန်း၊ တံငါကျွန်း၊ ချင်ကျားမင်ကျွန်းတွေလောက်ပါ ပဲ၊ ကျွန်းတွေအားလုံးကတော့ တူနေပါတယ်၊ တခြားထူးခြားချက်ဆို လို့ ဘာမှ မရှိပါဘူး" ဟု ပြောပြလိုက်၏။

ကျုံဖေက မျက်မှောင်ကြုတ်ကာ စဉ်းစားသည်။

"အင်း .... ဒီကျွန်းတွေက လူနေတယ်ဆိုတော့ မိစ္ဆာကောင်

www.burmeseclassic.com

www.burmeseclassic.com



တွေ စခန်းရှိမှာမဟုတ်ဘူး၊ တခြားကျွန်းတွေမှာ စုံစမ်းရမယ်"

ထိုအခိုက် အနီးနားမှ တံငါလှေများမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေသည်။

ထို့နောက် ....

"လာပြီ .... ဒီလှေလာပြန်ပြီ"ဟု အော်သံများ ထွက်ပေါ်လာလေသည်။ ယူဆန်ဖုံကလည်း လှည့်ကြည့်လိုက်၏။

ထို့နောက် မျက်နှာပျက်သွားပြီး ....

"သူ့ရဲကောင်းကြီး တွေ့ချင်တဲ့လှေတော့ လာပြန်ပြီ"

အားလုံးက အသံလာရာဆီသို့ လိုက်ကြည့်လိုက်ကြသည်။

ပိုင်ဆတ်ဖု ကမ်းခြေနှင့် သုံးမိုင်ခန့်အကွာ ပင်လယ်ပြင်ထဲ၌ ရွက်မပါသော အမည်းရောင် လှေကလေးကို တွေ့လိုက်ရသည်။

တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေ၏။

တံငါသည်များမှာ ညည်းညူနေကြ၏။ နိမိတ်မကောင်းကြောင်း တစ်ဦးနှင့်တစ်ဦး တိုးတိုးပြောဆိုနေကြသည်။

ကျုံဖေက ဦးစွာ သတိဝင်လာ၏။

သူက ယူဆန်ဖုံအား ....

"ဟေ့ .... မင်း လှေကို ရွက်တင်လိုက်ပါ"

ယူဆန်ဖုံမှာ ထိုစကားကြောင့် မျက်နှာပျက်သွားသည်။

လူကလည်း မလှုပ်ဘဲ ရှိနေ၏။ သူသည် ကျုံဖေ၏ဆိုလိုရင်းကို ရိပ်မိသည်။ ယိဖျောင်းရှမ်းက အားမလို အားမရ ဖြစ်သွားပြီး ....

"ဘာ ဘာငေးနေတာလဲ ရွက်တင်လေ .... "



ယူဆန်ဖုံက ....

"ဒီလှေနောက် လိုက်မလို့လား"

"ဟုတ်တယ်"

"မလိုက်ပါနဲ့၊ ဒါဟာ မကောင်းဆိုးဝါးပဲ"

ယိဖျောင်းရှမ်းက ....

"ဘာဘက မကူညီချင်ဘူးလား"

"မဟုတ်ပါဘူး၊ ဒါပေမယ့်"

"ဒါပေမယ့် လုပ်မနေနဲ့၊ ဘာဘပဲ စောစောကတော့ အသက်စွန့်ကူညီမယ်ဆို"

ယူဆန်ဖုံမှာ သူ့စကားနှင့်သူ မိသွား၏။ သို့သော် သူသည် ကျုံဖေအတွက် အသက်စွန့်ရန် ဝန်မလေးသူ ဖြစ်ပါသည်။

ချက်ချင်းပင် လူကလည်း လှုပ်ရှားလာ၏။

သူက သားဖြစ်သူအား လှမ်းအော်ကာ လှေကို အမြန်ဆုံးထွက်ရန် ပြင်ဆင်လိုက်ကြသည်။ အခြား တံငါလှေများက တားဆီးကြသော်လည်း ကျုံဖေ၏နိုင်မာသောဆုံးဖြတ်ချက်ကိုပြင်ဆင်စေရန်တော့ မတတ်နိုင်ကြပေ။ နောက်ဆုံး ယူဆန်ဖုံ၏တံငါလှေသည် ပင်လယ်ထဲသို့ ရွက်လွှင့်ထွက်ခွာသွားလေတော့၏။

တံငါသည်များမှာ အလောသုံးဆယ်ဖြင့် ထွက်ခွာသွားသော ယူဆန်ဖုံတို့၏လှေကိုကြည့်ကာ အံ့အားသင့်ကျန်ရစ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)

## မိစ္ဆာကျွန်းသို့

ပင်လယ်လေမှာ တဖြူးဖြူးနှင့် တိုက်ခတ်နေ၏။

လေစုန်ကိုသွားရသောကြောင့် ယူဆန်ဖုံ၏လှေကလေးမှာ လွန်စွာ လျင်မြန်လှသည်။

ယူဆန်ဖုံတို့သားအဖသည် အားတက်သရော ကူညီလှော်ခတ်နေကြခြင်းကလည်း လှေကိုပို၍ ပြေးစေပေသည်။

သူတို့ လှေကလေး၏ဦးတည်ရာကား အမည်းရောင်လှေ ထွက်ပေါ်လာရာဘက်သို့တည်း။

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးလာ၏။ တဖြည်းဖြည်းနှင့် နေကစောင်းလာ၏။

ပင်လယ်ရေမျက်နှာပြင်သည် နေရောင်ကြောင့် ဖုစွန်ဆီရောင်ပင် သန်းလာလေပြီ။ သူတို့ မည်မျှ လျင်မြန်စေကာမူ အမည်းရောင်လှေကိုတော့ မတွေ့ကြရချေ။

ကျိုဖေက သက်ပြင်းချလိုက်၏။



ယန်ချင်ထန်က လက်ဝါးကို လက်သီးဖြင့်ထိုးချပြီး ....

"နှမြောလိုက်တာကွာ .... ဒီလှေလွတ်သွားတယ် .... တို့သာ စောစောလိုက်နိုင်ရင်ကောင်းမှာ .... အခွင့်အရေးတစ်ခု ဆုံးရှုံးသွားတာပဲ ...."

ယန်ချင်ထန်၏စကားအဆုံး၌ ယိဖျောင်းရှမ်း၏အော်ဟစ်သံက ထွက်ပေါ်လာသည်။

"ဟိုမှာ .... ဟိုမှာ .... တွေ့ပြီ"

အားလုံးက ယိဖျောင်းရှမ်းညွှန်ပြရာဘက်သို့ ကြည့်လိုက်ကြ၏။

သူတို့လှေ၏ညာဘက်၌ အမည်းစက်ကလေးတစ်စက်ကို တွေ့လိုက်ကြရသည်။ ထိုအမည်းစက်ကလေးသည် တဖြည်းဖြည်းနှင့် ကြီးလာလေ၏။ အမည်းစက်ကလေးမှာ သူတို့ဘက်သို့ လျင်မြန်စွာ ရွေ့လျားလာနေခြင်းဖြစ်သည်။ ဝေးရာမှ နီးလာနေခြင်း ဖြစ်သည်။

တစ်စထက်တစ်စ နီးကပ်လာရာ သူတို့လှေနှင့် မိုင်ဝက်ခန့်သာဝေးသော နေရာသို့ပင် ရောက်ရှိလာလေတော့သည်။

ကျိုဖေက လှေကိုသေသေချာချာကြည့်လိုက်၏။ ပြီးမှ ....

"ဒီလှေဟာ စောစောကလှေမဟုတ်ဘူး .... နောက်ထပ် တစ်စင်းပဲ"ဟု မှတ်ချက်ချလိုက်သည်။

ယန်ချင်ထန် အံ့သြသွား၏။ မည်သို့ခွဲခြားသိနိုင်သနည်း။

"ဘာ .... နောက်ထပ်တစ်စင်း ဟုတ်လား"

ကျိုဖေက ခေါင်းညိတ်ကာ ....

"ဟုတ်တယ်၊ စောစောကလှေထက် ဒီလှေက ခေါင်းနည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



ပိုမြင့်တယ်၊ အမြီးနည်းနည်းပိုပြီးကော့တယ်၊ ဒါကြောင့် ပထမ
မဟုတ်မှန်း သိတာ .... ”

ထို့နောက် သူတို့၏တင်ငါလှေအား ထိုအမည်းရောင်လှေဆီ
ဦးတည်လိုက်တော့သည်။ လာမည့်ဘေး ပြေးတွေ့ကြရပေတော့
သူတို့က အမည်းရောင်လှေနောက်သို့ လျှင်မြန်စွာ လိုက်သွာ
၏။

သို့သော် သူတို့၏လှေထက် အမည်းရောင်လှေက ပိုမို၍လျှ
မြန်သည်။

တစ်ခဏချင်း၌ပင် မြင်ကွင်းများမှ ပျောက်ကွယ်သွားပြန်
တော့သည်။

အားလုံး စိတ်ဓာတ်ကျသွား၏။

ကျုံဖေကမူ စိတ်မပျက်ပါ။

လှေဦး၌သွားရပ်ပြီး အမည်းရောင်လှေ ပျောက်ကွယ်သွား
အရပ်သို့ မျှော်ကြည့်သည်။ ထို့နောက် အားတက်စွာအော်လိုက်သည်

“ဟိုမှာကြည့်စမ်း .... ကျွန်းသုံးကျွန်းလို့ ကျုပ်ထင်တယ်၊ အဲ
ကို သွားကြမယ်၊ ကျွန်းဆိုရင် အဲဒီကျွန်းဟာ သူတို့ရဲ့ ကွန်းခိုစခန်းဖြ
နိုင်တယ် .... ”

အားလုံးက ကျုံဖေပြရာသို့ လှမ်းကြည့်လိုက်၏။

အဝေးဆီ၌ ရေးရေးမျှသော အမည်းရောင်အရိပ်သုံးခုကို တွေ့
မြင်လိုက်ကြရသည်။

ယူဆန်ဖုံက ကျုံဖေညွှန်ပြရာသို့ ကြည့်လိုက်၏။



ထို့နောက် မျက်နှာပျက်သွားပြီး ....

“သူ .... သူရဲကောင်းကြီး .... ဒီ .... ဒီ .... ဒီနေရာကို သွားလို့
မဖြစ်ဘူးထင်တယ် .... ”

ဟု အထစ်ထစ်အငေါ့ငေါ့နှင့်ပြောလိုက်လေသည်။

ကျုံဖေက မျက်မှောင်ကုတ်သွားသည်။ ယူဆန်ဖုံအား စိုက်
ကြည့်ကာ ....

“ဘာလဲ .... ခင်ဗျားကြောက်လာပြန်ပြီလား”

ယူဆန်ဖုံက မဖြေသေးမီ ယူကျင်းဖိုက်က ဝင်ရောက်အဖြေ
ပေးလိုက်၏။

“ဘာဘတို့က မသိလို့ပါ၊ ဒီကျွန်းကို မိစ္ဆာကျွန်းလို့ခေါ်တယ်၊
တချို့ကတော့ ရေအောက် ငရဲမြေကျွန်းလို့ ခေါ်ကြပါတယ်၊ ဒီကျွန်းကို
သွားရင် ပြန်လမ်းမရှိဘူးလို့ ယုံကြည်ပြီး ဒီကျွန်းကို ဝေးဝေးကရှောင်
ကြပါတယ်”

ယီဖျောင်းရှမ်းက ဝင်မေးလိုက်၏။

“မဟုတ်သေးပါဘူးလေ၊ သည့်ပြင်အကြောင်းတော့ ရှိဦးမှာပါ”

ယူကျင်းဖိုက်က ....

“တခြားအကြောင်းတွေကတော့ .... ဒီကျွန်းပတ်ချာလည်မှာ
ကျောက်ဆောင်တွေပေါတယ် .... ဝဲတွေများတယ် .... ရေစီးကလည်း
အရမ်းသန်တယ် .... တော်ရုံတန်ရုံနဲ့ရောက်ဖို့ မလွယ်ဘူး၊ လှေရောက်
ရင် အားလုံးသေကြတာပဲ၊ ဒါကြောင့် ငရဲမြေကျွန်းလို့ ခေါ်ကြတာပါ”

ယူကျင်းဖိုက်နှင့် ယူဆန်ဖုံတို့ မည်မျှတားဆီးစေ ကျုံဖေက

www.burmeseclassic.com

www.burmeseclassic.com



တော့ ထိုကျွန်းသို့ အရောက်သွားရန် လုံးဝ စိတ်ပိုင်းဖြတ်လိုက်သည်။

"တစ္ဆေကျွန်းပဲဖြစ်ဖြစ်၊ မိစ္ဆာကျွန်းပဲဖြစ်ဖြစ် အမည်းရောင်လှေတောင် သွားလို့ရရင် ငါတို့လှေလည်း သွားလို့ရမှာပဲ၊ သွားသာသွားကြပါ၊ လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပဲ၊ ဘာမှကြောက်စရာမရှိဘူး"

ကျုံဖေ၏ခိုင်မာရဲရင့်လှသောလေသံက အခြားသူအားလုံးကို စိတ်ဓာတ်တက်ကြွစေသည်။

ယူဆန်ဖုံက မငြင်းချင်တော့ပါ။

ကျုံဖေ စိတ်တိုင်းကျ လုပ်ဆောင်ပေးရန် ဆုံးဖြတ်လိုက်၏။ သူ့ကျေးဇူးရှင်မဟုတ်ပါလား။

ထို့နောက် ကျွန်းဆီသို့ ဦးတည်ရွက်တိုက်သွားလေတော့၏။

နေလုံးသည်ပင် ပင်လယ်ထဲသို့ နစ်ဝင်ငုပ်လျှိုးတော့မည်ဖြစ်သည်။ အလင်းရောင်မှာလည်း နည်းလာသည်။

ကျုံဖေတို့သည် လှေကလေးသည်လည်း မိစ္ဆာကျွန်းနှင့် မလှမ်းမကမ်းနေရာသို့ ရောက်ရှိလာလေ၏။

ကျုံဖေသည် အရေးပေါ်တွက်ချက်ရတော့၏။ ရေစီးသန်ခြင်း၊ ကျောက်ဆောင်ပေါ်ခြင်းတို့ဖြင့် မြှမ်းတီးနေသည့် ဤကျွန်းသို့ အမှောင်ထဲ၌ ကမ်းကပ်ရန်မှာ လွန်စွာခက်ခဲသောအလုပ်ဖြစ်သည်။ အခြားသူများမှာ မျက်နှာငယ်ကလေးများနှင့် ဖြစ်နေကြ၏။ ကျုံဖေသည် ဆုံးဖြတ်ချက်လျင်မြန်သူ ဖြစ်၏။

သူသည်ပတ်ဝန်းကျင်အားလှည့်ပတ်အကဲခတ်ကြည့်ရှုလိုက်သည်။

မိစ္ဆာကျွန်းနှင့် မလှမ်းမကမ်း၌ ကျွန်းသေးသေးလေးတစ်ခုကို



တွေ့မြင်လိုက်သဖြင့် ရင်ထဲ အေးသွားသည်။

ကျုံဖေက ယူဆန်ဖုံတို့သားအဖအား ချက်ချင်းညွှန်ကြားလိုက်သည်။

"ဟော ... တို့ဒီည မိစ္ဆာကျွန်းကိုသွားလို့ မဖြစ်တော့ဘူး၊ ဒီတော့ ဟောဟိုက ကျွန်းလေးမှာ လှေကပ်ဖို့ ကြိုးစားပေတော့"

ယူဆန်ဖုံမှာ ကျုံဖေ၏စကားကြောင့် စိတ်သက်သာရာ ရသွား၏။

ထိုငရဲမြေကျွန်းသို့ အမှောင်ထဲ၌ ကမ်းကပ်ရန်မှာ လုံးဝမဖြစ်နိုင်ပါ။ ရေကြောင်း အလွန်ကျွမ်းကျင်သူပင် ကမ်းကပ်နိုင်မည် မဟုတ်ပါ။

ကျုံဖေက အတင်းအကျပ်ခိုင်းလျှင် သူသည် ကြိုးစားပမ်းစား ကမ်းကပ်ပါမည်။ ထိုအခါ အားလုံး သေကြပါလိမ့်မည်။

ယခု ကျုံဖေက မနက်မှသွားမည်ဟူသောစကားကြောင့် စိတ်သက်သာရာ ရသွားခြင်းပင် ဖြစ်ပါသည်။ သူ့ရဲကောင်းကြီး ကျုံဖေသည် အခြေအနေမှန်ကို သုံးသပ်တတ်သူဟု သူ ပို၍ ယုံကြည်လေးစားသွားလေ၏။

ယူဆန်ဖုံက သားဖြစ်သူကို ရွက်တစ်ဝက်ချခိုင်းလိုက်၏။

ထို့နောက် လှော်တက်ဖြင့် လှော်ခတ်ပြီး တစ်ဘက်ရှိကျွန်းသို့ ကပ်သည်။ တဖြည်းဖြည်း ကျွန်းအနီးသို့ရောက်ရှိလာလေသည်။

ထိုကျွန်းမှာ ကျောက်ဆောင်မရှိ၊ ဝဲကတော့မရှိသဖြင့် ကပ်ရလွယ်ကူပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျုံဖေက လှေကလေး ကျွန်းသို့ မကပ်မီမှာပင် ကျွန်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။

ထိုကျွန်းကလေးအား အကဲခတ်ကြည့်ရှုလိုက်၏။

ကျွန်းကလေးမှာ ကေနစ်ဆယ်မျှသာ ကျယ်ဝန်း၏။ သေးငယ်သော ကျွန်းကလေး ဖြစ်သည်။

လူရိပ်လူယောင်ပင် မတွေ့ရချေ။

သူက စိတ်ချရမှ လှေကလေးအား ကမ်းသို့ကပ်နိုင်းလိုက်၏။

လှေကလေး ကမ်းသို့ကပ်လိုက်ပြီးနောက် အားလုံး လှေပေါ်မှ ဆင်းကာ ကျွန်းပေါ်တက်ကြသည်။

ကျုံဖေက ....

"အားလုံး သတိထားကြ၊ စကားပြောရင် အော်ကြီးဟစ်ကျယ် မပြောနဲ့၊ လေသင့်ရင် ဒီကျွန်းအသံဟာ ငရဲမြေမိစ္ဆာကျွန်းကို ရောက်သွားနိုင်တယ်၊ တကယ်လို့ ရန်သူရှိနေရင် တို့ဟာ ကိုယ့်လည်ဝင်းကိုယ် ကြိုးကွင်းစွပ်သလို ဖြစ်နေမယ်၊ ဒါကြောင့် အားလုံး ရန်သူ့နယ်မြေနား ရောက်နေပြီဆိုတဲ့အသိမျိုးထားကြ"

အားလုံးပင် ခေါင်းညိတ်လိုက်ကြသည်။

ယူဆန်ဖုံတို့သားအဖက လှေကလေးအား ကမ်းစပ်တစ်နေရာ၌ သေချာစွာ ကြိုးဖြင့် ချည်နှောင်ပြီး ကမ်းပေါ်သို့ တက်လာခဲ့ကြလေတော့သည်။

ထိုအချိန်၌ နေ့အလင်းအရောင်မှာ လုံး၀ ပျောက်ကွယ်သွားခဲ့လေပြီ။



ပတ်ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်းလာလေသည်။ သို့သော် မကြာမီအချိန်အတွင်းမှာပင် လထွက်လာ၏။

လရောင်ကြောင့် ပင်လယ်ပြင်မှာ ဝိုး၍လှပနေသည်။

ယူကျင်ဖိုက်က လှေထဲမှ စက္ကူမီးအိမ်တစ်ခုယူကာ မီးထွန်းညှိရန် ဟန်ပြင်သည်။ ကျုံဖေက အရေးတကြီး ဟန့်တားလိုက်သည်။

"မထွန်းနဲ့၊ ဒီည လသာတာပဲ၊ လရောင်အောက်မှာပဲ ထိုင် စကားပြောကြတာပေါ့၊ မီးရောင်မြင်ရင် သူတို့ကျွန်းအနားကို ငါတို့ ရောက်နေပြီဆိုတာ သတိပေးသလို ဖြစ်သွားမှာပေါ့ ...."

ယူကျင်းဖိုက်သည် စက္ကူမီးအိမ်ကို ပြန်သိမ်းလိုက်ရ၏။

ထို့နောက် ကျောက်ဆောင်များပေါ်၌အားလုံးထိုင်ကာ စကားစမြည် ပြောကြသည်။ အားလုံး တိုးတိုးပင် ပြောကြသည်။

သူတို့နှင့် မလှမ်းမကမ်း၌ ကျုံဖေနှင့် ယန်ချင်ထန်တို့ ထိုင်ကြသည်။ လူကြီးများဖြစ်၍ စကားဝိုင်း၌ မပါပါ။ ယူဆန်ဖုံကလည်း သူ၏ ကျေးဇူးရှင် ကျုံဖေအနီး၌ ထိုင်သဖြင့် လူကြီးများက တစ်စု သတ်သတ်၊ လူငယ်များက တစ်စုသတ်သတ်ဖြစ်သွားတော့၏။

ယူကျင်းဖိုက်၊ ယန်ကျင်ကန်နှင့် ယန်လီကျုံတို့က တိုင်းရေးပြည်ရေးများနှင့် သိုင်းလောကအကြောင်း တစ်ယောက်တစ်ပေါက် ပြောကြသည်။ အကြောင်းအရာ စုံလင်လှ၏။

ယိဖျောင်းရှမ်းမှာ နားထောင်ရင်း ပျင်းလာသဖြင့် စကားဝိုင်းမှ ထကာ လမ်းလျှောက်မည်ဟု စိတ်ကူးသည်။

ထိုစဉ် သူမ၏မျက်လုံးအစုံသည် တစ်နေရာသို့ ရောက်ရှိသွား

www.burmeseclassic.com

www.burmeseclassic.com



ပြီး မျက်လုံးအစုံ ဝိုင်းစက်သွားလေ၏။

"ဟောဟို ... သဲပုံပေါ်မှာ ဘာတွေလဲ"

သူမ၏အသံမှာ တိုးတိုးလေးပင် ဖြစ်၏။ သို့သော် အားလုံးပင် ကြားလိုက်ကြသည်။

ထို့ကြောင့် ယိဖျောင်းရှမ်း ကြည့်ရာသို့ လိုက်ကြည့်လိုက်ကြ၏။

လရောင်အောက်၌ သဲသောင်ပေါ်တွင် ဖြူဖြူအရာများ တွေ့ နေရသည်။ ယန့်လီကျူကမူ မတွေ့ပါ။

"ဘာများလဲ မမ"ဟု မေးလိုက်လေသည်။

ထိုဖြူဖြူအရာအား တွေ့လိုက်သည်နှင့် ကျူးဖေသည် ထိုင်ရာမှ ချက်ချင်း ခုန်ထသည်။

ထို့နောက် အနီးကပ် သေချာစွာ စစ်ဆေးကြည့်ရှုသည်။ အခြား သူများလည်း ဝိုင်းလာပြီး ကြည့်ကြသည်။

သေသေချာချာကြည့်မှ ထိုဖြူဖြူအရာမှာ သဲသောင်ပြင်ပေါ် တွင် ခရုခွံများ သုံးတန်းသပ်သပ်ရပ်ရပ် စီတန်းထားသည်ကို တွေ့လိုက် ကြရတော့သည်။ သဘာဝအလျောက်ဖြစ်နေခြင်း မဟုတ်ပါ။ လူတစ် ယောက်ယောက်က စီထားသည့်ပုံသဏ္ဌာန်မျိုးသာ ဖြစ်ပါ၏။

ခရုခွံများမှာ လက်ဖက်ရည်အကြမ်းပန်းကန်လုံးအရွယ်ခန့် ဖြစ် ပါသည်။

အားလုံး အရောင်ငါးမျိုးရှိ၏။ ယန့်ကျင်ကန်က ပြုံးလိုက်ပြီး—

"မမကလည်း အထိတ်တလန့်နဲ့ သဲသောင်ပြင်ပေါ်မှာ ခရုခွံရှိ တာ ဘာဆန်းသလဲ၊ ဒါများ လန့်စရာမှတ်လို့"



ယန့်ချင်ထန်က ပြောလိုက်လေသည်။

"ဒီခရုခွံတွေဟာ ပင်လယ်မှာရှိတဲ့ ခရုခွံတွေရော ဟုတ်ရဲ့လား၊ သေသေချာချာကြည့်ကြဦး၊ သေသေချာချာစစ်ဆေးကြဦး"

ယန့်ကျင်ကန် တွေဝေသွား၏။ သူ ရုတ်တရက် ပြောခြင်းဖြစ် သည်။ သေချာစွာကြည့်ပါက ထိုခရုခွံများမှာ အတော်ပင်လှပ၍ ရှားပါး သော ခရုခွံများ ဖြစ်နေပါသည်။ သာမန်အားဖြင့် မြင်တွေ့ရန် အလွန် ရှားပါးသော ခရုခွံများဖြစ်နေပါသည်။ ထိုခရုခွံများကိုယူပြီး ဈေးထဲ၌ သွားရောင်းမည်ဆိုပါက ဈေးကောင်းရနိုင်သည်။ ကြိုက်ဈေးရနိုင်သည်။ ထိုမှတစ်ဆင့် နက်နဲသောအခြားအကြောင်းအရာတစ်ခု ရှိနိုင်ကြောင်း တွေးမိသောအခါ ယန့်ကျင်ကန် နှုတ်ဆိတ်သွားတော့သည်။ သူ စကား မပြောတော့ပါ။

ကျူးဖေက ခရုခွံများကို သေချာစွာ စစ်ဆေးပြန်သည်။ ခရုခွံ များမှာ သုံးတန်း တန်းစီထား၏။

တလုံးတစ်လုံး ပုံသဏ္ဌာန်စီထားခြင်းပင် ဖြစ်ကြောင်း တွေ့ရ သည်။

နောက်တစ်ဖက်က လခြမ်းပုံသဏ္ဌာန်ရှိ၏။ ကြယ်ပုံလည်း ပါဝင်နေ၏။ ကျူးဖေသည် တစ်စုံတစ်ခုကို သတိရပြီး လွှတ်ခနဲ ရေရွတ် မိလေတော့သည်။

"ဟာ ... မှန်ပြီ မှန်ပြီ ငါ့အထင် တကယ်မှန်နေပြီ"

ယန့်ချင်ထန်မှာ ကျူးဖေ၏စကားကြောင့် အထိတ်တလန့်ဖြစ် သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .... ဘာများလဲ နောင်ကြီးကျူဖေ .... အကောင်းမှန်တာလား၊ အဆိုးမှန်တာလား ...."

"အဆိုးပေါ့၊ အဆိုးတကာ့ အဆိုးဆုံးပေါ့"

"ဘုရားရေ .... ဘာတွေများလဲဗျာ ...."

"သွေးချောင်းစီးနိုင်တဲ့ကိစ္စပေါ့၊ သိုင်းလောကတစ်ခုလုံး သွေးချောင်းစီးနိုင်တဲ့ကိစ္စပေါ့ ...."

"ဘုရား .... ဘုရား .... ရှင်းရှင်းလင်းလင်းပြောစမ်းပါ နောင်ကြီး"

"အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံ မသေဘူးလေ"

ထိုအခါ ဟင်ခနဲ ဟာခနဲ ဖြစ်ကုန်ကြတော့သည်။ အားလုံးပင် အထိတ်တလန့် ဖြစ်ကုန်သည်။

ယူဆန်ဖုံနှင့်ယူကျင်းဖိုက်တို့မှာမူသိုင်းလောကသားများမဟုတ်ကြသဖြင့် အရိုးဖြူဂိုဏ်းအကြောင်း၊ ဟူရှန်ဖုံအကြောင်း မသိကြပါ။ ကြောက်လည်း မကြောက်ကြပါ။ ဟန်လီကျူက ....

"အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံက မီးလောင်ပြီး သေပြီပဲ၊ ဘယ်လိုလုပ်ပြီး ပြန်ရှင်လာမှာလဲ"

ယန်ကျင်ကန်က ညီမဖြစ်သူကို ဝင်၍ငေါက်၏။

"သူ တကယ် သေမသေ နင်သိလို့လား"

ဟု ဝင်ရောက်ငေါက်ငမ်းလိုက်၏။

ကျူဖေက ခေါင်းညိတ်ကာ ....

"အင်း .... သူက ကျိန်းသေအသက်ရှိနေတုန်းပဲ၊ ဒီစာလုံးကို



ငါသိတယ်၊ သူဟာ အင်အားလည်း ပြန်ကောင်းနေပြီ၊ အရင်က ရှုံးခဲ့တာတွေကို ပြန်ပြီးလက်စားချေလိမ့်မယ်"

အားလုံးက ကျူဖေအား လှမ်းကြည့်လိုက်ကြ၏။ ထိုအကြည့်များသည် ယုံလည်းမယုံချင်၊ ထိတ်လည်း ထိတ်လန့်သည့် အရိပ်အယောင်များ ရောထွေးနေကြ၏။

ကျူဖေက ....

"ငါက အားလုံးကို ကြောက်အောင် ခြိမ်းခြောက်ပြောနေတာမဟုတ်ဘူး၊ အင်း တကယ့်အရေးတော်ပုံတော့ ပေါ်ပြီပေါ့၊ ဟူရှန်ဖုံ ပေါ်လာတာ တကယ့်သေမင်းပေါ်လာတာနဲ့အတူတူပဲ"

မည်သူမျှ စကားပြန်မစပါ။ ကျူဖေက ဆက်ပြောလိုက်၏။

"သိုင်းလောကမှာ သင်္ကေတတွေ ရှိပါတယ်၊ အခု ခရုခွံနဲ့ရေးထားတာဟာ 'အကီး'တဲ့၊ ဒါဟာ သိုင်းသမား သူရဲကောင်းများစွာဆိုတဲ့ အဓိပ္ပာယ်ရှိတယ် .... ပြီးတော့ နောက်တစ်မျိုးက သိုင်းလောကမှာ နာမည်ကြီးခဲ့တယ်၊ ဓာတ်မြှုပ်ခဲ့တယ်၊ ပြီးမှ ပြန်ထွက်ပေါ်လာပြီး ဂိုဏ်းသစ်ထူထောင်တာကိုလည်း ဒီအဓိပ္ပာယ်နဲ့ပဲ အသုံးပြုကြတယ်"

ကျူဖေက ခရုခွံများအား ညွှန်ပြလိုက်၏။ ပြီးမှ ....

"အဲဒီမှာ ကြယ်နဲ့လခြမ်းပုံကို မြင်သလား"

အားလုံးက မြင်တွေ့ကြောင်း ခေါင်းညိတ်လိုက်၏။

ကျူဖေက ....

"အဲဒီမှာ ကြယ်ရဲ့အဓိပ္ပာယ်ကတော့ ချိန်းတဲ့နေရာကို ညွှန်းတယ်၊ လခြမ်းကတော့ ချိန်းတဲ့ရက်ပဲ၊ လခြမ်းပုံသဏ္ဌာန်အရတော့

www.burmeseclassic.com

www.burmeseclassic.com



လဆန်းသုံးရက်နဲ့လေးရက် တစ်ရက်ရက်ပဲ"

ဟု ရှင်းပြလိုက်လေသည်။

အားလုံး ငိုင်ကျသွား၏။ ဤမျှသေချာအောင် ပြောနေနိုင်ခြင်းကိုထောက်ပြီး ကျုံဖေ တကယ်ပြောနေကြောင်း အားလုံးပင် ရိပ်မိလာကြသည်။

သက်ပြင်းကိုယ်စီလည်း ချလိုက်မိကြသည်။ ကျုံဖေက စကားဆက်လိုက်ပြန်သည်။

"ငါ့အထင်တော့ ဒီအမှတ်အသားဟာ ဒီနေရာတင် မကဘူး ကျန်တဲ့နေရာတွေမှာလည်း ရှိနိုင်သေးတယ်"

ယန်ချင်ထန်က ချက်ချင်းအမိန့်ပေးသည်။

"ကဲ .... သားတို့ သမီးတို့ ဒီကျွန်းပေါ် တစ်ပတ်လှည့်ကြည့်ကြစမ်း၊ သတိဝီရိယတော့ ထားကြဟေ့"

ယန်လီကျူ၊ ယန်ကျင်ကန်တို့က ပြေးလွှားကြည့်လိုက်ကြလေသည်။ ကျွန်းက သိပ်မကျယ်သဖြင့် မကြာမီ ပြန်လည်ရောက်ရှိလာကြသည်။ ကျုံဖေက ....

"ဘယ့်နှယ်လဲ တွေ့ခဲ့ကြသလား"

ယန်လီကျူက ခေါင်းညိတ်ကာ ....

"တွေ့ခဲ့ပါတယ်၊ အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးဘက် အားလုံးမှာ ဒီပုံစံကလေးတွေ ချထားတာ တွေ့ရတယ်"

ကျုံဖေသည် မချိပြုံး ပြုံးလိုက်မိသည်။

"ကဲ .... ကဲ .... သမီးတို့လည်း ပင်ပန်းနေပြီ၊ နားကြတော့



မနက်ကျ မိစ္ဆာကျွန်းပေါ် တက်ကြရဦးမယ်၊ အားလုံးကိုပြောပြီး သတိပေးထားမယ်ဟေ့၊ သတိတော့ လုံးဝမလစ်ကြနဲ့၊ အခုလည်း ကင်းစောင့်ပြီးမှ အိပ်ကြရမှာ"

ကျုံဖေက ကင်းအလှည့်များကို စီစဉ်ပေးပြီး ကင်းသမားမှလွဲ၍ ကျန်လူများ အိပ်ရန်အမိန့်ပေးလိုက်သည်။ သို့သော် သူ့ စိတ်ကူးတစ်မျိုး ပြောင်းသွားသည်။

"နေဦး၊ ယန့်လီကျူနဲ့ ယီဖျောင်းရှမ်းက လှေပေါ်မှာ သွားအိပ်၊ ယူဆန့်ဖုံတို့သားအဖနဲ့ ခင်ဖျားတို့သားအဖက ကမ်းစပ်မှာ အိပ်ကြ၊ ကျုပ်ကတော့ ဒီမှာပဲအိပ်မယ်"

အားလုံး သူ့စကားအတိုင်း လိုက်နာကြ၏။

အချိန်မှာ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

ညသန်းခေါင်ကျော်သောအခါ ကျုံဖေနှင့် ယန်ချင်ထန်မှတစ်ပါး အားလုံးပင် အိပ်ပျော်သွားကြသည်။ ကျန်လူများမှာ သိုင်းလောက အတွေ့အကြုံ လွန်စွာနည်းပါးကြသည်မဟုတ်ပါလား။

ယန်ချင်ထန်က ကျုံဖေအတွက် စိတ်ပူမိ၏။

ကျွန်းပေါ်၌ တစ်ယောက်တည်း မထားသင့်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့် လှေပေါ်မှ လှမ်းခေါ်၏။

သို့သော် ကျုံဖေက လက်မခံပါ။

"ငါက အလေ့အကျင့်ဖြစ်နေပြီ .... နောက်ပြီး ငါ့မှာ စဉ်းစားစရာတွေ ရှိသေးတယ် .... အိပ်ရေးပျက်လို့ ဘာမှမဖြစ်ပါဘူး .... ငလေး

www.burmeseclassic.com

www.burmeseclassic.com



ငါးည မအိပ်ဘဲလည်း ငါ နေနိုင်ပါတယ် .... မင်းသာ အိပ်ပါ — သတိဝီရိယနဲ့ အိပ်ပါ ...."

ယန်ချင်ထန်က ....

"နောင်ကြီးကျူဖေ .... ကျုပ်တို့နဲ့ နီးနီးကမ်းကမ်းစပ်မှာ လာနေတာ ပိုကောင်းမယ် ထင်တယ်ဗျ .... အန္တရာယ်ကင်းအောင်ပေါ့ဗျာ"

ကျူဖေက ပြုံးလိုက်ပြီး ....

"ငါ့အတွက် စိတ်မပူပါနဲ့ကွာ .... မင်းသာ အိပ်ပါ"

ယန်ချင်ထန်မှာ ပြောမရသဖြင့် လက်လျှော့လိုက်သည်။ သူသည်း အိပ်လိုက်တော့သည်။ ကျူဖေက တံငါလှေနှင့် မလှမ်းမကမ်းရှိ ကျောက်ဆောင်တစ်ခုပေါ်၌ ထိုင်ပြီး ပတ်ဝန်းကျင်ကို စောင့်ကြည့်နေ၏။ ထိုအချိန်၌ လေကလေးက တိုက်ခတ်နေ၏။

ပင်လယ်ပြင်ကို ဖြတ်သန်းကာ တိုက်ခတ်လာသော လေဖြစ်သည့်အတွက် အေးစိမ့်နေလေသည်။

ကျူဖေက အအေးဒဏ်ကို အတွင်းအားဖြင့် တွန်းလှန်ကာ မလှုပ်မယှက် ထိုင်နေသည်။

သူ၏ ဆဋ္ဌမအာရုံကြောင့် တစ်စုံတစ်ခုသည် ဤကျွန်း၌ ဖြစ်ပေါ်လာတော့မည်ကို သူ အလိုလို သိနေမိသည် မဟုတ်ပါလား။



## အခန်း(၂၆)

## ထူးခြားသောကျွန်း

ညမှာ ပို၍ နက်လာ၏။ လသည် တိမ်များအကြား ဝင်သွားသဖြင့် အနည်းငယ် မှောင်သလို ဖြစ်သွားသည်။

ကျူဖေမှာ ကျောက်ဆောင်ပေါ် ထိုင်ရင်းမှ ရုတ်တရက် အသံတစ်သံကို ကြားလိုက်ရသဖြင့် ဆတ်ခနဲ လှုပ်ရှားသွားသည်။ သို့သော် သူ မထပါ။ ထိုင်လျက်ကပင် အာရုံပြုနားစွင့်နေပါသည်။

ရေထဲမှ ထွက်ပေါ်လာသော အသံဖြစ်ကြောင်း ရိပ်မိလိုက်သည်။

ရေထဲ၌ ဂယက်လှိုင်းကလေး ငါးခု၊ ခြောက်ခုခန့် ပေါ်လာ၏။ လ ပြန်ပေါ်လာသောကြောင့် ဤသို့ တွေ့မြင်ခွင့်ရခြင်း ဖြစ်သည်။

ရန်သူများကား လာနေချေပြီ။

ကျူဖေသည် အကြောအချဉ်များကို လျှော့ထားလိုက်၏။ တိုက်ပွဲဝင်ရန် သူ ပြင်ဆင်ထားလေပြီ။

ကျူဖေက အဝေးသို့ တစ်ချက်ကြည့်လိုက်၏။ ညအမှောင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



၌ အမည်းရောင် လှေတစ်စင်း၏ပုံရိပ်ကို မသဲမကွဲ တွေ့မြင်လိုက်ရသည်။ ရန်သူများသည် ထိုလှေမှတစ်ဆင့် ဤကျွန်းသို့ ကူးလာခြင်းသာ ဖြစ်ရပေမည်။

ထိုစဉ်မှာဝင် ဂယက်လမ်းကြောင်းလေးများမှာ ကမ်းဆီသို့ တဖြည်းဖြည်း နီးလာသည်။ ကမ်းစပ်ရောက်သောအခါ လူခြောက်ယောက် ရေထဲ၌ ပေါ်လာသည်။ စင်စစ် မိစ္ဆာအယောင်ဆောင်ထားသော လူခြောက်ယောက်သာ ဖြစ်ပါလေသည်။



ထိုမိစ္ဆာကောင် .... အယောင်ဆောင်ထားသော လူခြောက်ယောက်အနက် နှစ်ယောက်က ကမ်းပေါ်သို့ တက်လာသည်။

သူတို့က မလှုပ်မယှက် ထိုင်နေသော ကျုံဖေအား ဂရုမပြုမိကြချေ။

မိစ္ဆာကောင် အယောင်ဆောင်ထားသူများက သတိပြုသည့်လူများမှာ လှေပေါ်မှလူများကိုသာ ဖြစ်သည်။

ကျုံဖေက စိတ်ထဲမှ ပြောလိုက်၏။

"အင်း .... တော်တော်အကင်းပါးတဲ့ ကောင်တွေပဲ .... တို့ ဒီကျွန်းပေါ်ကိုရောက်တာ ဒီကောင်တွေ အစောကြီးကတည်းက သိပုံရတယ် ...."

ကျုံဖေသည် လျှပ်တစ်ပြက် ခုန်ထွက်လိုက်၏။ ကိုယ်ဖော့ပညာနှင့် အတွင်းအားပညာကို ပေါင်းစပ်ခုန်ထွက်လိုက်ခြင်း ဖြစ်၍ ကြီးဖြတ်ရန် ဟန်ပြင်နေကြသော မိစ္ဆာများဆီသို့ တစ်မုဟုတ်ချင်း ရောက်ရှိသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ...."

ကျုံဖေက လက်ဝါးနှစ်ဖက်ဖြင့် ရိုက်ထုတ်လိုက်ရာ မိစ္ဆာနှစ်ကောင် လွင့်စဉ်သွားသည်။ သူ၏ တိုက်ခိုက်မှုမှာ လျင်မြန်တိကျလှသည်။

မိစ္ဆာများမှာ လွင့်စဉ်သွားသော်လည်း ချက်ချင်း ပြန်ထလာကြသည်။ တစ်ကောင်ကို ကျုံဖေက ဖမ်းဆီးလိုက်၏။ တစ်ကောင်ကမူ ရေထဲသို့ ခုန်ချထွက်ပြေးသွားသည်။

ကျုံဖေ၏ လက်တွင်းမှ မိစ္ဆာက အတင်းရုန်းထွက်လိုက်ရာ ကျုံဖေ၏လက်ထဲမှ လွတ်သွားသည်။ ထို့နောက် ရေထဲသို့ ခုန်ချရန် ဟန်ပြင်လိုက်သည်။

သို့သော် ကျုံဖေက အမြန်ခုန်ကာ ရှေ့မှပိတ်ရပ်လိုက်သဖြင့် မိစ္ဆာ ရေထဲသို့ မဆင်းနိုင်တော့ချေ။

ကျုံဖေသည် မိစ္ဆာများနှင့် တိုက်ခိုက်ဖူးသည့်အတွက် အတွေ့အကြုံ ရှိခဲ့ပြီဖြစ်၍ လျင်မြန်ပါးနပ်စွာ တိုက်ခိုက်သည်။

မကြာမီ မိစ္ဆာမှာ လဲကျသွားရတော့သည်။ ကျုံဖေက ခုန်ဝင်ပြီး အကြောပိတ်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် တံငါလှေကလေးဆီမှ ရုတ်ရုတ်သဲသဲ အသံများ ထွက်ပေါ်လာသည်။

အကြောင်းမှာ ရေထဲရှိ မိစ္ဆာများက လက်သည်းဖြင့် လှေဝမ်းကို ထိုးဖောက်နေသောကြောင့် ဖြစ်ပါသည်။

အိပ်ပျော်နေသော ယိဖျောင်းရှမ်းနှင့် ယန်လီကျုံတို့ လန့်နိုး



လာကြသည်။

လှေထဲသို့ ရေဝင်လာသည်ကို တွေ့သောအခါ ထိတ်လန့်သွားကြသည်။

လှေအောက်မှ မိစ္ဆာများက လှေ၏ဝမ်းဗိုက်ကို လက်သည်းနှင့် အဆက်မပြတ် ထိုးနေကြသည်။

လှေထဲသို့ ရေများမှာလည်း တစ်စထက်တစ်စ ဝင်လာနေသည်။

ကျုံဖေသည် အခြေအနေကို ရိပ်မိသွား၏။ သူသည် လှေအနီးသို့ ခုန်ဝင်ပြီး အမိန့်ပေးလိုက်၏။

"အားလုံး ကမ်းပေါ်ခုန်တက်၊ လှေကို ဆွဲတင်ကြ ...."

အားလုံးက ကမ်းပေါ်ခုန်တက်ကာ .... လှေကို ဝိုင်းကူဆွဲကြသည်။ တက်ညီလက်ညီ ဆွဲတင်ကြသောကြောင့် လှေမှာ ကမ်းပေါ်သို့ တစ်ဝက်ကျော်ကျော်တင်ပြီး ဘေးကင်းသွားတော့သည်။

မိစ္ဆာလေးကောင်မှာ ရေထဲ ငုပ်သွားကြ၏။

ယူကျင်းဖိုက်မှာ ဒေါသထွက်လွန်းသဖြင့် ငါးထိုးသည့် မှိန်းနှင့် မိစ္ဆာများအား လှမ်းပစ်သည်။

သို့သော် မိစ္ဆာများ အဝေးသို့ ရောက်နေပြီဖြစ်၍ မည်သို့မျှ မထိတော့ချေ။ သူ့မှိန်းတံသာ ဆုံးရှုံးသွားရတော့သည်။

ယူဆန်ဖုံက လှေအား စစ်ဆေးကြည့်ရှုလိုက်၏။

လှေဝမ်း၌ အပေါက်ရှစ်ပေါက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။ ယူဆန်ဖုံက မကျေမနပ်နှင့် ရေရွတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"လှေကို ဖောက်သွားကြတယ် ...., တော်တော်ယုတ်မာတဲ့ မိစ္ဆာကောင်တွေပဲ .... "

ထိုစဉ် ကျုံဖေက အော်လိုက်၏။

"ဟေ့ .... လှေကို ထားခဲ့ကြ .... ဒီကို လာကြ၊ ဒီမှာ မိစ္ဆာတစ်ကောင် .... အဲ .... အဲ .... အဲ .... မိစ္ဆာဟန်ဆောင်ထားတဲ့ လူတစ်ယောက်ကို မိထားပြီ .... "

ယိမ်းဖျောင်းရှမ်းမှာ လွန်စွာ အံ့သြသွား၏။ ကျုံဖေ မိစ္ဆာနှင့် တိုက်ခိုက်ခဲ့သည့်အဖြစ်ကို သူမ မသိပါ။

"ဘယ် .... ဘယ်မှာလဲ မိစ္ဆာ .... "

အားလုံးပင် ကျုံဖေ ညွှန်ပြရာသို့ ပြေးကြ၏။

မိစ္ဆာတစ်ကောင် လဲနေသည်ကို တွေ့လိုက်ရသဖြင့် အားလုံး ဝမ်းသာသွားကြသည်။

ယန်ကျင်ကန်က ကျုံဖေအား မေးလိုက်၏။

"မိစ္ဆာ သေပြီလား ဘဘ .... "

ကျုံဖေက ခေါင်းခါပြောသည်။

"မသေသေးပါဘူး .... "

ယန်ကျင်ကန်က ....

"ဘယ်လိုလုပ်ပြီး အရှင်ဖမ်းထားတာလဲ .... "

"အရင်တစ်ခါက ငါက မသိသေးလို့ လက်လွှန်ပြီး သေသွားတာကွ .... ဒီတစ်ခါတော့ ငါက ပါးသွားပြီ .... သူ့ကို လက်ကုန်အားကုန် မတိုက်ဘူး .... သူ သေတော့ မသေသေးဘူး .... "



လူအားလုံး မိစ္ဆာကောင်အား စစ်ဆေးကြည့်ရှုကြလေ၏။

မိစ္ဆာကောင်၏ ဝတ်စုံမှာ ချုပ်ရိုးတစ်ကြောင်းသာ ရှိ၏။

ကျုံဖေက ထိုချုပ်ရိုးအတိုင်း ဓားပါးကလေးဖြင့် ခွဲချလိုက်ပြီး မျက်နှာဖုံးကိုလည်း ဆွဲခွာပစ်လိုက်သည်။

ထိုအခါ ဆံပင်ရှည်ရှည်နှင့် လူငယ်တစ်ယောက်ဖြစ်ကြောင်း တွေ့လိုက်ကြရသည်။

ထိုလူငယ်၏ အသက်မှာ နှစ်ဆယ်ခန့်သာ ရှိသေး၏။ မျက်နှာမှာ သွေးရောင်မရှိပါ။

ကျုံဖေက လူငယ်အား စမ်းသပ်လိုက်၏။ သွေးကို စမ်းသည်။ နှလုံးကို စမ်းသည်။

လူငယ်၏ ခန္ဓာကိုယ်မှာ နွေးထွေးနေ၏။ နှလုံးခုန်သံကိုလည်း တစ်ချက် တစ်ချက် ကြားနေရသဖြင့် လူငယ် မသေသေးကြောင်း သိလိုက်သည်။

"သူ မသေသေးဘူး .... မေ့ရုံ မေ့နေတာ .... ငါ့ရိုက်ချက်က တော်ရုံကလေးပဲ ဖြစ်သွားတယ်"

ယူဆန်ဖုံသည် သူ့ရဲကောင်းကြီး ကျုံဖေကို အထင်ကြီးလေးစားစွာ ကြည့်နေ၏။

မိစ္ဆကောင်ဆိုသည်မှာ တကယ်မဟုတ်။ လူငယ်များက မိစ္ဆာကောင် အယောင်ဆောင်နေခြင်းသာဖြစ်ကြောင်း သူ သိလိုက်ရပြီ မဟုတ်ပါလား။

ကျုံဖေသည် လူငယ် သတိရလာအောင် သွေးကြောအချို့ကို

www.burmeseclassic.com

www.burmeseclassic.com



နှိပ်နယ်ပေးလိုက်လေ၏။

မကြာမီ လူငယ်ထံမှ မသဲမကွဲ ညည်းညူသံတစ်ချက် ထွက်ပေါ်လာသည်။ သတိလည်း ပြန်ရလာသည်။ မျက်လုံးများလည်း ဖွင့်လာသည်။

ကျူးဖေတို့လူစုကို တွေ့သောအခါ သူ၏ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွား၏။

ဤအဖြစ်မျိုးကို ထိုလူငယ် တစ်ကြိမ်မျှ ကြုံတွေ့ဖူးသေးဟန်မတူပေ။

ထို့နောက် ရုန်းရုန်းရှားရှား အော်ဟစ်ခုန်ထပြီး တိုက်ခိုက်တော့၏။ သူ၏ တိုက်ခိုက်မှုမှာ ပြင်းထန်သည်။

ယန်လီကျူးနှင့် ယန်ကျင်ကန်တို့က နောက်ဆုတ်ပေးလိုက်သည်၊ လူငယ်က လမ်းပွင့်သွားသည်နှင့် ဧရထဲပြေးရန် ဟန်ပြင်သည်။

သို့သော် ကျူးဖေလက်ထဲမှ ဤလူငယ် မလွတ်နိုင်ပါ။

"မင်းက ဘယ်ပြေးဦးမှာလဲ .... "

ကျူးဖေက ခုန်ပြီး ကုတ်ဆွဲလိုက်၏။

လူငယ်က ထိတ်လန့်တကြား ရှောင်တိမ်းသည်။

သို့သော် ကျူးဖေ၏လက်က လျင်မြန်လှ၏။ လူငယ်မှာ ကျူးဖေ၏ တိုက်ခိုက်ခြင်းကိုသာ ခံနေရသည်။ သို့သော် လူငယ် လဲကျမသွားပါ။ ခုခံရန်ပင် ကြိုးစားနေသည်။

ကျူးဖေမှာ မတတ်သာတော့သဖြင့် နောက်ဆုံး၌ လူငယ်၏ အကြောများကို ထိုးပိတ်လိုက်ရလေတော့၏။



"ဝုန်း .... "

လူငယ်သည် ဒုတိယအကြိမ် မြေပြင်ပေါ်သို့ လဲကျသွားရပြန်လေ၏။

ယိဖျောင်းရှမ်းမှာ သူမ၏ ဖခင်နှင့်ပတ်သက်ပြီး တွေးတောမိသောအခါ ဒေါသဖြစ်မိသည်။ မိစ္ဆာကောင် အယောင်ဆောင်ထားသော လူငယ်ကို ခြေထောက်နှင့် ကန်ရန် ဟန်ပြမ်လိုက်သည်။

ကျူးဖေက ပြုံး၍ တားဆီးလိုက်၏။

"လုံမလေး .... သူ့ကို ဖမ်းမိထားပြီပဲ၊ သူ့ကို တို့ နှိပ်စက်ဖို့မလိုပါဘူး .... နောက်ပြီး သူတို့ ဘယ်လိုလူတွေဆိုတာလဲ သိလျက်သားနဲ့"

ယိဖျောင်းရှမ်းမှာ ကမန်းကတန်း အရှိန်သတ်ရတော့သည်။

ထို့နောက် ကျူးဖေက လူငယ်အနီး၌ ဒူးထောက်ထိုင်ကာ စစ်မေးလိုက်၏။

"မိတ်ဆွေလေး .... မင်းကို ဘယ်သူက ခိုင်းတာလဲ .... ဘာကြောင့် ငါတို့ကို တိုက်ခိုက်ရတာလဲ၊ မင်းတို့ အင်အားဘယ်လောက်ရှိသလဲ .... "

လူငယ်မှာ ကျူးဖေအား မကြည့်ချေ။ မည်သူ့ကိုမျှလည်း မကြည့်ပါ။ ပင်လယ်ပြင်ကိုသာ ငေးမောနေသည်။

မျက်နှာပေါ်၌ မည်သည့်ခံစားမှု၏ အရိပ်အယောင်မျှလည်း မရှိပါ။ ကျူးဖေက စိတ်ရှည်လက်ရှည် စောင့်ကြည့်သည်။

အတန်ကြာသောအခါမှ လူငယ်က ကျူးဖေဘက်သို့လှည့်လိုက်

www.burmeseclassic.com



ကာ ရယ်ပြသည်။

ကျုံဖေမှာ အံ့အားသင့်သွား၏။ ယန်လီကျူကမူ ကျုံဖေအား နောက်ပြောင်သည်ဟု ထင်သည်။

ထို့ကြောင့် သူမက ဝင်၍ ငေါက်လေ၏။

"ရှင် .... နားကန်းနေသလား၊ မေးတာကို ဖြေ .... ဘာရယ်ပြ နေတာလဲ၊ သေသွားမယ် .... "

ကျုံဖေက ပျော့ပျောင်းစွာ မေးသည်။

"မင်းကို ဘယ်သူခိုင်းသလဲ .... မင်းတို့အင်အား ဘယ်လော ရှိသလဲ .... ကျုပ်ကို ပြောစမ်းပါ၊ မင်း သိသလောက်ပေါ့ကွာ"

လူငယ်က ပြန်မဖြေပါ။ စောစောကလို ခံစားမှုမရှိသည့် မျက်နှာမျိုးတော့ မဟုတ်တော့ပါ။ လှူတကာကို အပြုံးနှင့် လိုက်ကြည့်နေ သည်။

ယန်လီကျူမှာ ကြည့်ရင်း ဒေါသထွက်လာသဖြင့် စိတ်မထိန်း နိုင်တော့ဘဲ လူငယ်၏ပါးကို ဖြန်းခနဲ ရိုက်ချလိုက်လေ၏။

လူငယ်၏ ပါးပြင်ပေါ်၌ လက်ဝါးရာက အထင်းသား ပေါ်လာ ၏။

ကျုံဖေမှာ အတော်စိတ်ပျက်သွား၏။ သူသည် ယန်ချင်ထ ၏ သားနှင့်သမီးတို့ကို .... သူ၏ တူ၊ တူမသဖွယ် ခင်မင်စိတ်ရှိသည် ကတော့အမှန်ပင်။ သို့သော် ဤအရေးအခင်း၌ ထိုကလေးနှစ်ယော ကို ခေါ်လာခဲ့ခြင်းမှာ မှားများ မှားလေပြီလားဟု သူ ထင်ခဲ့မိသည် ဤကလေးများမှာ သိုင်းလောကနှင့် အဆက်ပြတ် ကင်းဝေးနေသူမျာ



ဖြစ်၍ အမိန့်တို နားမလည်ကြချေ။ စိတ်နောက်ကိုယ်ပါ ဝင်လုပ်လေ့ ရှိသဖြင့် တချို့သောကိစ္စများ၌ အကျိုးထက် အဆိုးဖြစ်ဖို့က ပိုများပေ သည်။

သို့သော် မိစ္ဆာကောင် ဟန်ဆောင်သူ လူငယ်က အရယ်မပျက် ပေ။ သူ့အား ရိုက်သည်ကိုပင် သတိပင် ထားမိဟန်မတူပါ။

ထိုအချင်းအရာကြောင့် အားလုံးက အံ့အားသင့်သွားကြတော့ သည်။

ကျုံဖေက သက်ပြင်းချရင်း လေးပင်စွာ ပြောသည်။

"အင်း .... ဒါဟာ အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံရဲ့ အဆိပ်မိထား တဲ့ လက္ခဏာပဲ .... သူမှာ မှတ်ဉာဏ်မရှိဘူး၊ ဟူရှန်ဖုံ .... ဟူရှန်ဖုံ၊ သူ တကယ် ပြန်ထလာတာပဲ .... သိုင်းလောကတော့ ငါးပါးမှောက် တော့မယ် .... "

ယန်ကျင်ကန်က ခေါင်းကို ခါယမ်းရင်း ....

"မဖြစ်နိုင်ဘူး .... ဒီလိုအဆိပ်မျိုး တကယ်ရှိပါ့မလား .... သူ ရူးချင်ဟန်ဆောင်နေတာပဲ ဖြစ်ရမယ် .... သူ့ကို သေသေချာချာ စစ် ဆေးမေးမြန်းရင် အဖြေထွက်လာမှာပါ .... သေသေချာချာ ထပ်စစ် စမ်းပါ ဘာဘကြီးရာ .... "

ကျုံဖေက ....

"မင်းက ညှဉ်းပန်းနှိပ်စက်ပြီး မေးခိုင်းတာလား"

"ဒါပေါ့ .... မခံနိုင်တဲ့အဆုံး သူ ပြန်ပြောရမှာပေါ့"

"မင်း ဘယ်လိုပဲ နှိပ်စက်နှိပ်စက် သူက ဘာတစ်ခွန်းမှ ပြော

www.burmeseclassic.com

www.burmeseclassic.com



မှာမဟုတ်ဘူး .... စောစောက ပါးရိုက်တာတောင် နာတဲ့အမူအရာ တွေ့လို့လား၊ သူတို့ကိုယ်ကို တော်ရုံ ထိုးကြိတ်တာလောက်ကတော့ ဆေးတန်ခိုးနဲ့ မနာကျင်ဘူး .... ဒီဆေးဟာ အရိုးဖြူဂိုဏ်းချုပ်က သူ့ငယ်သားတွေကို တိုက်ကျွေးတဲ့ အဆိပ်ဆေးမျိုးပဲ .... သူ့ကို လှေပေါ် တင်ထားတာ ကောင်းမယ် ....”

အားလုံးက သဘောတူလိုက်၏။

လူငယ်အား လက်ပြန်ကြိုးတုပ်ပြီး သွေးကြောပြန်ဖွင့်ပေးသည်။ ပြီးမှ လှေနောက်ပိုင်း၌ ထားလိုက်ကြသည်။

ထို့နောက် သူတို့အားလုံးက ယူဆန်ဖုံတို့သားအဖနှင့်အတူ ပေါ်တ်နေသော လှေကို ကူညီဖာထေးကြသည်။ ဤလှေကောင်းမှ သူတို့ ရှေ့ခရီးဆက်နိုင်ကြမည် မဟုတ်ပါလား။

အရှေ့ဆီမှ အလင်းရောင်များ စတင်ထွက်ပေါ်လာသောအခါမှသာ သူတို့ လှေပေါက်ကို ဖာထေးပြင်ဆင်ပြီးကြသည်။

ပင်လယ်ပြင်၌လည်း ရန်သူ၏ အရိပ်အယောင် မမြင်ရသဖြင့် အားလုံး စိတ်သက်သာရာ ရနေကြသည်။

“လှေကို တွန်းချကြပါ ....”

ယူဆန်ဖုံက ပြောသဖြင့် အားလုံးပင် လှေကို တွန်းချကြသည်။

“ယူဆန်ဖုံ .... ခင်ဗျားလှေ အဆင်ပြေပါ့မလား ....”

ကျုံဖေက မေးလိုက်၏။

ယူဆန်ဖုံက ရယ်သည်။

“စိတ်ချပါ သူရဲကောင်းကြီးရယ် .... ကျွန်တော်တို့ ဒီလိုဖာထေးပြင်ဆင်ပြီး ခရီးသွားတာ ခဏခဏပါ .... ဘာမှပြဿနာမဖြစ်ပါဘူး ....”



ထို့နောက် အားလုံးက လှေပေါ်တက်လိုက်ကြသည်။ ရွက်ကို လွှင့်ကာ မိစ္ဆာကျွန်းဆီသို့ ဦးတည်လိုက်ကြတော့သည်။

ယန်ကျင်ကန်က ဖမ်းထားသော လူငယ်၏အနီးသို့ ချဉ်းကပ်ကာ ထပ်မံရှာဖွေသည်။ ယခင်က သူတို့ ရရှိခဲ့သော အင်းကွက်ပါသော ပိတ်စကို ထပ်မံတွေ့ရှိကြရသည်။ သူက ကျုံဖေထံ ယူသွားပြီး ပြသ၏။

“ဘဘ ကြည့်စမ်းပါဦး .... သူ့မှာလည်း ဒါမျိုးရှိတာပဲ”

ကျုံဖေက သူ၏ပိတ်စနှင့် ယှဉ်ကြည့်လိုက်၏။ အတူတူပင် ဖြစ်သည်။

ကျုံဖေက စဉ်းစားလိုက်သည်။ ယခု သူတို့ ဖမ်းဆီးထားသော လူငယ်ကိုသာ ပြန်လည်သတိရအောင် ပြုလုပ်နိုင်လျှင် သူတို့အတွက် အထောက်အကူ ရမည်ဟု ခန့်မှန်းမိ၏။

ထို့ကြောင့် ထိုလူငယ်အား ဒုက္ခမပေးရန်၊ မနှိပ်စက်ရန် ဆုံးဖြတ်လိုက်လေသည်။

ကျုံဖေက ယူကျင်းဖိုက်အား မှာကြားသည်။

“ဒီကောင်လေးကို မနှိပ်စက်ကြနဲ့ .... သူ့ကို အစားအသောက်ဘာလေး ဘာလေး ကျွေးပါ .... ကြင်ကြင်နာနာ ဆက်ဆံပါ .... သူသတိရရင် တို့အတွက် အကျိုးရှိမှာ သေချာတယ် ....”

ယူကျင်းဖိုက်က လူငယ်အား အစားအစာ ပေးသည်။ ကျွေးပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ယူကျင်းဖိုက်သည် လှေပဲ့ပိုင်းမှ ဦးပိုင်းသို့ ပြန်ထွက်လာပြီး ကျုံဖေအား ရှင်းပြ၏။

"ဘဘ .... ဒီလူက ရယ်ပဲရယ်နေတယ် .... အစားအစာ လုံး၀ မစားဘူး .... ရေတော့သောက်တယ်"

ကျုံဖေက သက်ပြင်းချကာ ....

"သူ စားချင်တော့မှပဲ စားပါစေ .... သူ့ရှေ့မှာ ချထားပေးလိုက်ပါ .... "

သူတို့၏ လှေကလေးမှာ တဖြည်းဖြည်းနှင့် မိစ္ဆာကျွန်းအနီးသို့ ရောက်ရှိလာလေသည်။

မိစ္ဆာကျွန်းမှာ ကြိုဂံပုံစံ ကျွန်းဖြစ်သည်။

အလယ်ကျွန်းမှာ အကြီးဆုံးဖြစ်၏။

ကျွန်းမှာ မည်းနက်သော ကျောက်တုံးတစ်တုံးအလား တည်ရှိ၏။ ကျွန်းပေါ်၌ သစ်ပင်၊ ဝါးပင်များနှင့် တောင်ကုန်းမြင့်များရှိကြောင်း တွေ့ရသဖြင့် လူသူနေထိုင်နိုင်သော ကျွန်းဖြစ်ကြောင်း မြင်ရုံနှင့် သိသာပေသည်။ ကမ်းစပ်၌မူ သဲသောင်ပြင် အနည်းငယ်ရှိသည်။

ကျွန်းပတ်လည် ရေအောက်၌လည်း .... ချွန်ထက်နေသော ကျောက်ဆောင်များကား အများအပြားပင်။ အလွန်အန္တရာယ်ကြီးသောနေရာဖြစ်၏။

ကျွန်းနားသို့ နီးလာလေလေ အေးစိမ့်သော အငွေ့အသက်ကို ပို၍ ခံစားနေရလေလေ ဖြစ်လာသဖြင့် ကျွန်း၏ ထူးခြားမှုက သူတို့အား ချောက်ချားစေသလို ဖြစ်လာသည်။



ကျွန်းနှင့် နီးကပ်လာသောအခါ ရေစီးမှာ ပြောင်းလဲသွားသည်ကို ပို၍ ဖြန်ဆန်လာကြောင်း ခံစားလိုက်ကြရသည်။ ယူဆန်ဖုံက အော်လိုက်၏။

"အားလုံး သတိထားကြ၊ လှေဟာ ဝဲကတော့ထဲ ဝင်ကြောင်း သက်သေပြတာပဲ .... စိုးတော့ မစိုးရိမ်ပါနဲ့ .... ကျုပ် ထိန်းသိမ်းနိုင်မှာပါ .... "

လှော်ငယ်များက လှေနံရံကို ကိုင်လိုက်ကြ၏။ ကျုံဖေနှင့် ယန်ချင်ထန်တို့ကမူ သိပ်မစိုးရိမ်ကြပေ။

ယူဆန်ဖုံ ပြောသည့်အတိုင်းပင် လှေသည် ဝဲကတော့ထဲသို့ ဝင်သွားလေတော့၏။

ဝဲအတွင်း ရောက်ရှိသွားသောအခါ လှေသည် ဘယ်ညာလူးလိမ့်သွား၏။ ဝဲက ကြီးသည်။ ကြောက်စရာပင်။ သို့သော် ယူဆန်ဖုံတို့သားအဖမှာ ပင်လယ်ပြင်၌ ကျက်စားခဲ့သည်မှာ နှစ်မနည်းတော့ပြီဖြစ်၍ ကောင်းစွာ ထိန်းသိမ်းနိုင်ကြသည်။

ယူဆန်ဖုံက အားလုံးကို ရည်ညွှန်း၍ ပြော၏။

"တက်ကိုယ်စီ ကိုင်ကြပါ .... ကျုပ်က လှော်ဆိုတာနဲ့ လှော်ကြပါ .... ဒါမှ ဝဲထဲက လွတ်မယ်"

ကျုံဖေမှအစ တက်ကို ကောက်ကိုင်ပြီး ယူဆန်ဖုံ၏ အမိန့်ကို စောင့်နေကြသည်။

ယူဆန်ဖုံက ဝဲအတွင်းမှ ထွက်နိုင်မည့် ရေစီးကို ကြည့်သည်။

www.burmeseclassic.com



"လှော်ကြဟ .... အားလုံး လှော်ကြ၊ တစ်သက်လုံး မထုတ်ဖူး အားနဲ့ အားထုတ်လှော်ကြ .... "

လှတိုင်းပင် အားကြိုးမာန်တက် တက်ညီလက်ညီ လှော်ခတ်ကြရာ လှေသည် ဝဲကတော့အတွင်းမှ လွတ်မြောက်သွားလေတော့၏။

သို့သော် ကျောက်ဆောင်များနှင့်မူ ပို၍ နီးလာသည်။

ကျွန်းပေါ်၌ ပြန့်ကျဲနေသော ဖြူတူတူအရာများကို တွေ့ကြရသည်။ လှေ တကယ်နီးပြီး တကယ်ကြည့်သောအခါမှ လူအရိုးများဖြစ်ကြောင်း သိရှိကြရ၏။

"ဟာ .... ဒါ လူရိုးတွေပဲ .... "

ယန်ကျင်ကန်က ပြောလိုက်၏။

"ဒါ ပဏာမပဲ ရှိဦးမယ် .... လူရိုးတွေကို သည့်ထက်ပို တွေ့နိုင်တယ် .... ကဲ .... အားလုံးကို ကြိုပြောထားမယ်၊ အားလုံး သတိဝီရိယ ရှိကြပါ .... တစ်ခုခုဖြစ်တာနဲ့ လှေဆီကို ချက်ချင်း ပြန်ပြေးလာကြပါ အားလုံး ကိုယ့်ကိုယ်ကိုယ် မှဆိုးလို့ သတ်မှတ်ကြ .... ခြေသံတောင် မထွက်စေနဲ့ .... တတ်နိုင်သမျှ အကာအကွယ်ယူပြီးမှ ရှေ့တက်ကြပါ ငါပြောသလိုမဟုတ်ဘဲ စိတ်ထင်တိုင်းလုပ်ကြရင် အားလုံး ဂမ်းနည်းစရာတွေနဲ့ ကြုံကောင်းကြုံသွားနိုင်တယ် .... "

သူရဲကောင်းကြီး ကျုံဖေက အားလုံးကို ကြိုကြိုတင်တင် မှာကြားသတိပေးထားလေ၏။

ယူဆန်ဖုံက ....

"ကျွန်းပေါ်ကို ဂရုစိုက်တာလည်း စိုက်ပါ .... ဓားတွေကို ချွန်ထက်နေတဲ့ ကျောက်ဆောင်တွေကြားထဲ လှေကပ်ဖို့ကိုလည်း ဂရုစိုက်ပါ .... ဝဲထဲက လွတ်တယ်ဆိုပေမယ့် လှေဟာ ကမ်းစပ်ကို အေးအေးသက်သာ ကပ်လို့မရနိုင်သေးဘူး .... "



ယူဆန်ဖုံ၏ သတိပေးချက်ကြောင့် ကျွန်းပေါ်သို့ ဂရုစိုက်နေသူအားလုံး ထိတ်လန့်သွားကြ၏။ မှန်ပေသည်။ ကျွန်းပေါ်ကို ဂရုစိုက်ရန် အရေးကြီးသော်လည်း ဘေးမသီ ရန်မခ လှေကမ်းကပ်နိုင်ရန်က ပိုအရေးကြီးသည်။ ရေစီးသန်ပြီး ကျောက်ဆောင်ပေါများသော နေရာ၌ လှေနစ်မြုပ်သွားပါက လူတော်တော်များများ သေဆုံးသွားနိုင်ပေသည်။

လှေကလေးမှာ အရှိန်နှင့် ကျောက်ဆောင်တစ်ခုဆီသို့ ဦးတည်ပြေးသွားသည်။ တိုက်မိလျှင် လှေမှာကွဲပြီး နစ်မြုပ်မည်မှာ သေချာလှ၏။

ကျုံဖေမှာ ရင်ထိတ်သွား၏။

ချက်ချင်းပင် လှေဘေး၌ ကပ်ချည်ထားသော ထိုးဝါးကို ဆွဲယူကာ လှေနှင့် ကျောက်တောင် မတိုက်စေရန် ကြိုးပမ်းရတော့မည်။

ကျုံဖေသည် အတွင်းအား ကောင်း၍သာ ထိုးဝါးနှင့် ထိန်းနိုင်ခြင်းဖြစ်သည်။

သာမန်လူဆိုပါက ရေစီးအရှိန်နှင့် ထွက်လာသော လှေကို ထိုးဝါးနှင့် ထောက်ထိန်းရန်မှာ မလွယ်ကူပါ။ လှေသည် ကျောက်ဆောင်နှင့် လွဲသွားပြီး အခြားတစ်ဘက်သို့ လည်ထွက်သွားသည်။ ကျုံဖေသည် ထိုးဝါးကို လှေပေါ်ပစ်ချလိုက်ပြီး ကျောက်ဆောင်ပေါ် လွှားခနဲ

www.burmeseclassic.com



ခုန်တက်လိုက်သည်။

"လှေကြိုးကို လှမ်းပစ်လိုက်ဟေ့ ....."

ဟု ယူဆန်ဖုံအား လှမ်းအော်ပြောလိုက်လေသည်။

ယူဆန်ဖုံက ကျုံဖေထံသို့ ကြိုးကို လှမ်းပစ်ပေးလိုက်သည်။ အရှိန်ဖြင့် လည်ထွက်သွားသော လှေကို ကျုံဖေက တောင့်ခံပြီး ပြန်ဆွဲယူ၏။ သို့မှသာ လှေသည် ကျွန်း၌ ဘေးမသီ ရန်မခ ဆိုက်ကပ်နိုင်ပေလိမ့်မည်။

ကျုံဖေတစ်ယောက် အတွင်းအားထုတ်ပြီး လှေကြိုးကို ဆွဲယူနေသဖြင့် လှေသည် တဖြည်းဖြည်း တစ်လက်မချင်း ကျောက်ဆောင်အနီးသို့ ကပ်လာ၏။ အတန်ကြာမှသာ ကျုံဖေသည် လှေကို ကျောက်ဆောင်ဘေး၌ ဆိုက်ကပ်နိုင်တော့သည်။

ယူဆန်ဖုံနှင့် ယူကျင်းဖိုက်တို့ သားအဖမှာ လှေပေါ်၌ ကျန်ရစ်ခဲ့လေသည်။ ကျန်လူအားလုံး ကျောက်ဆောင်ပေါ် ခုန်တက်ကြ၏။

ကျုံဖေက ယူဆန်ဖုံကို လှမ်းအော်ပြောသည်။

"ခင်ဗျားတို့သားအဖ လှေမှာစောင့်နေကြပါ .... အကြောင်းရှိတာနဲ့ ကျုပ်တို့ ဒီကို အမြန်ဆုံးပြန်လာမယ် ...."

"စိတ်ချပါ သူရဲကောင်းကြီး .... ကျုပ်တို့ ဒီကစောင့်ပါ့မယ်"

"သတိလည်း ထားနော် ...."

"စိတ်ချပါ ...."

ထို့နောက် ကျုံဖေ ခေါင်းဆောင်သော လူစုသည် မိစ္ဆာကျွန်း၏ အတွင်းပိုင်းသို့ ဝင်ရောက်လာကြလေတော့၏။



မိစ္ဆာကျွန်းမှာ အမည်နှင့်လိုက်ဖက်လှ၏။

ကျေးငှက်သာရကာ၏အသံပင် စိုးစဉ်းမျှ မကြားရချေ။

ကျောက်တုံးကျောက်ဆောင်များလည်း ပေါလှသည်။ လူရိုးများကား ပြန့်ကျဲနေ၏။ အစုအပုံ ဖြစ်နေသော လူရိုးများကိုလည်း တွေ့ရသည်။

ယိဖျောင်းရှမ်း မျက်လုံးပြူးသွားသည်။ အဘယ်ကြောင့်ဆိုသော် ကျောက်ဆောင်တစ်ခုပေါ်၌ သေသေသပ်သပ် စုပုံတပ်ထားသော အရိုးပုံတစ်ပုံကို တွေ့ရသောကြောင့်ဖြစ်၏။

ယိဖျောင်းရှမ်းသည် ထိုအရိုးပုံကို တွေ့သောအခါ စမ်းသပ်ချင်စိတ် ပေါ်လာ၏။

အရိုးပုံ၏ အောက်ဆုံးမှ လက်ဖျံရိုးတစ်ချောင်းကို ဆွဲယူရန် ဟန်ပြင်လိုက်သည်။ ထိုတခဏအတွင်းမှာပင် သူမသည် လွင့်စဉ်ထွက်သွားရတော့၏။

တစ်စုံတစ်ဦးက လျှပ်တစ်ပြက် တွန်းပစ်လိုက်သောကြောင့်ဖြစ်လေသည်။

သူမ လူးလဲထကြည့်လိုက်သည့်အခါ ကျုံဖေသည် ထိုအရိုးစုပုံအနီးသို့ ရောက်နေကြောင်း တွေ့လိုက်ရလေ၏။

"ဘာဘာ .... ကျွန်မကို ဘာဖြစ်လို့ တွန်းပစ်လိုက်ရတာလဲ"

ကျုံဖေ၏မျက်နှာ ဘင်းမာနေ၏။

"ဘာလို့ သွားကိုင်တာလဲ .... မင်း နားမလည်ဘူးလား .... ဘယ်အရာမဆို ထူးဆန်းတယ်ဆိုပြီး အမှတ်တမဲ့ သွားလုပ်နဲ့ .... ဒါ

www.burmeseclassic.com

www.burmeseclassic.com



ဟာ နင်ပိုမြို့က မင်းတို့ရဲ့အိမ်ဂေဟာ မဟုတ်ဘူး ....”

ယိဖျောင်းရှမ်းမှာ ပါးစပ်ပိတ်ထားလိုက်ရ၏။ ကျုံဖေက အရေး မကြီးဘဲ သူမအား ဤသို့ ဝေါက်ငန်းမည်မဟုတ်ကြောင်း သိရှိထားပါ သည်။

သူမက ဆက်လက်ကိုင်ရဲသောစိတ်လည်း မရှိတော့ပါချေ။

သူတို့လူစုက ဆက်လက်လျှောက်လာရာ ရှေ့ဘက်၌ တောင် ချွန်းမည်းမည်းတစ်ခုကို တွေ့မြင်လိုက်ရ၏။

ကျုံဖေက အကဲခတ်ကြည့်လိုက်ရာ တောင်ခါးလယ်လောက် ၌ ဂူပေါက်တစ်ခုကို လှမ်းတွေ့လိုက်ရသည်။

သို့သော် ဂူထဲ၌ အလင်းရောင် ထွက်ပေါ်နေခြင်း မရှိပေ။ ထို့ ကြောင့် သူတို့အားလုံး ဂူရှိရာ တောင်ပေါ်သို့ တက်ကြလေတော့၏။



## အခန်း(၂၇)

## မိစ္ဆာကျွန်းမှ တိုက်ခိုက်မှု

ကျုံဖေက သတိဝီရိယထားရန် လက်ဖြင့် အချက်ပြ၏။ သူက ရှေ့မှ ဦးဆောင်တက်သည်။ တောင်ကုန်းမှာ မြင့်မားလှသည် မဟုတ် ပေ။ သာမန်တောင်ကုန်းတစ်ခုမျှသာဖြစ်၍ မကြာမီ ဂူဝတစ်ခုသို့ ရောက်ရှိလာကြသည်။

ကျုံဖေက အချက်ပြသဖြင့် ဂူဝဘေးပတ်လည်၌ မှောက်ချပြီး ငြိမ်စောင့်နေကြရ၏။ ကျုံဖေက မိကျောင်းတွားသွားပြီး ဂူဝ၌ အကဲ ခတ်၏။ သူ ထရပ်ပြီး ဝင်လာသောအခါမှ ကျန်လူအားလုံးလည်း ဂူထဲ လိုက်ဝင်ကြ၏။

အထဲ၌ မီးရောင်မရှိချေ။ အလင်းရောင်ကလည်း ဂူဝ၌သာ ရရှိ သဖြင့် အတွင်းပိုင်း၌ မီးတုတ် လိုအပ်ပေသည်။ ထို့ကြောင့် ဂူဝ၌ပင် မီးတုတ်များ လုပ်ကြ၏။ ထို့နောက် မီးတုတ်များကို မီးထွန်းညှိပြီး ဂူထဲ ပြန်ဝင်ကြ၏။

“ဟာ ....”

www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး အံ့အားသင့်သွားကြ၏။ ဂူထဲ၌ တွေ့ရသော အရာများကား အရိုးခေါင်းများ ဖြစ်လေသည်။

ကျွန်းပေါ်၌လည်း လူရိုးများ တွေ့ရသည်။ ဂူတွင်း၌လည်း အရိုးခေါင်းများ တွေ့ရသည်။ လူအတော်သေသောကျွန်းပေတကား။ မိစ္ဆာကျွန်းပဲ့ ခေါ်ဝေါ်ခြင်းမှာ ခေါ်ဝေါ်ထိုက်လှပေတကား။

ကျူံဖေသည် မီးတုတ်ကို မြှောက်ကိုင်ပြီး ဂူအရှည်ကို ခန့်မှန်း၏။ ဂူကား ရှည်လျားလှမည်ဟု သူ ခန့်မှန်း၏။

ကျူံဖေက တစ်ချက် စဉ်းစားလိုက်ပြီး ....

ပြီးမှ ယန်ချင်ထန်ဘက်သို့ လှည့်ကာ ပြောသည်။

"မင်းတို့ ဒီမှာစောင့် .... ငါ အထဲဝင်ကြည့်မယ် .... အားလုံး ဝင်ဖို့တော့ မသင့်သေးဘူး .... "

ယန်ချင်ထန်က ထိုအချက်ကို သဘောမတူပေ။

"နောင်ကြီးကျူံဖေ .... ခင်ဗျား တစ်ယောက်တည်း ဝင်ဖို့တော့ ကျုပ် သဘောမတူဘူး .... "

ကျူံဖေက ပြုံးကာ ....

"ဘာဖြစ်လို့လဲ .... "

"ခင်ဗျားတစ်ယောက်တည်း ဝင်သွားလို့မဖြစ်ဘူး .... အထဲမှာ ရန်သူရှိရင် ဘယ်လိုလုပ်မလဲ .... အမြင်ကပဲ ဒီကျွန်းဟာ အတော်ဆိုးနေပြီ .... ဘယ်ကျွန်းများ ဒီလောက် လူရိုးများများ တွေ့နိုင်မှာလဲ"

ကျူံဖေက ရယ်မောရင်း ....

"ကျားရဲ့သိုက်ကို မဝင်ရင် ကျားကလေးတွေကို ဘယ်လိုရနိုင်



မှာလဲ .... ရန်သူရှိလည်း ကျုပ် ဝင်မှာပဲ .... ကျုပ်တို့ လူ့သိုက်ထဲမှာ အဝင်သင့်ဆုံးက ကျုပ်ပဲ .... ဒါကို ရှင်းပြနေဖို့ မလိုဘူး .... မင်းတို့ ဒီမှာပဲ စောင့်နေပါ .... "

ယန်ချင်ထန် ဆက်မပြောနိုင်တော့ပေ။ ဤသို့ အရဲစွန့်မဝင်ပါကလည်း ဂူထဲ၌ ဘာရှိမှန်း သိနိုင်လိမ့်မည် မဟုတ်ပေ။ သူတို့ ထွက်ခွာလာခြင်းမှာ မိစ္ဆာတို့၏ ဇာစ်မြစ်ကို ရှာဖွေရန်ပင် မဟုတ်ပါလား။

ကျူံဖေသည် စကားဆုံးသည်နှင့် ဂူထဲသို့ ဝင်သွားလေတော့၏။

ယန်ချင်ထန်က စိုးရိမ်ပူပန်စွာဖြင့်ပင် ကျူံဖေ၏ နောက်ကျောကို လှမ်းကြည့်မိသည်။ ကျူံဖေသည် တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားလေတော့သည်။

"ဝုန်း .... "

ကျူံဖေ အတွင်းသို့ဝင်သွားပြီး မကြာမီ ကျယ်လောင်သော အသံကြီးတစ်သံ ထွက်ပေါ်လာ၏။

ကျောက်တုံးများ ပြိုကျသကဲ့သို့ပင် ဖြစ်၏။ ဂူပေါက်ဝ၌ စောင့်နေသူအားလုံးပင် ကျူံဖေအတွက် လွန်စွာ စိုးရိမ်မိကြလေ၏။

ယန်ချင်ထန်သည် ထိုင်နေရာမှ ခုန်ထလိုက်၏။

"ကျူံဖေတော့ တစ်ခုခုဖြစ်နေပြီ .... တို့တစ်တွေ လိုက်ဝင်သွားကြမှ ဖြစ်တော့မယ် .... "

သူ၏စကားမဆုံးမီမှာပင် သူတို့၏ နောက်ကျောဆီမှ အသံလိုလို ကြားလိုက်ရသဖြင့် အားလုံးပင် ဂူပေါက်ဝဘက်သို့ လှည့်ကြည့်မိကြ၏။

www.burmeseclassic.com



သူတို့၏ အနောက်ဘက်ဂူဝ၌ အမည်းရိပ်တစ်ရိပ် မလှုပ်မယှက် ရပ်နေလေသည်တကား။

ထိုအရိပ်မှာ အဝါရောင်အင်္ကျီ၊ အဝါရောင်ဦးထုပ် ဝတ်ဆင်ထားသော မိစ္ဆာဟန်ဆောင်ထားသည့် လူတစ်ယောက်ဖြစ်ကြောင်း တွေ့လိုက်ရသောအခါ အားလုံးပင် ရင်ထိတ်သွားကြ၏။

သူတို့ ရင်ထိတ်မည်ဆိုပါက ရင်ထိတ်လောက်ပေသည်။

ဤနေရာသည် ဗီယွင်ဖုကမ်းခြေ မဟုတ်ပေ။ မိစ္ဆာကျွန်းဖြစ်နေသည်။ ကိုယ့်ရပ်ကိုယ့်ဒေသ၌ မိစ္ဆာများနှင့် ယှဉ်ပြိုင်၍ အကြောင်းမဟုတ်လှသော်လည်း ဘာရှိမှန်း အသေအချာ မသိသေးသည့် ဤကျွန်းပေါ်၌ တိုက်ခိုက်ရန် ကိစ္စမှာမူ အတော်ကလေး မရှုသာ မရှုက်သာသော ကိစ္စဖြစ်လေ၏။

သို့သော် ရှောင်လွှဲ၍လည်း မရပေ။ ထို့ကြောင့် ယန်ချင်ထန်က သူ့ဓားကို ရွမ်းခနဲ ဆွဲထုတ်လိုက်၏။ သူ၏ဓား၊ ဓားအိမ်မှ မထွက်လာမီမှာပင် ထိုမိစ္ဆာဟန်ဆောင်သောလူက ခုန်ဝင်လာတော့သည်။

ယန်ချင်ထန် ရင်ထိတ်သွား၏။ မိစ္ဆာဟန်ဆောင်သူ၏ လှုပ်ရှားမှုက လျှင်မြန်လှသည်မဟုတ်ပါလော။

သူသည် ကပျာကယာ ရှောင်တိမ်းပေးလိုက်ရလေတော့သည်။

ယိဖျောင်းရှမ်းတို့လည်း လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။ ရန်သူတစ်ဦးနှင့် သူတို့လေးဦး တိုက်ခိုက်နေစဉ်မှာပင် နောက်ထပ်မိစ္ဆာကောင်ဟန်ဆောင်ထားသော လူသုံးယောက် ထပ်မံရောက်ရှိလာလေတော့၏။



ထိုအခါ မိစ္ဆာကောင် ဟန်ဆောင်သူကလေးယောက်၊ ယန်ချင်ထန်တို့ကလေးယောက် ဖြစ်သွားလေတော့သည်။

ယိဖျောင်းရှမ်းမှာ ထိုမိစ္ဆာကောင် ဟန်ဆောင်ထားသော လူများနှင့် အကြိမ်ကြိမ် ရင်ဆိုင်ခဲ့ဖူးသဖြင့် ဟာကွက်ပျော့ကွက်များကို သိထား၏။ သူတို့အုပ်စုထဲ၌ သူက အရဲဝံ့ဆုံးနှင့် မိစ္ဆာကောင်ဟန်ဆောင်သူများကို အပြင်းထန်ဆုံး တိုက်ခိုက်နိုင်သည်။

"သူတို့ရဲ့ ကိုယ်ခန္ဓာကို မတိုက်နဲ့ .... အလကားပဲ၊ သူတို့မျက်လုံးကိုသာ ဦးတည်တိုက် .... "

ယိဖျောင်းရှမ်းက ကျန်လူများကို အော်ဟစ်သတိပေးသည်။

တိုက်ပွဲကား အကြမ်းတမ်းဆုံးပင်။

လေးယောက် လေးယောက်ချင်း ဖြစ်သော် ယိဖျောင်းရှမ်းတို့အုပ်စုမှာ ခံစစ်ဖြစ်နေ၏။ ယန်ကျင်ကန်နှင့် ယန်လီကျူတို့ မောင်နှမမှာ လက်တွေ့တိုက်ပွဲအတွေ့အကြုံ မရှိခဲ့သောကြောင့်ဖြစ်သည်။

သူတို့မောင်နှမသည် မိစ္ဆာကောင် ဟန်ဆောင်ထားသော လူ၏ တိုက်ခိုက်မှုကို ခုခံကာ နောက်တစ်ဆုတ်တည်း ဆုတ်ပေးနေရ၏။

ယိဖျောင်းရှမ်းနှင့် ယန်ချင်ထန်သည် အတော်ကလေး တောင့်ခံနိုင်ကြ၏။

ယန်ချင်ထန်မှာ သမီးနှင့် သားအတွက် အတော်ကလေး စိတ်ပူသွား၏။

"သားတို့ သမီးတို့ ဂူဝဘက်ကို ကျောပေးပြီး ထွက်ကြ .... ဂူအတွင်းဘက်ပိုင်းကို မဝင်နဲ့ .... "

www.burmeseclassic.com



ယန်ချင်ထန် ပြောသည်မှာ မှန်သည်။ ဂူအတွင်းသို့ ဝင်ပါက ထွက်လမ်းမရှိတော့ပေ။ ဂူအပြင်ဘက်၌ လွတ်မြောက်နိုင်ခွင့် ရှိပေသည်။

ယိဖျောင်းရှမ်းသည် .... ယန်ကျင်ကန်နှင့် ယန်လီကျူတို့၏ အခက်အခဲ အကျပ်အတည်းကို နားလည်သဘောပေါက်သွားသဖြင့် သူမနှင့် တိုက်ခိုက်နေသူကို ခပ်ကြမ်းကြမ်း တိုက်ပစ်လိုက်ရာ ရန်သူမှာ နောက်ဆုတ်သွားရလေ၏။

"ဝှစ် .... ဝှစ် .... ဝှစ် .... "

မိစ္ဆာကောင်များမှာ ဆေးတစ်မျိုး အမိခံထားရသဖြင့် လက်နက်ပုန်း၏ လေတိုးသံကို ဂရုမစိုက်မိကြပေ။ ယိဖျောင်းရှမ်း၏ ရန်သူမှာ အားခနဲအော်ပြီး ဝုန်းခနဲ လဲကျသွားလေ၏။ မိစ္ဆာကောင် ဟန်ဆောင်ထားသူများသည် သူတို့ဘက်တော်သားတစ်ဦး လဲကျသွားသည်ကိုတော့ သိသည်။ ချက်ချင်းပင် ဂူဝသို့ ဆုတ်ပြေးသွားကြ၏။

ယိဖျောင်းရှမ်း အားတက်သွားသည်။

"လိုက်ကြ .... သူတို့ ကျွန်မတို့ကို ကြောက်သွားပြီ"

ယိဖျောင်းရှမ်းတို့အုပ်စုသည် ဆုတ်ပြေးသွားသော သုံးကောင်နောက်သို့ ထပ်လိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် နောက်ဆုတ်သွားသော မိစ္ဆာကောင် ဟန်ဆောင်ထားသော လူသုံးယောက်က ပြိုင်တူ လှုပ်ရှားလိုက်ကြ၏။

သူတို့က ခါးထဲမှ ပြောင်းတစ်ခုကို လျှပ်တစ်ပြက် ထုတ်ပြီး မှုတ်လိုက်ရာ 'ဖုန်း' ခနဲ အသံနှင့်အတူ အဝါရောင် အငွေ့များ ထွက်လာလေတော့သည်။



ယိဖျောင်းရှမ်းမှာ ထိတ်လန့်ပြီး ကမန်းကတန်း နောက်ကျွမ်းထိုးကာ ရှောင်တိမ်းလိုက်သဖြင့် လွတ်သွားသည်။

ယန်ချင်ထန်တို့ သားအဖမှာ ယိဖျောင်းရှမ်းကဲ့သို့ သတိမရှိကြပေ။ ထို့ပြင် ယိဖျောင်းရှမ်းက ရှေ့မှ ကွယ်နေသဖြင့် မိစ္ဆာကောင် ဟန်ဆောင်သူများ၏ လှုပ်ရှားမှုကိုလည်း မတွေ့ကြရပေ။

ထို့ကြောင့် အဝါရောင်အငွေ့များကို ရှူရှိုက်မိသွားသည်။

"ဝုန်း .... ဝုန်း .... "

ယန်ချင်ထန်နှင့် ယန်ကျင်ကန်တို့ လဲကျသွားသည်။

ယန်လီကျူမှာ နောက်ဆုံးလူဖြစ်၍ ရှေ့မှလူများထက် ရှောင်ချိန်ပိုရသည်။

ထို့ကြောင့် သူမက ထိုင်ချလိုက်၏။

သို့သော် အငွေ့များကို လုံးဝရှောင်တိမ်းနိုင်ခြင်းတော့ မရှိပေ။

အနည်းငယ် ရှူရှိုက်မိသွားသည်။ သူမသည် လဲကျသွားသည်နှင့် အရေးတကြီး အော်လိုက်သည်။

"ကျွန်မကို မြန်မြန်ကယ် .... "

ထို့နောက် သူမသည်လည်း မေ့လုမေ့ခင် ဖြစ်သွား၏။

ယိဖျောင်းရှမ်း ရင်ထိတ်သွားသည်။ မမျှော်လင့်ဘဲနှင့် သူတို့ အရှုံးဘက်သို့ ရောက်သွားသည်မဟုတ်ပါလား။

သူမ၏ ဦးလေးတို့မှာ အဆိပ်သင့်သွားကြောင်း သိလိုက်၏။ ထိုအထဲတွင် ယန်လီကျူသည် အဆိပ်ငွေ့အနည်းဆုံး ရှူရှိုက်မိသူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယိဖျောင်းရှမ်းသည် သူ့လက်ကို ဝှေ့ယမ်းလိုက်၏။

"ဝှစ် .... ဝှစ် .... ဝှစ် ...."

မိစ္ဆာကောင် ဟန်ဆောင်သူတစ်ကောင် လဲကျသွားပြီး ကျန် နှစ်ကောင် အလူးအလဲ ရှောင်တိမ်းသွားကြ၏။ ယိဖျောင်းရှမ်းသည် ယန်လီကျူကို ဆွဲပြီး ဂူပေါက်မှနေ၍ တစ်ဟုန်ထိုး ထွက်ပြေးသည်။

သို့သော် ဝေးဝေးပင် မရောက်သေးမီမှာပင် ကြိုးကွင်းများက လွင့်ထွက်လာပြီး သူမတို့ကို စွပ်မိလုလု ဖြစ်သွားလေ၏။

ယိဖျောင်းရှမ်း ထိတ်လန့်သွားပြီး ဓားဖြင့် ဝှေ့ယမ်းခုတ်ချလိုက် ရာ ကြိုးကွင်းအချို့ ပြတ်တောက်သွားသည်။

ယန်လီကျူမှာမူ အဆိပ်ငွေ့ အနည်းငယ်မိသွားသည့်အတွက် မူးနေ၏။ ယိဖျောင်းရှမ်း ဆွဲခေါ်ရာသို့သာ ကမူးရှူးထိုး ပါလာခြင်း ဖြစ်သည်။ သတိမကောင်းချေ။

ထို့ကြောင့် ကြိုးကွင်းကို မရှောင်နိုင်ဘဲ စွပ်မိသွားလေသည်။

ကြိုးကို ဆောင့်ဆွဲလိုက်သောကြောင့် ယန်လီကျူ နောက်သို့ လန်၍ ကျသွားတော့၏။

ယိဖျောင်းရှမ်း လှည့်ကြည့်လိုက်ရာ မိစ္ဆာကောင် ဟန်ဆောင် ထားသော လူနှစ်ယောက်ကို တွေ့လိုက်ရသည်။

"ဟာ ...."

ယိဖျောင်းရှမ်း ထိတ်လန့်သွား၏။ မိစ္ဆာကောင် ဟန်ဆောင် ထားသူ ဆယ်ယောက်ခန့်သည် မည်သည့်နေရာကမှန်းမသိဘဲ အလျှို လျှို ထွက်လာကြသည်။



ယိဖျောင်းရှမ်းသည် လက်နက်ပုန်း တစ်ဆုပ် ပစ်ခတ်လိုက်ပြီး နောက် သူမတစ်ဦးတည်း လွတ်အောင်ပြေးရတော့သည်။

"ကမ်းစပ်မှာရှိတဲ့ လှေဆီကို အရောက်ပြေးရမယ် ...."

မိစ္ဆာကောင် ဟန်ဆောင်ထားသော လူများမှာ ယိဖျောင်းရှမ်း ၏နောက်သို့ ထက်ကြပ်မကွာ ပြေးလိုက်ကြတော့သည်။ လူအင်အား ချင်း အဆမတန် ကွာခြားနေသဖြင့် ယိဖျောင်းရှမ်းမှာ တရကြမ်း ထွက် ပြေးရသည်။

ကမ်းစပ်ဆီသို့ ....

ယိဖျောင်းရှမ်းတို့လူစု ဂူအဝင်ဝ၌ ဒုက္ခရောက်နေကြစဉ် ကမ်း စပ်ရှိ ယူဆန်ဖုံတို့သားအဖမှာလည်း မိစ္ဆာကောင် ရန်သူများနှင့် ရင်ဆိုင် နေရပေသည်။

မိစ္ဆာကောင် ဟန်ဆောင်ထားသော လူနှစ်ယောက်က လှေ ချည်ထားသော ကြိုးကိုဆွဲကာ လှေကိုကမ်းပေါ် တင်နေ၏။

ယူဆန်ဖုံတို့ သားအဖကလည်း အတင်းပြန်ဆွဲနေရလေသည်။

ထိုသို့ သူနိုင်ကိုယ်နိုင် ဆွဲနေစဉ်မှာပင် ယိဖျောင်းရှမ်းတစ် ယောက် ကမ်းခြေဆီသို့ ရောက်လာလေတော့သည်။ ယိဖျောင်းရှမ်း သည် ကမ်းစပ်မှအခြေအနေကို မြင်နေရသည်။ သူမသည် ဘာမျှစဉ်း စားမနေတော့ဘဲ မာန်သွင်းအော်ဟစ်ကာ ခုန်ကန်ပစ်လိုက်၏။ ရန်သူ တစ်ယောက် လွင့်စဉ်သွားသည်။

"ဝုန်း ...."

လျှပ်တစ်ပြက် အကန်ခံလိုက်ရသဖြင့် မိစ္ဆာကောင် ဟန်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



သူမှာ ရေထဲသို့ ကျသွားတော့သည်။

ကျန်တစ်ယောက်ကား လှေကြိုးကို လွှတ်ပြီး ယိမ်းဖျောင်းရှမ်းကို ရင်ဆိုင်သည်။

ယိမ်းဖျောင်းရှမ်းက အလွတ်မပေးဘဲ ထိုမိစ္ဆာကောင်၏ မျက်လုံးကို ဓားနှင့် ထိုးလိုက်သည်။

မိစ္ဆာကောင်မှာ လူက ဟန်ဆောင်ထားခြင်း ဖြစ်သောကြောင့် ဓားကို သိ၏။ သူ၏မျက်လုံးကို မထိစေရန် နောက်ဆုတ်ပေးသည်။

ယိမ်းဖျောင်းရှမ်းက ဆက်၍ တိုက်ခိုက်လိုစိတ် မရှိပါ။ သူ၏နောက်မှ လိုက်လာကြသော မိစ္ဆာကောင်များ ရောက်မလာမီ သူ၏လှေပေါ်သို့ ခုန်တက်လိုက်၏။ ကြိုးကိုလည်း ဓားနှင့် ဖြတ်ပစ်လိုက်သည်။ ယူဆန်ဖုံတို့ကိုလည်း အော်ဟစ်သတိပေးရသည်။

"လှေကို ကမ်းကမြန်မြန်ခွာ၊ လှေကို ကမ်းကခွာ .... နောက်ထပ် မိစ္ဆာကောင်တွေ တစ်အုပ်ကြီး လိုက်လာနေပြီ ...."

ယူဆန်ဖုံ၏ လှေသည် ကမ်းမှခွာထွက်သွားသည်။

လှေအကွာတွင် မိစ္ဆာကောင် ဟန်ဆောင်ထားသူ ရန်သူဆယ်ဦးခန့် ရေဆိပ်သို့ ရောက်ရှိလာလေတော့၏။

လှေမှာ ဝဲနှင့်အတူ မျောသွား၏။

ကမ်းနှင့် အတော်ပင် ဝေးသွားသည်။

"ဟင်း ...."

သည်တော့မှ .... ယိမ်းဖျောင်းရှမ်းမှာ သက်ပြင်းချနိုင်လေတော့သည်။



အန္တရာယ်တော့မှ လွတ်လာသည့်အတွက် စိတ်လည်း အေးသွားသည်။

သို့သော် လှေဘောင်တစ်ဘက်သို့ မျက်စိရောက်သွားသော အခါ ယိမ်းဖျောင်းရှမ်း ထိတ်လန့်သွားမိလေ၏။

လှေ၏ တစ်ဘက်နံရံကို စောစောက ရေထဲသို့ ကျသွားသော မိစ္ဆာကောင် ဟန်ဆောင်ထားသောလူက လှမ်းတွယ်ထားခြင်းပေတည်း။

ယိမ်းဖျောင်းရှမ်း လက်မနှေးတော့ပါ။ ဓားဖြင့် ရွှမ်းခနဲ ခုတ်ချပစ်လိုက်၏။

မိစ္ဆာထံမှ အားခနဲအော်သံ ထွက်မလာပါ။

ရေထဲသို့ ပြုတ်ကျပြီး ဓာတ်သိမ်းသွားတော့သည်။

"တော်ပါသေးရဲ့ .... မိန်းကလေး လက်မြန်ပေလို့ပဲ"

ယူဆန်ဖုံခမျာ ထိုမျှသာ ပြောနိုင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၈)

## ဗိုတိုင်ပင်လယ်လူဆန်းများ

မိစ္ဆာကျွန်းမှ ခွာစေရန် အပြင်းအထန် ကြိုးပမ်းနေရသဖြင့် ယုဆန်ဖုံတို့ သားအဖသည် ကျွန်းပေါ်၌ ကျန်ရစ်ခဲ့သူများကို မမေးအားချေ။ မိစ္ဆာနှစ်ကောင်က သူတို့လှေကို ရန်ပြုရန် လာကတည်းက ယုဆန်ဖုံတို့သားအဖ အကြီးအကျယ် ကြောက်သွေးဖြန်းခဲ့ကြသည်။ ယိဖျောင်းရှမ်း ပြန်လာပြီး မိစ္ဆာနှစ်ကောင်ကို တိုက်ခိုက်သောအခါမှ ယုဆန်ခုံတို့ သားအဖ ဟင်းချနိုင်သည်။

လူဆိုသည်မှာ အတ္တသမားပင် မဟုတ်ပါလား။ သူတို့သားအဖ ဘေးကင်းရာရောက်ပြီး ဆိုသောအခါမှသာ ကျွန်းပေါ်၌ ကျန်ရစ်ခဲ့သည့် သူရဲကောင်းကြီးကျူဖေ၊ ယန်ချင်ထန်၊ ယန်ကျင်ကန်နှင့် ယန်လီကျူ တို့ကို စဉ်းစားနိုင်တော့သည်။

လှေကလေးမှာ ကျွန်းနှင့် အတော်ဝေးသွားလေပြီ။ အန္တရာယ် များကြားမှ လွတ်မြောက်သွားပြီဟု ဆိုနိုင်သည်။

သို့သော် ကျူဖေ၊ ယန်ကျင်ကန်နှင့် ယန်လီကျူတို့ကား မိစ္ဆာ



ဟန်ဆောင်သူများ၏ လက်တွင်း ကျရောက်ခဲ့လေပြီ။

ယိဖျောင်းရှမ်းမှာ ငိုင်နေမိ၏။ သူက ဦးလေးတို့ သားအဖ သတင်းကို ဒေါ်လေးဖြစ်သူအား မည်သို့ပြန်ပြောင်းပြောဆိုရပါမည်နည်း။ သူမစကားကို ယုံချင်မှ ယုံဦးမည်။ ယုဆန်ဖုံတို့ သားအဖကို ခေါ်သွားပြီး သက်သေပြ ပြောဆိုမှသာ ယုံပေလိမ့်မည်။

ယိဖျောင်းရှမ်း ငိုင်နေသည်။ သူမ ငိုင်နေသဖြင့် ယုဆန်ဖုံတို့က ကျွန်းပေါ်၌ ကျန်ရစ်သူများအကြောင်း မမေးရဘဲ ဖြစ်နေကြသည်။

ထိုစဉ် ယုဆန်ဖုံ၏ အလန့်တကြား ပြောသံ ထွက်ပေါ်လာလေတော့၏။

"မိန်းကလေး နောက်မှာကြည့်စမ်း .... ဟိုးဆန်းတဲ့ လှေတစ်စင်း နောက်က လိုက်လာနေပြီ ...."

ယိဖျောင်းရှမ်းမှာ ထိုစကားကြောင့် ထိတ်လန့်သွား၏။ သူမက လှမ်းကြည့်ရာ အမည်းရောင် လှေတစ်စင်းသည် လျင်မြန်သောအရှိန်ဖြင့် သူတို့၏ လှေနောက်သို့ လိုက်လာသည်ကို တွေ့လိုက်ရတော့သည်။

ယုဆန်ဖုံတို့သားအဖ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်။

မိစ္ဆာကျွန်းမှ လွတ်ပြီဟု သူတို့ အောင်မေ့ခဲ့၏။ သို့သော် မအောင်ရခဲ့ပေ။ ယခု သူတို့နောက်သို့ မိစ္ဆာကျွန်းသားများ လိုက်လာနေပေပြီ။ သိုလှေက မြန်လှသည်။

ထိုအရှိန်နှုန်းနှင့် ဆိုပါက မကြာခင် သူတို့လှေကို မီတော့မည်

www.burmeseclassic.com

www.burmeseclassic.com



ကို ယူဆန်ဖုံ သိရှိသည်။

ထို့ကြောင့် သူမျက်နှာမှာလည်း သွေးမရှိဘဲ ဖြူရော်နေတော့သည်။ သူတို့၏ တံငါလှေမှာ ထိုလှေမည်းအား လွတ်အောင်ပြေးနိုင်ရန် မလွယ်ကူပေ။ တံငါလှေဆိုသည်မှာ အမြန်လှေမဟုတ်။ ဗီယွင်ကမ်းခြေ သို့မဟုတ် ပိုင်ဆတ်ဖုကမ်းခြေကို ရောက်ရန်ဆိုသည်မှာ တွေးကောင်းသောအရာ မဟုတ်ပေ။ အဝေးကြီး ကွာခြားနေသည်။

ယူဆန်ဖုံတို့ သားအဖမှာ သည်တစ်ကြိမ်၌ သေဆုံးပြီဟု ယုံကြည်လိုက်မိကြလေ၏။ ယိဖျောင်းရှမ်းသည် ထိုလှေကို လှည့်ကြည့်လိုက်၏။ သူမ မကြောက်တော့ပါ။ သူ ကြောက်ရွံ့မှုမှာ အထွတ်အထိပ်သို့ ရောက်ခဲ့ပြီးပြီဖြစ်၍ ထို့ထက်ပို၍ မကြောက်နိုင်တော့ပါ .... ။ ထို့ကြောင့် အံကြိတ်ပြီး လက်နက်ပုန်းကို အသင့်ပြင်ထားလိုက်တော့သည်။

အနားရောက်သည်နှင့် သူသေကိုယ်သေ တိုက်ခိုက်ရန် ဆုံးဖြတ်ချက် ချလိုက်သည်။ ထိုစဉ်မှာပင် ယူကျင်းဖိုက်က အလန့်တကြား အော်ပြန်လေတော့၏။

“ဟာ .... ဟိုဘက်မှာလည်း လှေတစ်စင်း ဒုက္ခပဲ .... ”

သားဖြစ်သူ အော်သံကြားသဖြင့် ယူဆန်ဖုံလည်း လိုက်ကြည့်လိုက်သည်။ သူလည်း စိတ်ဓာတ်ကျသွားတော့သည်။

“ဟာ .... ဒုက္ခပါပဲ၊ လှေနှစ်စင်း ဝိုင်းမိရင်တော့ တို့ လွတ်စရာ မဟုတ်တော့ဘူး .... ဖြစ်မှ ဖြစ်ရလေ .... ဆိုးလိုက်တဲ့ ကံနယ်”

ယိဖျောင်းရှမ်းက သူတို့ကြည့်ရာဘက်သို့ လိုက်ကြည့်၏။



မှန်သည်။ သူတို့နှင့် မိုင်ဝက်ခန့်အကွာ၌ လှေတစ်စင်း လာနေသည်ကို တွေ့မြင်လိုက်ရ၏။ သို့သော် ယိဖျောင်းရှမ်း၏ မျက်စိထဲ၌ အမြင်တစ်မျိုး ဖြစ်နေသည်။ ထိုလှေမှာ ပုံစံတစ်မျိုး ဖြစ်နေခြင်းပင်။

သူတို့ တောင်ပိုင်းဒေသံသားများသည် ထိုလှေမျိုးကို ပုဂ္ဂန်ပါးစပ်ဟု ခေါ်သည်။

ထိုလှေမှာ ပုဇွန်ဖမ်းသောအခါ အသုံးပြုသောလှေ ဖြစ်သည်။

လူသုံးလေးယောက်ခန့်သာ တင်နိုင်သည်။ လှိုင်းဒဏ်၊ လေဒဏ်လည်း မခံနိုင်ချေ။

ယခု ထိုလှေငယ်မှာ ပင်လယ်ထဲ၌ ရောက်နေ၏။ အဘယ်ကြောင့် ရောက်နေပါသနည်း။

လှေပေါ်၌ လူသုံးယောက် ပါသည်ကို တွေ့လိုက်ရ၏။

မည်သူမည်ဝါမှန်း သေချာစွာ မတွေ့ရချေ။

သို့သော် လှေကလေးမှာ လျှင်မြန်စွာပင် သူတို့ထံသို့ လာနေသည်။

အမည်းရောင် လှေမှာလည်း တစ်စထက်တစ်စ ယိဖျောင်းရှမ်းတို့၏ တံငါလှေအနီးသို့ နီးကပ်လာနေသည်။

ယိဖျောင်းရှမ်းက ....

“ဘဘ .... ဘာမှ မကြောက်နဲ့၊ ကျွန်မ မသေသရွေ့ ဘဘတို့ မသေစေရဘူး .... ကျွန်မ အသက်စွန့်ပြီး ခုခံပါ့မယ် .... ”

သေမထူး နေမထူး ဘဝဖြစ်၍ ယိဖျောင်းရှမ်းက ယူဆန်ဖုံတို့ကို ထိုသို့အားပေးခြင်းဖြစ်သည်။ ယခုအချိန်၌ .... သူမ သေရန်

www.burmeseclassic.com

www.burmeseclassic.com



မကြောက်တော့ပါ။ သူမ တတ်နိုင်သမျှ သတ်ပြီးမှ အသေခံရန် ဆုံးဖြတ်ချက်ချလိုက်ပြီး ဖြစ်ပါသည်။ အခြားလှေနှစ်စင်းသည် တဖြည်းဖြည်း သူတို့နှင့် နီးလာလျက် ရှိနေလေပြီ။

"မိန်းကလေးလည်း ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူးကွာ"

ယူဆန်ဖုံက ညည်းညူလိုက်၏။

ယိဖျောင်းရှမ်းမှာ သွေးဆူလာပြီဖြစ်၍ လှေပေါ်၌ ထရပ်လိုက်သည်။

ဓားတစ်ဘက်၊ လက်နက်ပုန်းတစ်ဘက် ကိုင်ကာ ရန်သူလှေများကို အကဲခတ်နေ၏။ အရင်ဆုံး နီးလာသော လှေဆီသို့ ခုန်ကူးပြီး တိုက်ခိုက်မည်ဟု သူမ ကြံစည်ထားခြင်း ဖြစ်ပေသည်။

အမည်းရောင် ရန်သူလှေသည် တဖြည်းဖြည်းနှင့် အနီးသို့ ရောက်ရှိလာ၏။

"ဝုစ် .... ဝုစ် .... "

အသံနှစ်ချက် ကြားလိုက်ပြီး မိမိတို့ လှေဆီသို့ မီးမြားနှစ်စင်း လွင့်လာသည်ကို တွေ့ရသည်။

"ဝုစ် .... ဝုစ် .... "

ယိဖျောင်းရှမ်းက ဓားနှင့် ခါထုတ်လိုက်သည်။

မြားနှစ်စင်းစလုံး ပင်လယ်ထဲသို့ လွင့်ထွက်သွား၏။

မကြာမီ ရန်သူလှေဆီမှ ကြိုးနှစ်ချောင်း လွင့်လာပြီး ယိဖျောင်းရှမ်းတို့၏ လှေကို လာချိတ်သည်။

ယိဖျောင်းရှမ်းက လျင်သည်။ သူမ၏ဓားဖြင့် ဝှေ့ယမ်းဖြတ်



တောက်ပစ်လိုက်၏။

ယူဆန်ဖုံတို့ သားအဖမှာ ကြောင်နေ၏။

ထိုစဉ် .... ပုစွန်ပါးစပ် လှေယာဉ်ကလေးသည် သူတို့လှေအနီး ရောက်ရှိလာပြီး ထိုလှေပေါ်မှ လူနှစ်ယောက်က သူတို့လှေပေါ်သို့ ခုန်တက်လာ၏။ ယိဖျောင်းရှမ်းမှာ အမည်းရောင်လှေမှ မြားနှင့် ကြိုးများကို ဂရုစိုက်နေရသဖြင့် ထိုလူများကို မတားဆီးနိုင်ချေ။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ ဝဝဖြစ်၏။ ခေါင်းမှာ ပြောင်ချောနေအောင် ရိတ်ထားသည်။ သူ၏လက်ထဲ၌ ဂေါ်ပြားကဲ့သို့ လက်နက်တစ်ခုကို ကိုင်ထားသည်။ ကျန်တစ်ယောက်မှာ မုတ်ဆိတ်နှင့် လူတစ်ယောက်ဖြစ်၏။

ယိဖျောင်းရှမ်းမှာ ထိုလူနှစ်ယောက်ကို လုံးဝ ဂရုမစိုက်နိုင်ချေ။

အမည်းရောင် မိစ္ဆာလှေသည် သူမတို့၏ လှေနှင့် ရင်ပေါင်တန်း ကပ်မိခဲ့ပြီ မဟုတ်ပါလော။ ထို့ကြောင့် မိစ္ဆာကောင် ဟန်ဆောင်ထားသူများကိုသာ သဲသဲမဲမဲ တိုက်ခိုက်နေရတော့သည်။

ယူကျင်းဖိုက်သည် သတိဝင်လာပြီး လက်ထဲမှ လှော်တက်ဖြင့် လူဝကြီးနှင့် မုတ်ဆိတ်တို့ကို ရိုက်ချသည်။

သို့သော် ထိုလူများက ပို၍ မြန်ဆန်၏။ မြန်ပေမပေါ့။ သူတို့က သိုင်းသမားများကိုး။ ယူကျင်းဖိုက်တို့က ဘာပညာမှ တတ်သူများ မဟုတ်။ ရန်သူများက ရိုက်ချလာသော လှော်တက်ကို လက်နှင့်ဖောပြီး ဖမ်းလိုက်၏။

"မင်း ငြိမ်ငြိမ်နေစမ်း .... မင်းကို ငါတို့ မသတ်ချင်ဘူး"

www.burmeseclassic.com



ယူကျင်းဖိုက် ငြိမ်ကုတ်သွားတော့၏။

ယူဆန်ဖုံကား ပထမကတည်းက ကြောက်လန့်ပြီး ငြိမ်ကုတ်နေပြီးခဲ့လေပြီ။ ထိုလူနှစ်ယောက်သည် ယီဖျောင်းရှမ်းနှင့် တိုက်ခိုက်နေသူများထံ မျက်လုံးရောက်သွား၏။

မုတ်ဆိတ်မွေးနှင့် လူသည် ယီဖျောင်းရှမ်း၏ ခေါင်းပေါ်မှ လွှားခနဲ ခုန်ကျော်ကာ ထိုမိစ္ဆာကောင် ဟန်ဆောင်ထားသော လူထံသို့ ဓားတစ်ချက် ထိုးသွင်းလိုက်တော့သည်။

မိစ္ဆာကောင်ဟန်ဆောင်ထားသော လူမှာ ရင်ဝသို့ ဓားထိုးလာသည်ကို တွေ့သောအခါ မရှောင်ပါ၊ ဓားကိုးခံပြီး ပြန်ခုတ်ရန် ဟန်ပြင်သည်။

သူက ဓားကို ခုခံနိုင်သည် မဟုတ်ပါလော။ သူ၌ ထူးခြားသော ဝတ်စုံ ရှိသည် မဟုတ်ပါလော။

သို့သော် မုတ်ဆိတ်မွေးနှင့်လူ၏ဓားမှာ သာမန်ဓားမဟုတ်ပါ။

သံထည်များကို ပြတ်အောင်ခုတ်နိုင်စွမ်းရှိသော ဓားဖြစ်၏။ ဓားမြတ်တစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် မုတ်ဆိတ်ဖြူ၏ဓားသည် မိစ္ဆာကောင်ဟန်ဆောင်ထားသောလူ၏ ရင်ဝသို့ ထိုးဝင်သွားလေတော့သည်။

"အား ....."

မိစ္ဆာကောင် ဟန်ဆောင်ထားသောလူမှာ စူးရှစွာ တစ်ချက်အော်ဟစ်လိုက်ပြီး ရေထဲသို့ ပြုတ်ကျသွားလေတော့၏။

မိစ္ဆာကောင် ဟန်ဆောင်ထားသော ရန်သူက ယူဆန်ဖုံထံသို့ ခုန်ဝင်လာပြန်၏။ သည်တစ်ကြိမ်တွင်မူ လူဝကြီးက လှုပ်ရှား၏။

လူဝကြီးသည် ခန္ဓာကိုယ်နှင့် မလိုက်အောင် လျင်မြန်သော အရှိန်အဟုန်ဖြင့် ယူဆန်ဖုံရှေ့သို့ ရောက်လာလေတော့သည်။

မိစ္ဆာကောင် ဟန်ဆောင်ထားသော လူက လူဝကြီး၏ ရင်ဝသို့ ကုတ်ချလိုက်၏။

မိစ္ဆာကောင်များ၏ တိုက်ခိုက်မှုမှာ တစ်ပုံစံတည်း ဖြစ်လေ၏။

လူဝကြီးက ဗိုက်ကို ရှုံ့လိုက်ပြီး တစ်ဆက်တည်း လက်ထဲရှိ ဂေါ်ပြားနှင့် မိစ္ဆာကောင်၏ရင်ဝသို့ ရိုက်ချလိုက်သည်။

မိစ္ဆာကောင်မှာ နောက်သို့ ဆုတ်လိုက်သော်လည်း သူ၏ ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသော သံထည်များကြောင့် လျင်မြန်ခြင်း မရှိပါ။

လူဝကြီး၏ ဂေါ်ပြားမှာ မိစ္ဆာကောင်အား ရိုက်ချမိသွားသည်။

"ဝုန်း ....."

မိစ္ဆာကောင်မှာ ရေထဲသို့ လွင့်စဉ်ကျသွားလေတော့၏။

မုတ်ဆိတ်မွေးနှင့်လူနှင့် လူဝကြီးတို့က မိစ္ဆာကောင်များကို တိုက်ခိုက်ပုံမှာ လွန်စွာ အေးအေးဆေးဆေး ရှိလှပေသည်။ ရန်သူများကို လုံးဝ ဂရုမစိုက်ကြချေ။

တိုက်ကွက်တစ်ကွက် ထုတ်ရုံနှင့် အနိုင်ရခဲ့ကြသည်။

မိစ္ဆာကောင် ဟန်ဆောင်ထားသော လူများမှာ .... ထိုလူနှစ်ယောက်နှင့် ရင်ဆိုင်တိုက်ခိုက်ရန် မဝံ့တော့သဖြင့် သူတို့လှေလုံ ကမန်းကတန်း ခွာသွား၏။



www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်က ထိုလှေပေါ် ခုန်တက်ပြီး အပြတ်ရှင်းရန် ဟန်ပြင်သည်။

သို့သော် လှေထဲမှ မီးမြားသုံးစင်းက ပစ်လွှင့်လာသဖြင့် ဓားနှင့် ဗွေ့ယမ်းကာကွယ်လိုက်ရသည်။ မြားများ ဂင်လယ်ထဲ အပိုင်းပိုင်းပြတ်၍ လွင့်စဉ်သွား၏။

ထိုအခိုက် လှေမည်းကလေးမှာ အဝေးသို့ ရောက်ရှိသွားလေတော့သည်။

မုတ်ဆိတ်နှင့်လူက တောက်တစ်ချက် ခေါက်လိုက်ပြီး တစ်ကိုယ်တည်း ရေရွတ်နေ၏။

"နှမြောလိုက်တာ ... ဒီကောင်တွေ လွတ်သွားတာ နာတယ်"

ထိုစကားသံသည် ယီဖျောင်းရှမ်း၊ ယူဆန်ဖုံနှင့် ယူကျင်းဖိုက်တို့အား စိတ်နှလုံး အေးမြစေပေသည်။ ထိုစကားတစ်ခွန်းကပင် လှေကြီးနှင့် မုတ်ဆိတ်တို့သည် သူတို့၏ ရန်သူမဟုတ်ကြောင်း သိသာထင်ရှားစေခဲ့ပြီ မဟုတ်ပါလား။

သို့သော် ထိုလူများ မည်သူဖြစ်သည်ကို မသိရှိပါ။ ယီဖျောင်းရှမ်းမှာ သိုင်းလောကသား မဟုတ်သဖြင့် ပို၍ပင် မသိရှိနိုင်ပါ။

ထိုလူနှစ်ယောက် ရောက်လာခြင်းကြောင့် သူမနှင့် ယူဆန်ဖုံတို့ သားအဖ အသက်ရှင်ခွင့်ရကြောင်းတော့ ယီဖျောင်းရှမ်း သိသည်။

ထိုလူနှစ်ယောက်သည် သူတို့ကဲ့သို့ပင် ထူးဆန်းသော လှေမည်းများနောက် လိုက်နေသူများ ဖြစ်ကြောင်းကိုလည်း သိခွင့်ရသည်။

ထိုသူများ၏ သိုင်းပညာမှာ အဆင့်မြင့်လှသဖြင့် မိမိတို့အဖို့



နှင့်သာ စောစောက ပေါင်းခဲ့မိလျှင် ဤမိစ္ဆာကောင်များကို အတော်အတန် ဖမ်းဆီးနိုင်မည်ဟု ယီဖျောင်းရှမ်း မချင့်မရဲ ဖြစ်မိပေသည်။

ယီဖျောင်းရှမ်းက ထိုလူနှစ်ယောက်ရှေ့၌ ဒူးထောက်ဂါရဝ ပြုလိုက်သည်။

မုတ်ဆိတ်မွေးနှင့်လူက ယီဖျောင်းရှမ်းကို မကြည့်ချေ။ ဂရုမစိုက်ချေ။

သူတို့က လှေကလေးပေါ်၌ ကျန်နေသော လူကိုသာ လှမ်းခေါ်သည်။

"ဟော့ .... တက်ခဲ့တော့ ...."

လှေငယ်ကလေးထဲ ကျန်နေသူက ယီဖျောင်းရှမ်းတို့ တံငါလှေပေါ်သို့ ခုန်တက်လာသည်။

ထိုလူ၏ ဝတ်စားဆင်ယင်ပုံမှာ တံငါသည်ပုံစံပင် ဖြစ်သည်။ သူလည်း မုတ်ဆိတ်နှင့်ပင်။ သို့သော် မုတ်ဆိတ်က ဖြူဆွတ်နေသည်။ သို့သော် သူ၏မျက်လုံးများ တောက်ပခြင်း၊ စာပေသမားဟန်ပန် ရှိခြင်းတို့မှာမူ လွန်စွာ ထူးခြားနေလေသည်။

ယီဖျောင်းရှမ်းက ထိုသုံးယောက်လုံးကို လက်ဖမိုးယှက်ပြီး ဂါရဝပြုလိုက်၏။

လူဝကြီးကမူ ယီဖျောင်းရှမ်းကို ဂရုတစိုက် ကြည့်သည်။

"နံပါတ်တစ် .... ဒီမိန်းကလေးက မဆိုးဘူးဗျ .... သိတတ်ပါသယ် ...."

သူက မုတ်ဆိတ်နှင့်လူကို ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်နှင့်လူက ရယ်လိုက်ပြီး ....

"အင်း .... ငါတို့ ကယ်တဲ့အတွက် သိပ် အကျိုးမယုတ်ဘူးဆိုတဲ့သဘောမျိုးတော့ ဖြစ်သွားတာပေါ့ .... "

မုတ်ဆိတ်နက်သည် ထိုလူသုံးယောက်ထဲ၌ ခေါင်းဆောင်ဖြစ်ဟန်ရှိ၏။ လူဝကြီးက နံပါတ်တစ်ဟု ခေါ်ဆိုသည် မဟုတ်ပါလော။

နံပါတ်တစ်၏ မျက်လုံးများသည် လှေပဲ့ပိုင်းသို့ ရောက်သွား၏။

"ဟေ့ .... ဟောဟိုမှာ လူတစ်ယောက် ဒဏ်ရာရနေတယ်၊ အမှတ်နှစ် မင်း သွားကုပေးလိုက်ပါဦး .... "

လူဝကြီးက ယူကျင်းဖိုက်အား သွားရောက်ကြည့်ရှုသည်။ ယူကျင်းဖိုက်မှာ မိစ္ဆာကောင် ကုတ်မိသွားသဖြင့် ဒဏ်ရာရနေသည်။

သို့သော် အဆိပ်မရှိကြောင်း တွေ့လိုက်ရသဖြင့် လူဝကြီးက ဒဏ်ကြေဆေးတိုက်ကာ ဆေးလည်း လိမ်းပေးသည်။ ယူကျင်းဖိုက်၏ အကျီစကို ဆွဲဆုတ်ပြီး ပတ်တီးစည်းပေးသည်။

ယူဆန်ဖုံတို့ သားအဖမှာ လွန်စွာ ကျေးဇူးတင်သွားကြသည်။

ယူကျင်းဖိုက်က လူဝကြီးအား ပြောသည်။

"မိစ္ဆာကျွန်းက မိစ္ဆာကောင်တစ်ကောင်ကို ကျွန်တော်တို့ ဖမ်းလာခဲ့ပါတယ် .... အခု ဒီကောင် ကြိုးပြေပြီး ထလာနေပြီ .... "

ယိဖျောင်းရှမ်း သတိရလာ၏။

သူတို့ မိစ္ဆာကျွန်းသို့ မလာမီ ဖမ်းမိခဲ့သော လူငယ်ကို ကြိုးတုပ်ကာ ခေါ်လာခဲ့ခြင်း ဖြစ်၏။ ထိုလူငယ်ကို သူတို့ မေ့နေကြသည်။

ယူဆန်ဖုံနှင့် ယူကျင်းဖိုက်တို့သည် မိစ္ဆာကောင်အနီး၌ မနေ



သဖြင့် လှေဦးသို့ ပြေးလာသည်။ ထို့ကြောင့် မိစ္ဆာဟန်ဆောင်ထားသောလူငယ် ထလာနိုင်တော့သည်။

လူငယ်က လက်နှစ်ဖက်ကို ဆန့်တန်းပြီး ယိဖျောင်းရှမ်းထံသို့ တိုးဝင်လာ၏။ ယိဖျောင်းရှမ်းသည် မိစ္ဆာဟန်ဆောင်ထားသူများကို တစ်ယောက်ချင်းဆိုလျှင် မမှုပေ။ တစ်ချက်ရှောင်ပြီး လူငယ်၏ရင်ဝသို့ ဓားနှင့်ထိုးသည်။

"ဒုတ် .... "

သို့သော် သူမ၏ဓားမှာ လူငယ်၏ ရင်ဝသို့ မထိုးမိပါ။ အခုအခံတစ်ခု ရှိနေသောကြောင့် ဓားမတိုးခြင်းသာ ဖြစ်ပါသည်။

တာပေသမားပုံစံနှင့်လူက ယိဖျောင်းရှမ်းကို ဟန့်တားလိုက်သည်။

"မလုပ်နဲ့ ကလေးမ .... ဒီကောင် ချုံဖုပဲ"

ယိဖျောင်းရှမ်းက ကြောင်သွားသည်။ သူမကို ကူညီသူများက မိစ္ဆာကောင် ဟန်ဆောင်ထားသူကို သိနေပါကလား။

လူငယ်က ဆက်လက်တိုက်ခိုက်လာသည်။

ယိဖျောင်းရှမ်းမှာ တိုက်စစ်မထုတ်ဘဲ ကမန်းကတန်း ရှောင်တိမ်းပေးလိုက်ရသည်။

သို့သော် လူငယ်က အလွတ်မပေးပါ။ ယိဖျောင်းရှမ်းကို တရကြမ်း တိုက်မြဲတိုက်နေပါသည်။ ယိဖျောင်းရှမ်းသည် ကူညီသူများ၏ မျက်နှာကို ထောက်ထားပြီး ခုခံခြင်းပင် မပြုရှာပါ။

သို့သော် လူငယ်က တရကြမ်း တိုက်နေသဖြင့် သူမအား ကူညီ

www.burmeseclassic.com

www.burmeseclassic.com



သူများကို သတိပေးရသည်။

"ဦးလေးတို့ .... ဦးလေးတို့ လူကို ထိန်းပေးကြပါဦး .... ကျွန်မ ဒီထက် ပိုမရှောင်နိုင်တော့ဘူး .... "

စာပေသမားပုံစံ မှတ်ဆိတ်ဖြူက ခုန်ဝင်လာပြီး တားသည်။

"ချုံဖုံ .... မင်း မလုပ်နဲ့၊ မင်းရဲ့ဘကြီး ဒီမှာ" ဟု အော်သည်။

သို့သော် လူငယ်က မှတ်ဆိတ်ဖြူအား ပိုးခံနဲ ရိုက်ချလိုက်သည်။ လက်သည်းဖြင့် လှမ်းကုတ်သည်။ ကြောက်မက်ဖွယ်ရာ တိုက်ခိုက်မှုပေတည်း။ သို့သော် မှတ်ဆိတ်ဖြူက သက်သောင့်သက်သာပင် ရှောင်တိမ်းသည်။

နံပါတ်တစ် ဖြစ်သူက အမိန့်ပေးလိုက်၏။

"အချိန်ကြာတယ် .... ဘာဖြစ်လို့ သူ့ကို ဒီလောက်အချိန်ပေးထားရသလဲ .... မြန်မြန် ပွဲသိမ်းပစ်လိုက်"

မှတ်ဆိတ်ဖြူက ရှောင်တိမ်းရင်း လူငယ်၏ ဒူးခေါင်းကို ခြေဦးနှင့် ခတ်လိုက်ရာ လူငယ်မှာ လဲကျသွားတော့သည်။

သို့သော် ချက်ချင်းပင် ပြန်ထလာပြီး မှတ်ဆိတ်ဖြူအား တိုက်ခိုက်ရန် ကြိုးစားပြန်သည်။

မှတ်ဆိတ်ဖြူ ဒေါသထွက်လာ၏။

"ချုံဖုံ .... မင်း ရူးနေပြီလား၊ အသေလုပ်လိုက်ရင် မင်း နာတော့မယ် .... "

မှတ်ဆိတ်ဖြူသည် လူငယ်၏ တိုက်ခိုက်မှုကို ရှောင်တိမ်းပြီး လူငယ်၏သွေးကြောကို ပိတ်လိုက်သည်။ ထိုအခါကျမှ လူငယ်၏



တိုက်ခိုက်မှု ရပ်စဲသွားသည်။

လူငယ်မှာ သွေးကြောပိတ်ခံရသဖြင့် လဲကျသွားခဲ့ရလေပြီ။

မှတ်ဆိတ်ဖြူသည် အတော်ဒေါသထွက်နေ၏။ ချုံဖုံ ဆိုသူ လူငယ်၏ ပါးကို ဘယ်ပြန်ညာပြန် ရိုက်ပစ်လိုက်၏။

"ဖြန်း .... ဖြန်း .... "

လူငယ်၏ ပါးပြင်၌ လက်ဝါးရာက အထင်းသား ပေါ်လာ၏။ ပါးစပ်ထဲမှ သွေးများလည်း စီးကျလာသည်။

"တိရစ္ဆာန် .... ကိုယ့်ဘကြီးတောင် မမှတ်မိဘူးလား"

သူသည် ကြိမ်းမောင်းရင်း နောက်တစ်ကြိမ် ထပ်ရိုက်ရန် ဟန်ပြင်လိုက်သည်။

လူဝကြီးက ဟန့်တားလိုက်ပြီး ....

"မမှတ်မိတာ အမှန်ပဲ .... ငါထင်တာကတော့ အရိုးဖြူဂိုဏ်းချုပ်ရဲ့ ဆေးမိနေပြီ .... လူစိတ်ပျောက်နေတာ ကြည့်ပါလား .... သူ့ကို မင်းသတ်လည်း အလကားပဲ .... "

မှတ်ဆိတ်ဖြူမှာ .... ထိုစကား ကြားသောအခါ အလွန်စိတ်မကောင်းဖြစ်သွားသည်။ မျက်ရည်များလည်း စီးကျလာတော့သည်။

သူက မချိတင်ကဲ လေသံဖြင့် ....

"ဒါဆို ဟန်ချုံဖုံက တစ်သက်လုံး ဒီလို အရူးပဲ ဖြစ်သွားတော့မှာပေါ့ .... "

လူဝကြီးက နှစ်သိမ့်သော လေသံဖြင့် ပြောသည်။

"နံပါတ်သုံး ဘာမှမစိုးရိမ်နဲ့ကွာ .... ဒီအဆိပ်ဟာ ရှုက ပြုလုပ်

www.burmeseclassic.com

www.burmeseclassic.com



တာပါ .... ဖြေဆေးဆိုတာလည်း ရှိရမှာပါ .... တစ်သက်လုံး ဒီလိုတော့ မဖြစ်နိုင်ပါဘူး .... ဖြေဆေးတော့ ရကိုရမှာပါကွာ .... မရရအောင် ငါတို့ ရှာမယ်ကွာ .... ”

ယိဖျောင်းရှမ်းသည် ထိုစကားကို ကြားသည်နှင့် မောင်စန်းတောင် သူ့ရဲကောင်း ကျုံဖေ၏ တွေးခေါ်ချက်များ မှန်ကန်နေပြီဖြစ်ကြောင်း သိလိုက်ရတော့၏။

မိစ္ဆာများ သောင်းကျန်းပြီဆိုကတည်းက ကျုံဖေသည် နဂါးနက်ဂိုဏ်းအကြောင်း၊ အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံအကြောင်း ပြောပြခဲ့၏။ အဆက်အစပ်ရှိနိုင်ကြောင်း ထင်မြင်ချက်ပေးခဲ့၏။ ယခုလည်း ကျုံဖေသည် အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံ၏ လက်ချက်ဟု ထင်နေခဲ့၏။

ယခု လူစိမ်းသုံးဦးက ဟူရှန်ဖုံအကြောင်း ဒိဋ္ဌမမြဲ ပြောဆိုနေသောအခါ ကျုံဖေ၏ ယူဆချက်များ လုံးဝမှန်ကန်သွားလေပြီဟု ယိဖျောင်းရှမ်း သိနားလည်ခွင့် ရလိုက်ပေသည်။

ယခု ဟန်ချုံဖုဆိုသော လူငယ်သည် ဘဘကျုံဖေ ပြောပြသော အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံ၏ အဆိပ်မိထားခြင်းပင် ဖြစ်နေသည်။ မိစ္ဆာလူငယ်အားလုံး အဆိပ်မိထားသည်မှာ ထင်ရှားနေလေပြီ။

သူမက လူဝကြီးအား မေးလိုက်၏။

“ဒီဟန်ချုံဖု မိထားတဲ့အဆိပ်ဟာ အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံရဲ့ အဆိပ်ဆိုတာ တကယ်ပဲလားဟင် .... ”

လူဝကြီးက ယိဖျောင်းရှမ်းကို အံ့အားသင့်စွာ ကြည့်သည်။ သူ အံ့ဩမည်ဆိုလျှင် အံ့ဩလောက်ပါသည်။ အသက်ငယ်ငယ်နှင့် ဟူရှန်



ဖုံအကြောင်း သိသူမှာ တရုတ်ပြည်သိုင်းလောကၡဲ မရှိသလောက် ဖြစ်နေသည် မဟုတ်ပါလား။

“မင်းက ဘယ်လိုလုပ်ပြီး အရိုးဖြူဂိုဏ်းချုပ် ဟူရှန်ဖုံအကြောင်းကို သိနေရတာလဲ .... သူ့ကို တော်ရုံတန်ရုံလူ သိတာမဟုတ်ဘူး”

“ဟုတ်ပါတယ် .... ကျွန်မဘာသာဆိုရင်တော့ မသိနိုင်ပါဘူး၊ မှောင်စန်းတောင် ဓားသမားကြီး ကျုံဖေဟာ ကျွန်မရဲ့ ဦးလေးနဲ့ သွေးသောက်သူငယ်ချင်းပါ .... သူတောင် မိစ္ဆာကျွန်းမှာ ကျန်ခဲ့ပါပြီ”

လူဝကြီးမှာ အကြီးအကျယ် ထိတ်လန့်အံ့ဩသွားလေ၏။

“ကျုံဖေ ဟုတ်လား .... ”

“ဟုတ်ပါတယ် .... ရှင်တို့ သိသလား”

“သိတော့ မသိဘူး .... နာမည်ကြားဖူးတာပါ .... ဒါနဲ့ သူ့ရဲကောင်းကြီး ကျုံဖေက ဘာကြောင့် မိစ္ဆာကျွန်းမှာ ကျန်ခဲ့ရတာလဲ”

ယိဖျောင်းရှမ်းက အဖြစ်အပျက်များကို ပြန်လှန်ပြောလိုက်သည်။

မုတ်ဆိတ်နက်၊ လူဝကြီးနှင့် မုတ်ဆိတ်ဖြူ သုံးယောက်သည် သိုင်းလောကၡဲ နာမည်ကျော်ကြားသော သိုင်းသမားများ ဖြစ်ပေသည်။

သူတို့သုံးယောက်ကို ပို့ဟိုင်ပင်လယ် လူဆန်းသုံးယောက်ဟု ခေါ်ဝေါ်ကြသည်။

မုတ်ဆိတ်နက်နှင့် လူ၏အမည်မှာ ကင်စီးဝွမ် ဖြစ်သည်။ အဖြူအမည်းဂိုဏ်း၏ ပထမဂိုဏ်းချုပ်တစ်ယောက် ဖြစ်သည်။ သူ၏ နှစ်

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ခုနစ်ကွက် စားသိုင်းမှာ အလွန်နာမည်ကျော်ကြားခဲ့သည်။

လူဝကြီးမှာ လက်တစ်ထောင် တာမို ဖြစ်၏။ သူက ဂေါ်ပြား ခြောက်ဆယ့်လေးကွက်နှင့် နာမည်ကြီးလာသူ ဖြစ်သည်။ လက်တစ်ထောင် တာမိုဟု ခေါ်ရခြင်းမှာ ဂိုဏ်းအသီးသီး၏ လက်နက်ပုန်းများ အကြောင်းကို နားလည်ထားသောကြောင့်ပင် ဖြစ်သည်။

စာပေသမား ပုံစံနှင့် မုတ်ဆိတ်ဖြူ၏ အမည်မှာ ဟန်ဂို ဖြစ်၏။

ဟန်ဂိုမှာ သိုင်းလောကမျိုးနွယ် မဟုတ်ပါ။ မျိုးရိုးစဉ်ဆက် တပ်မှူးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသူများ ဖြစ်၏။ သို့သော် သိုင်းပညာကို ဝါသနာပါ လေ့လာရာမှ သိုင်းလောကသားတစ်ယောက် ဖြစ်လာခဲ့ရသည်။

သူတို့သုံးဦးမှာ အလွန်ခင်မင်သူများ ဖြစ်သည်။

ကင်စီးဂွမ်နှင့် တာမိုတို့မှာ နေရာအတည်တကျ မနေဘဲ သိုင်းလောကအနှံ့ လှည့်လည်နေသူများ ဖြစ်၏။

ဟန်ဂိုတစ်ယောက်သာ အခြေတကျ နေထိုင်သူ ဖြစ်ပါသည်။

ဟန်ဂိုမှာ သူ၏ တူဖြစ်သူ ဟန်ချုံဖုအား ငေးစိုက်ကြည့်နေသည်။

သူက လူဝကြီးအား ....

"ဒီအရိုးဖြူဂိုဏ်းချုပ်ရဲ့ ဖြေဆေးကို ခင်ဗျား သိသလား"

"ဘယ်လိုလုပ် သိနိုင်မှာလဲကွာ .... ဘယ်သူမှလည်း မသိကြသေးပါဘူး .... "

ဟန်ဂိုက ဝမ်းနည်းကြေကွဲစွာ ပြောသည်။



"ဒါဆို ကျုပ်တူကော့ ဒုက္ခပါပဲဗျာ .... ကျုပ်ကြောင့် သူ ဒီလို ဖြစ်ရတာ .... "

ယိဖျောင်းရှမ်းသည် ဟန်ဂိုနှင့် ဟန်ဂို၏ တူအကြောင်း စိတ်ဝင်စားမိသည်။ သူမက မသိမသာ စပ်စုမိ၏။

"ဘာကြောင့် ဟုတ်လား .... ဘယ်လိုများ ဖြစ်သွားရတာလဲ ဘာဘရယ် .... "

ယိဖျောင်းရှမ်း၏ စကားသံမှာ ညင်သာလှသဖြင့် ဟန်ဂိုမှာ ငိုချင်လျက် လက်တို့ဆိုသလို ဖြစ်သွား၏။ သူ့ရင်ထဲမှ ခံစားမှုများ ပွင့်ကျလာတော့သည်။

"ဟုတ်တယ် .... ဒီလိုကွယ် .... ဒီလို"

ဟန်ဂိုက အဖြစ်အပျက်များကို ပြန်ပြောင်းပြောပြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၉)

## ဆက်နွယ်သောအတိတ်

ဟန်ကိုသည် ချင်းယန်မြို့၌ နေထိုင်သည်။ ထိုမြို့မှာ အတော်ကလေး ကျယ်ဝန်းသဖြင့် မြို့၌ ထင်ရှားသူမဟုတ်လျှင် မြို့သူမြို့သားများသည် မသိကြပေ။ မြို့ကျယ်သဖြင့် တောင်ပိုင်းနှင့် မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် အနောက်ပိုင်း စသည်ကိုမှာ တစ်ပိုင်းနှင့်တစ်ပိုင်း စိမ်းကားလှ၏။

ဟန်ကိုသည် ထိုမြို့၌ ထင်ရှားသော သိုင်းသမားဖြစ်သည်။ သူ ထင်ရှားခြင်းမှာ သူ တမင်ပေါ်လွင်အောင် လုပ်၍ ထင်ရှားခြင်း မဟုတ်ပေ။ သူ၏ လျှို့ဝှက်ခြင်း၊ သိုသိပ်ခြင်းတို့ကြောင့် လူများက ပို၍ စိတ်ဝင်စားလာခြင်း ဖြစ်ပေသည်။

ဟန်ကို၌ သမီးတစ်ယောက် ရှိသည်။ သူသည် သမီးရင်းဖြစ်ပြီး ဟန်စုချင် ဟု ခေါ်၏။ အသက်နှစ်ဆယ်ခန့် ရှိသည်။ ရုပ်ရည်ချောမောပြီး သိုင်းပညာလည်း အသင့်အတင့် တတ်သည်။ ဟန်စုချင်ကို ဟန်ကို လွန်စွာဂရုစိုက်၏။



အခြားသူတစ်ဦးမှာ ဟန်ကို၏ မွေးစားသား ဟန်ချုံဖု ဖြစ်လေ၏။ ဟန်ကိုသည် ဟန်ချုံဖုကို မွေးစားသားအဖြစ်သာ ဆက်ဆံသည် မဟုတ်၊ သားအရင်းပမာ ဆက်ဆံသည်။ ဟန်ချုံဖုမှာ အသက်ဆယ့်ကိုးနှစ်ခန့်ရှိသူ လူငယ်ကလေးတစ်ဦးသာ ဖြစ်သည်။ သူသည် ရိုးသားအေးဆေးသူ ဖြစ်၏။ သူ့သိုင်းပညာမှာ ဟန်စုချင်ထက် နိမ့်ကျသည်။

ဟန်ကိုကိုလည်း လွန်စွာ ရိုသေလေးစား၏။ ဟန်ကို၏ စကားကို မြေဝယ်မကျ နားထောင်၏။ ဟန်ကို၏ မိသားစုမှာ ထိုမျှသာ ဖြစ်သည်။ ဟန်ကို၏ဇနီးကား မရှိတော့ပေ။ ဟန်ကိုသည် အမိဆိုလည်း အမိ အဘဆိုလည်း အဘ ဖြစ်နေပေတော့၏။

တစ်နေ့တွင် မြင်းစီးခရီးသည် တစ်ယောက်သည် ဟန်ကို၏ အိမ်သို့ ဆိုက်ရောက်လာ၏။ သူတို့ တီးတိုးပြောပြီးနောက် မြင်းစီးခရီးသည် ချက်ချင်းပင် ပြန်ထွက်သွား၏။

ထိုနေ့ညမှာပင် ဟန်ကိုက နောက်တစ်နေ့၌ ခရီးထွက်မည်ဖြစ်ကြောင်း ဟန်စုချင်နှင့် ဟန်ချုံဖုတို့အား အသိပေးလေတော့၏။

"သမီးတို့ လာကြဦး ...."

ဟန်စုချင်နှင့် ဟန်ချုံဖုတို့သည် ဖခင်အနီး၌ ထိုင်လိုက်ကြ၏။

"ငါ အခု ငါ့နောင်ကြီးတွေဖြစ်တဲ့ ကင်စီးပွမ်နဲ့ တာမိုတို့က အခေါ်နိုင်းလို့ ခရီးထွက်ရတော့မယ် .... ဆယ်ရက်ထက်တော့ ပိုမကြာနိုင်ဘူးလို့တော့ ခန့်မှန်းတယ် .... ငါမရှိတုန်း မင်းတို့ အပြင်မထွက်ကြနဲ့ .... အိမ်ထဲမှာပဲ အေးအေးဆေးဆေး နေကြ၊ ကြားရဲ့လား"

ဟန်စုချင်နှင့် ဟန်ချုံဖုတို့က ခေါင်းညိတ်ကြ၏။

www.burmeseclassic.com



ဟန်ဂိုသည် ယခင်က ဤသို့ပင် ထွက်ခွာသွားဖူးသည်။ မည်သို့မျှ ပြဿနာမဖြစ်ခဲ့သဖြင့် အေးအေးဆေးဆေးပင် ခရီးထွက်သွားတော့သည်။

သို့သော် ဟန်ဂို၏ ခရီးစဉ်မှာ ဆယ်ရက်မျှမက ကြာမြင့်ခဲ့သည်။

ဟန်ဂို ထွက်ခွာသွားပြီး ပထမ ဆယ်ရက်လောက်၌ ဟန်စုချင်သည် အိမ်ထဲမှ အိမ်ပြင် မထွက်ပါ။ သို့သော် ဆယ်ရက်ထက် ကြာလာသောအခါ အိမ်တွင်းအောင်းနေရသည်ကို ငြီးငွေ့လာ၏။ ဟန်ချုံဖုလည်း ငြီးငွေ့သည်သာ။ သို့သော် မွေးစားဖခင်၏စကားကိုမူ မလွန်ဆန်ဝံ့ချေ။

တစ်နေ့တွင် ဟန်စုချင်က ....

"ဟန်ချုံဖု .... ငါတို့ မြို့မြောက်ဘက်က သစ်တောထဲ အမဲလိုက်ကြရင် မကောင်းဘူးလား .... "

"မမ .... ဘကြီးက အပြင်မထွက်ရဘူးလို့ မှာထားခဲ့တယ် မဟုတ်လား .... အပြင်ထွက်တာ သူ သိရင် ကျွန်တော်တို့ကို စိတ်ဆိုးမှာပဲ .... "

ဟန်စုချင်က ရယ်၍ပြော၏။

"ဖေဖေ မသိရင် ပြီးတာပဲ .... နင်နဲ့ငါ နှစ်ယောက်က ဖွင့်မပြောရင် ဘယ်သူက သိမှာလဲ"

"မမလည်း တကယ် အမဲမလိုက်တတ် .... ကျွန်တော်လည်း အမဲမလိုက်တတ်ဘဲနဲ့ .... တော်ကြာ တကယ့်သားကောင်နဲ့တွေ့ပြီး အန္တရာယ်ဖြစ်နေဦးမယ် .... မသွားပါနဲ့ဗျာ"



ဟန်စုချင်က နှုတ်ခမ်းစူလိုက်၏။

"ငါ သွားမယ် .... နင်မလိုက်ရင် နေပေါ့ .... ရန်သူ့လက်နက်လုနည်း ဆယ့်ခြောက်ကွက်ကိုလည်း မမျှော်လင့်နဲ့တော့ .... နင့်ကို ငါ မသင်ပေးတော့ဘူး .... "

ဟန်ချုံဖု တွေဝေသွားသည်။ သူသည် .... ရန်သူ လက်နက်လုနည်း ဆယ့်ခြောက်ကွက်ကိုလည်း သင်ချင်သည်။ ဟန်စုချင် တစ်ယောက်တည်း ထွက်သွားပြီး ဘေးအန္တရာယ်ဖြစ်မှာကိုလည်း စိုးရိမ်သည်။ သူ့အဖို့ မကျေညီလျှင် အဆိုးချည်းသာ ဖြစ်နေသည်။

အကယ်၍ ဟန်စုချင် လုပ်ချင်သည့် အမဲလိုက်သည့်ကိစ္စ၌ မည်သည့်ပြဿနာမျှ မပေါ်လျှင် သူ့ဘကြီး ဟန်ဂိုက သူတို့ကို အပြစ်တင်မည် မဟုတ်ပေ။

သူ့အဖို့ အချိန်အတော်ယူ စဉ်းစားရသည်။

"ကဲ ကဲ .... ကျွန်တော် လိုက်ခဲ့ပါ့မယ်၊ ဒါပေမယ့် ဒီတစ်ခါပဲ တို့ သွားကြမယ်နော် .... ဘေးအန္တရာယ်ဆိုတာ မမျှော်လင့်တဲ့အချိန်မျိုးမှာ တွေ့တတ်တယ် .... "

ဟန်ချုံဖုက လူကြီးဆန်ဆန် ပြောလေ၏။

ဟန်စုချင် ပျော်ရွှင်သွားသည်။

"အေးပါ .... ဒီတစ်ရက်ပါပဲ၊ တောလည်ထွက်တယ်ဆိုတာ ပျော်စရာပါဟာ .... ဖေဖေလည်း မသိနိုင်ပါဘူး"

သူတို့မောင်နှမနှစ်ယောက်က စောစောကပင် နံနက်စာ စားကာ မြင်းကိုယ်စီဖြင့် မြောက်ဘက်တောကြီးသို့ ထွက်ခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သစ်တောကြီးမှာ မှိုင်းညို့နေသည်။ ဤမြို့နေ လူတန်းစားတို့မှာ ကုန်သည်များဖြစ်၍ သစ်တောကြီးကို မဖျက်ဆီးကြပေ။ ထို့ကြောင့် သစ်တောကြီး၌ သားကောင်များဖြင့် ပြည့်နေ၏။

ဟန်စုချင်တို့မောင်နှမနှစ်ယောက်မှာ သဘာဝ ရှုခင်းများကို ငေးမောကာ ဖခင်၏စကားကို မေ့လျော့သွားကြသည်။ စိတ်နှလုံး ကြည်နူးလန်းဆန်းသွားသည်။

သူတို့မောင်နှမနှစ်ယောက်သည် လေးမြားများကို အသင့်ပြင်ကာ သားကောင်ရှာကြ၏။

သို့သော် သူတို့သည် တောပစ်ကျွမ်းသူများ မဟုတ်၍ သားကောင်တစ်ကောင်မျှ မရကြပါ။

သို့သော် သူတို့က ပြန်ရန် မစဉ်းစားသေးပါ။ သားကောင်တစ်ကောင်ကောင်တော့ ရအောင်ရှာမည်ဟု ဆုံးဖြတ်ထားကြသည်။ တောအုပ်ထဲ၌ သူတို့ မြင်းခွာသံများသာ တဖြောင်းဖြောင်း မြည်တည်းနေတော့သည်။

ဟန်စုချင်တို့ မြို့ကလေး၏ မြောက်ပိုင်း၌ ယန်ဂေဟာအမည်ရှိသည့် စံအိမ်တော်ကြီးတစ်ခု ရှိ၏။

ထိုဂေဟာမှာ ကြီးကျယ်ခမ်းနားလှသည်။

ဂေဟာပိုင်ရှင်မှာ ယန်ပုကျွမ် ဖြစ်၏။

ယန်ပုကျွမ်မှာ တစ်ချိန်က သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့သူတစ်ယောက် ဖြစ်သော်လည်း ယခုမူ သိုင်းလောကမှ အနားယူထားခဲ့သည်။



သူ သိုင်းလောက၌ ကျင်လည်ခဲ့စဉ်က သူ၏ အကျော်ကြားဆုံး သိုင်းကွက်မှာ လက်သည်းသိုင်း ဆယ့်ရှစ်ကွက် ဖြစ်၏။ သို့သော် သူသည် သိုင်းလောကမှ လေးစားလောက်သည့် ထိပ်သီးသိုင်းသမားတစ်ယောက်တော့ မဖြစ်ခဲ့ပါ။

ယခုအချိန်၌လည်း သူက သိုင်းလောကသို့ မဝင်တော့ပါ။ အားကုန်ကူးခြင်းဖြင့် ကြီးပွားချမ်းသာနေလေသည်။

ယခု ဤမြို့ကလေး၌ ယန်ပုကျွမ် ပိုင်ဆိုင်သော လယ်မြေများမှာ မနည်းလှချေ။

လယ်ယာသုံးတိရစ္ဆာန်များနှင့် ဥစ္စာပစ္စည်းများ များစွာ ကြွယ်ဝလျက်ရှိပြီး လူကုံထံသူဌေးသူကြွယ်ကြီးတစ်ဦးဖြစ်လျက် ရှိနေလေပြီ။

ထို့အပြင် မယားငယ် ခုနှစ်ယောက်၊ ရှစ်ယောက်မကလည်း ယူထားသည်။ ထို့အတွက် သူ့ကို အပြစ်တင်၍တော့ မရချေ။ ထိုခေတ်က ဟန်တရုတ် လူကုံထံများမှာ ထိုသို့ပင် မယားအများအပြား ယူလေ့ရှိကြသောကြောင့် ဖြစ်သည်။

ယန်ပုကျွမ်၌ သားတစ်ယောက်သာ ရှိ၏။ သူ၏ သားအမည်မှာ ယန်စီကျူ ဖြစ်၏။

ယန်စီကျူ၏ဘာဝသည် ပန်းခင်းသောဘာဝ ဖြစ်၏။ လိုတရဘာဝ ဖြစ်သည်။

ထို့ကြောင့် သူ အလိုရှိသော ပစ္စည်းဆိုလျှင် မရရအောင် ယူတတ်သောညာဉ်လည်း ရှိလာသည်။

အပျော်အပါးလည်း လွန်စွာ လိုက်စားသည်။ အရက်၊ မိန်းမ၊

www.burmeseclassic.com

www.burmeseclassic.com



လောင်းကစား အားထုံးပင် သူ လိုက်စားသည်။

ထို့ကြောင့် ဤမြို့မှ လူများသည် ယန်စီကျူကို ရွံရှာစက်ဆုပ်ကြသည်။

ယန်စီကျူမှာ အပျော်အပါး လိုက်စားသော်လည်း သိုင်းပညာကိုမူ မက်မောသူဖြစ်၏။

သူ့ဖခင်၏ စွန့်လက်သည်း သိုင်းကွက်ကိုတော့ အရယူ အတတ်သင်ထားသည်။ ဟန်စုချင်တို့ မောင်နှမ ကံဆိုးချင်သောအခါ ထိုနေ့မှာပင် ယန်စီကျူလည်း နောက်လိုက်ယံသားများနှင့် မြောက်ဘက်တောကြိုး၌ အမဲလိုက်သည်နှင့် ကြုံဆုံရတော့သည်။

ယန်စီကျူတို့ လူစု တောအုပ်ထဲသို့ ဝင်လာကြ၏။

ထိုအခိုက် သူတို့ရှေ့ မလှမ်းမကမ်းမှ လေးမြားကိုယ်စီ ကိုင်ဆွဲထားကြသော ဟန်စုချင်နှင့် ဟန်ချုံဖုတို့ကို မြင်းကိုယ်စီနှင့် ဖြတ်သန်းသွားကြောင်း တွေ့လိုက်ရတော့သည်။

ဟန်စုချင်ကို တွေ့သောအခါ ယန်စီကျူ မင်တက်မိသွားတော့၏။ သူသည် ဤမြို့၌ မကောင်းသောမိန်းမများစွာနှင့် ရှုပ်ပွေခဲ့၏။ ကောင်းသော မိန်းမပျိုကလေးများနှင့်လည်း ရှုပ်ပွေခဲ့၏။ သို့သော် မျက်စိစွဲလောက်အောင် ယဉ်ကျေးလှပသော မိန်းမပျိုမျိုးကိုကား မမြင်တွေ့ခဲ့ဘူးပေ။ ဟန်စုချင်ကို တွေ့မြင်လိုက်ရသောအခါ သူသည် ဟန်စုချင်ကို မတပ်မက်စဖူး တပ်မက်မိတော့သည်။

ယန်စီကျူ၏ နောက်လိုက်ယံသားဖြစ်သူ ဖုစင်းသည် ယန်စီကျူ ငေးမောနေသည်ကို ကြည့်ပြီး နောက်ပြောင်လိုက်လေ၏။



"သခင်လေး အတော်ကြိုက်သွားပြီလား .... ဟား ဟား"

ယန်စီကျူက ....

"ဟေ့ကောင် ဖုစင်း .... သူဘယ်သူလဲ၊ သူ့လောက်လှတဲ့ မိန်းကလေးမျိုး ငါ တစ်ယောက်မှမတွေ့ဖူးသေးဘူး .... တကယ့်နတ်မိမယ်ကလေးပဲကွာ .... "

"ကျွန်တော် မသိပါဘူး .... ဒါပေမယ့် သူ ဘယ်သူဆိုတာ စုံစမ်းဖို့လည်း ခက်မယ်မထင်ပါဘူး .... "

ထိုစဉ် ဒရယ်ကလေးတစ်ကောင်သည် နတ်မိမယ်ဟု သူ ထင်ထားသည့် မိန်းကလေးများ ပြေးသွားသည့်ဘက်မှ ပြေးထွက်လာသည်။

ဒရယ်ကလေး၏နောက်မှ ဟန်စုချင်တို့ မောင်နှမနှစ်ယောက် မြင်းကိုယ်စီဖြင့် တစ်ဟုန်ထိုး လိုက်လာကြောင်း တွေ့ရသည်။

"ရှစ် .... "

ယန်စီကျူက ဒါတော့ မြန်သည်။ သူ့ရှေ့ဘက် မလှမ်းမကမ်းမှ ပြေးသွားသော ဒရယ်ကလေးကို မြားနှင့် တစ်ချက်တည်း ပစ်လိုက်၏။

ဒရယ်ကလေးမှာ မြားထိကာ တုံးခနဲ လဲကျသွားလေတော့၏။

ယန်စီကျူ၏ နောက်လိုက်များက ယန်စီကျူ၏ လက်စွမ်းတည့်ပုံကို ဝိုင်းဝန်းသြဘာပေးကြသည်။

ထိုစဉ် ဟန်စုချင်နှင့် ဟန်ချုံဖုတို့သည် မြင်းကိုယ်စီဖြင့် ယန်စီကျူရှေ့သို့ ရောက်ရှိလာကြ၏။

ဟန်စုချင်မှာ လွန်စွာ စိတ်ဆိုးနေသည်။ သူမသည် တောမုဆိုး

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သော်လည်း မုဆိုးတို့၏ ခလေ့ထုံးစံများကိုတော့ ကြားဖူးနား၀ ရှိထားပေသည်။ သူတို့ လိုက်နေသည့် သားကောင်ကို ကြားမှဖြတ်၍ ပစ်ခတ်ခြင်းသည် တောစည်းကမ်းနှင့်မညီကြောင်း သူ သိထားပေသည်။

ထို့အတွက် တောစည်းကမ်း၊ မုဆိုးစည်းကမ်းနှင့် မညီသူကို ရန်တွေ့ရန် သူမ ချဉ်းကပ်လာခြင်း ဖြစ်သည်။

ယန်စီကျူမှာ ဖျားစွဲသော မုတ်ဆိတ် ဖြစ်သွား၏။ သူက လိုက်ရှာမည်ကြံဆဲ သူမက သူ့ရှေ့ ပြန်ရောက်လာသည် မဟုတ်ပါလား။ ထို့ကြောင့် သူ့မျက်နှာသည် ပျော်တပြုံးပြုံး ဖြစ်နေသည်။ သို့သော် ဟန်ချူဖု၏ အမြင်တွင်တော့ ပြောင်ချော်ချော် ဖြစ်နေသည်။ အဖိုးထိုက် အဖိုးတန်ဝတ်စုံ ဝတ်ဆင်ထားသော ဤလူပေါ်ကြော့သည် သူဌေး သူကြွယ်သား လူရမ်းကားတစ်စု ဖြစ်နိုင်ကြောင်း ဟန်ချူဖုရိပ်မိလေ၏။

ထို့ကြောင့် သူက အစ်မဖြစ်သူကို ခေါ်ပြီး လှည့်ထွက်ရန် ကြိုးစားသည်။ သို့သော် ဟန်စုချင်မှာ ဒေါသအလွန်ကြီးနေသဖြင့် ခေါ်၍ မရချေ။

ဟန်စုချင် လက်လျှော့ရတော့သည်။

ယန်စီကျူသည် ဟန်စုချင်ကို ဂါရဝပြုလိုက်သည်။

"ကျုပ် ဘာများအကူအညီပေးရမလဲဗျာ ...."

ယန်စီကျူက ပျားရည်ဆမ်းသော မျက်နှာထားဖြင့် ကြိုဆိုနှုတ်ဆက်လိုက်၏။

"တော်စမ်းပါ .... ရှင့်ပုံစံကြည့်ရတာ လူစုလူဝေးနဲ့ အမြဲတမ်း



အမဲလိုက်နေတဲ့ပုံစံမျိုးပါ .... သူများလိုက်နေတဲ့ အမဲကို ကြားဖြတ် မပစ်ရဘူးဆိုတာ ရှင် မသိဘူးလား ...."

ဟန်စုချင်က ဒေါနှင့်မောနှင့် ရန်တွေ့လိုက်သည်။

ယန်စီကျူက မြင်းစေါ်မှဆင်းကာ ဒရယ်ကို ကောက်လိုက်၏။

ထို့နောက် ဟန်စုချင်၏ မြင်းရှေ့၌ ပိတ်ရပ်ကာ ....

"ဩော် .... ဒါလား၊ ကျုပ်တို့ကို ခွင့်လွှတ်ပါဗျာ၊ ကျုပ်က ဒီဒရယ်ကို မိန်းကလေးလိုက်နေမှန်း မသိလို့ ပစ်မိတာပါ .... တောစည်းကမ်းအရ ဒီဒရယ်ကို မိန်းကလေး ပိုင်ပါတယ် .... ယူပါဗျာ"

ဟန်စုချင်မှာ ယန်စီကျူအား တစ်ချက်ကြည့်လိုက်၏။

သူမက ယန်စီကျူအား ယခုမှသာ မြင်ဖူးသော်လည်း ၎င်း၏ မျက်နှာထားကို သဘောမကျပါချေ။ ပြောင်ချော်ချော် မျက်နှာသည် သူမအား ဒေါသပိုထွက်စေသည်။

သူမက မဲ့ရွဲ့လိုက်ပြီး ....

"ဒီဒရယ်ကို မက်လို့ လာပြောတာ မဟုတ်ဘူးရှင့် .... တောစည်းကမ်းကို ရှင် သိအောင် လာပြောတာ .... ကဲ .... မောင်လေး သွားကြမယ် ...."

သူမသည် မြင်းဇက်ကြိုးကို ဆွဲလှည့်ကာ မောင်းထွက်သွားတော့၏။ ဟန်ချူဖုလည်း နောက်မှ လိုက်သွားတော့သည်။

ယန်စီကျူမှာ နဂိုအတိုင်း ဒရယ်ကိုပိုက်ကာ ငေးကြည့်နေမိသည်။ သူ့ကို ရှုံ့ရှာမုန်းတီးဟန် ပြသလျက် ထွက်ခွာသွားသော ဟန်စုချင်၏ နောက်ကျောကိုကြည့်ကာ သက်ပြင်းချမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်စီကျူး၏ နောက်လိုက်များက ဓားဆွဲ၊ တုတ်ဆွဲ လုပ်ကြ၏။ သူတို့၏ သခင်ကလေးသည် ယခင်က ထိုသို့မဟုတ်ပေ။ သူများက တစ်လွန်းတင်လျှင် သူက နှစ်လွန်းတင်သူ ဖြစ်၏။ ယခု အဘယ်ကြောင့် ခေါင်းငုံ့ခံမှန်း မသိကြပေ။ သူ့လက်ရုံးတော် တပည့်ဖုစင်းကတော့ သူ့သခင်လေး၏ အတွင်းသဘောကိုသိ၍ မြုံစိစိလုပ်နေလေ၏။ ယန်စီကျူး၏ တပည့်တစ်ယောက်က ဓားဆွဲထုတ်လိုက်ပြီး

"သခင်လေး .... ဒီကောင်မက ဘာမို့လို့လဲ၊ ကျွန်တော်တို့ လိုက်ပြီး ဆုံးမလိုက်ရမလား .... "

အခြားသူများကလည်း စီစီညံညံ ထောက်ခံကြ၏။ သူတို့သည် လူရမ်းကားများဖြစ်၍ ဟန်စုချင်တို့မောင်နှမကို တကယ်ဒဏ်ရာအနာတရရအောင် လုပ်မည့်သူများ ဖြစ်ပေသည်။

သို့သော် ယန်စီကျူးက လက်ကာပြ၏။

"ဘယ်သူမှ မလိုက်ကြနဲ့၊ သူတို့ သွားပါစေ .... "

နောက်လိုက်များမှာ သူတို့သခင်လေး၏ စကားကြောင့် ရပ်သွား၏။

ယန်စီကျူးက ဖုစင်းအား ကြည့်ကာမေး၏။

"ငါ ဘာဆက်လုပ်ရင် ကောင်းမလဲ ဖုစင်း .... "

ဖုစင်းက ....

"မိန်းကလေးတစ်ယောက်ကို လိုချင်ပြီဆိုရင်တော့ မျက်နှာထူရမှာပဲ .... ဒီမိန်းကလေးဟာ အပျော်မယ်မဟုတ်ဘူး .... ပြီးတော့ ငွေမက်တဲ့ပုံစံလည်း မရှိဘူး .... ဒီတော့ သခင်လေးက သူ့ဌေးသား



အရှိန်နဲ့ ဖိလို့မရဘူး .... သူတို့ ဒီမြို့မှာနေကြတဲ့လူတွေဖြစ်မှာ သေချာတယ် .... စုံစမ်းရင် မကြာပါဘူး .... ကျွန်တော်တို့ ဒီမြို့က ဘယ်လောက်ကျယ်တာမှတ်လို့၊ နောက်ပိုင်းမှာ အစီအစဉ်တစ်ခု ဆွဲကြတာပေါ့ သခင်လေး .... စိတ်အေးအေး ထားစမ်းပါ .... "

ယန်စီကျူးမှာ ဖုစင်း၏ စကားကြောင့် အားတက်သွား၏။

"ငါ မင်းကိုပဲ အားကိုးတယ်ကွာ .... "

"အားကိုးစမ်းပါ .... သခင်လေးအတွက် အစစအရာရာ အဆင်ပြေအောင် ကျွန်တော် ကြိုးစားပေးပါ့မယ် .... "

နောက်နှစ်ရက်ခန့် ကြာသောအခါ ယန်စီကျူး၏ တပည့်များသည် ဟန်စုချင်တို့အကြောင်းကို သိနိုင်ရန် တစ်မြို့လုံး ပိုက်စိပ်တိုက်ရှာဖွေလေတော့၏။ ဟန်စုချင်တို့မှာ ပုန်းအောင်းနေသူများ မဟုတ်သဖြင့် မကြာမီပင် သိရှိသွားကြတော့သည်။

ဟန်ချုံဖုမှာ သူ၏ မောင်ဝမ်းကွဲဖြစ်ကြောင်း၊ သူတို့ဖခင်မှာ ဟန်ဂိုဖြစ်ကြောင်း၊ ထို့အတူ ဟန်စုချင်တို့မှာ ကြွယ်ဝချမ်းသာသောသူ မဟုတ်သော်လည်း ချောင်လည်သော မိသားစုဖြစ်ကြောင်း စသည် စသည် .... ။

ဟန်ဂို၏အမည်မှာ သိုင်းလောကတွင် ကျော်ကြားကြောင်း၊ ဟန်စုချင်မှာလည်း ဖခင်၏ သိုင်းပညာကို အတော်အတန် ရထားကြောင်း၊ ယခုအချိန်တွင် ဟန်ဂိုမှာ ခရီးထွက်နေကြောင်း စသည် .... စသည်တို့ကို သိရှိသွားကြသည်။

ယန်စီကျူးက ဖုစင်းထံ အကြံတောင်း၏။

www.burmeseclassic.com



"ဖုစင်း .... ငါ ဘာဆက်လုပ်ရင်ကောင်းမလဲ"

ဖုစင်းက သခင်လေး ယန်စီကျူးအား ကြည့်ကာ ပြန်မေး၏။

"သခင်လေးက ဟာန်စုချင်ကို တကယ်ပိုင်ဆိုင်ချင်သလား"

ယန်စီကျူးက ....

"မင်းမို့လို့ မေးရက်တယ် .... မင်းဟာ ငါ့အကြောင်း အသိဆုံးပါ .... ငါ အခု ဘယ်လောက်ခံစားနေရသလဲ၊ ငါ ဒုက္ခဖြစ်နေပြီ ဖုစင်း၊ သူ့ကိုမရရင် ငါ ဒုက္ခဖြစ်ပြီ .... "

ဖုစင်းက လေးနက်စွာ ပြော၏။

"သခင်ကလေး သူ့အကြောင်း သိပြီးပြီနော် .... "

"အေး .... မင်းပဲ ပြောပြတာပါ၊ မင်းပြောသလောက်တော့ ငါ သိတာပေါ့ .... "

"သူ့အဖေရော သူရော သိုင်းပညာတတ်တယ် .... "

"ငါ သိတယ် .... "

"သူတို့က .... သခင်လေး ဖခင်ထက်ရော သခင်လေးထက်ပါ ကျော်ကြားတယ် .... ဒီအချက်ဟာ အရေးကြီးတယ်"

"ဘာဖြစ်လို့လဲ .... "

"သူတို့ကို အကြမ်းကိုင်လို့ မရဘူးဆိုတာ ဒီအချက်က သက်သေပြနေတာပေါ့ .... "

ယန်စီကျူး စဉ်းစားရတော့၏။

"ဟုတ်တယ် .... သူတို့မှာ သိုင်းသမား အပေါင်းအသင်းတွေ ရှိမှာ သေချာတယ် .... "



"ကျွန်တော်တို့အနေနဲ့ အကြမ်းနည်းကို လုံးဝ မသုံးသင့်ဘူး၊ အနုနည်းပဲ သုံးသင့်တယ် .... သခင်လေးအနေနဲ့ ချစ်ရေးဆိုဖို့ ဆိုတာလည်း မလွယ်ဘူး .... "

ယန်စီကျူးက စိတ်မရှည်သော လေသံဖြင့်ပြော၏။

"မင်း လိုရင်းကိုမပြောဘူး .... လေရှည်နေတာပဲ .... ငါ ဘာလုပ်သင့်သလဲဆိုတာကိုသာ ပြောစမ်းပါ .... "

"သခင်လေး လုပ်သင့်တာကတော့ .... သခင်လေးရဲ့ ဖခင်ကို အကြောင်းစုံ ဖွင့်ပြောပြီး လူကြီးချင်း တွေ့ဆုံတောင်းနိုင်းသင့်တာပဲ"

ယန်စီကျူးမှာ သက်ပြင်းချမိသည်။

သူ့ဖခင်နှင့် သူသည် အဆင်ပြေလှသည် မဟုတ်ပေ။ သူ့ဖခင်က သူ့ကို အလိုလိုက်ထားသည်မှန်သော်လည်း ကြည်သာလှသည် မဟုတ်ပေ။

ဖုစင်းမှာ အတွင်းသိအစင်းသိဖြစ်၍ ယန်စီကျူး စိတ်ညစ်သွားသည်ကို သိ၏။

"သခင်လေး စိတ်မညစ်ပါနဲ့ .... သခင်လေးရဲ့ ဖခင်ကြီးကိုသာ ပြောပြပြီး လိုက်တောင်းနိုင်း .... ဒီနယ်မှာ သခင်လေးဖခင်ကို တော်ရုံလူက မလွန်ဆန်ဝံ့ပါဘူး .... သူတို့က ဂုဏ်ရှိမရှိ ဂရုမစိုက်ရင်တောင် လာတောင်းတယ်ဆိုတော့ စဉ်းစားရမှာပဲ .... ဘယ်သူမှ သခင်လေးလို လူမျိုးကို လက်လွှတ်ခံမှာ မဟုတ်ဘူး .... နောက်ပြီး သခင်ကြီးဟာ ကုန်သည်ပါ .... ကြံစာတတ်ဖန်တတ်ပါတယ် .... ဒီနည်းနဲ့သာ သခင်လေးဟာ ပန်းမိန်းကလေးကို ရနိုင်ပါတယ် .... "

www.burmeseclassic.com

www.burmeseclassic.com



ယန်စီကျူုက ဖုစင်း၏အကြံကို လက်ခံရတော့၏။

လက်မခံလျှင်လည်း အခြားနည်းလမ်းမှ မရှိပေဘဲကိုး။

ဖုစင်းက ငွေတုံးတစ်တုံး ဆုအဖြစ် ချီးမြှင့်လိုက်သည်။

"မင်း တော်တယ် .... ဒါကြောင့် မင်းကို ငါ အားကိုးတာပဲ"

ဖုစင်းမှာ တစ်ဆယ်သားခန့်ရှိသော ငွေတုံးကို ရရှိလိုက်သော အခါ လွန်စွာ ဝမ်းသာသွား၏။ ဤမျှ များပြားသော ငွေမျိုးကို ယခင်က ချီးမြှင့်မခံခဲ့ရချေ။ ထိုအချက်က ယန်စီကျူုတစ်ယောက် မိန်းမစိတ် မည်မျှမွန်နေသည်ကို ဖော်ပြခြင်းပင်တည်း။

"သခင်လေး အောင်မြင်မှာပါ .... သခင်ကြီးလုပ်ရင် ဘာမဆို ဖြစ်မယ်လို့ ကျွန်တော် ယုံတယ်"

နောက်တစ်လမျှ ကြာသောအခါ ဟန်စုချင်၏ ဖခင် ဟန်ရိ ပြန်လည်ရောက်ရှိလာပြီဟူသော သတင်းကို သူတို့ ကြားလိုက်ကြရ သည်။

ဤသတင်းကို သူတို့ စောင့်နေကြခြင်း ဖြစ်သည်။ ဟန်ရိ ပြန် လာမှ သူ့ဖခင်ကို အသိပေးမည်ဟု ယန်စီကျူုက တပည့်ကျော် ဖုစင်း နှင့် တိုင်ပင်ထားခြင်း ဖြစ်သည်။

ယန်စီကျူုသည် ဖခင်၏ အခန်းဆီသို့ ဝင်လိုက်သည်။

ယန်ပုကျွမ်သည် သားဖြစ်သူ ယန်စီကျူု ဝင်လာသည်ကို တွေ့ သောအခါ ငွေတောင်းလိုသဖြင့် ဝင်လာသည်ဟုသာ ထင်မှတ်သည်။

"မင်း လာပြန်ပြီလား .... မင်းကြောင့် အတော်ခက်တယ် ငွေဆိုတာ အလိုလို တွင်းထဲက ထွက်တာမဟုတ်ဘူးကွ .... မင်းကို



ငါလုပ်ငန်းတွေ ဝေမျှလုပ်ပါဆိုတော့လည်း မရဘူး .... မိဘဆီက သုံး ချင်ရာသုံး ရတယ်ဆိုပြီး ဆွဲသုံး .... ဒီပုံနဲ့တော့ ငါလည်း မကြာခင် မွဲမှာပဲ .... "

ယန်ပုကျွမ်က ဆူပူတော့သည်။

ယန်စီကျူုက မျက်နှာအောက်ချလျက် ....

"ငွေကြောင့် မဟုတ်ပါဘူး ဖေဖေ .... "

သူ့ထံ ဝင်လာတိုင်း ငွေတောင်းလေ့ရှိသူ သားက ငွေကြောင့် ဝင်လာခြင်း မဟုတ်ကြောင်း ကြားသိလိုက်ရသောအခါ အံ့ဩသွား သည်။

သူ့နားကိုပင် သူ မယုံမိချေ။

"ဟေ .... ကျားသားမိုးကြိုး ငွေကြောင့်မဟုတ်ဘူး .... ဟုတ် ရဲ့လား၊ ဒါ .... ဒါဖြင့် ဘာလုပ်ဖို့ မင်း ဝင်လာတာလဲ"

ယန်စီကျူုက အဖြစ်အပျက် အခြေအနေအားလုံးကို ရှင်းလင်း ပြောပြလိုက်သည်။

"အဲဒီမိန်းကလေးကို ဖေဖေ တောင်းပေးဖို့ပါပဲ .... "

သူက သားဖြစ်သူအား ကြည့်ကာ အံ့ဩသွားသည်။

"မင်း .... တကယ် မိန်းမလိုချင်လို့ ဟုတ်လား .... တကယ် ကော ဟုတ်ရဲ့လားကွာ .... "

ယန်စီကျူုက ခေါင်းညိတ်၏။

"တကယ်ပါဖေဖေ .... အား ဘယ်တုန်းက ဒီလို ပြောဖူးလို့လဲ"

ယန်ပုကျွမ်မှာ ခေါင်းခြောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဂိုသည် လူထူးလူဆန်းတစ်ဦး ဖြစ်ကြောင်း သိထားသဖြင့် ဟန်ဂို၏ သဘောထားကို မှန်းဆရန် ခက်ခဲကြောင်း သူ သိသည်။

ငွေကြေးချမ်းသာမှုနှင့် ဇိအားပေး အတင်းအကျပ်လုပ်၍ မရ ကြောင်းလည်း သိသည်။ ဟန်ဂိုသည် ထူးဆန်းသော စိတ်ထားရှိသဖြင့် သူတို့တစ်မျိုးလုံးကိုပင် ရန်လုပ်နိုင်သူ ဖြစ်၏။

သို့သော် သားဖြစ်သူ ယခုအတိုင်း အပျော်အပါးလိုက်စားနေ မည့်အစား အိမ်ထောင်လေး ကျသွားမည်ဆိုပါက သူ့အတွက် ရင်အေး ရမည်ဖြစ်ကြောင်းကိုလည်း တွက်ဆမိသည်။

ထို့ကြောင့် သူက သက်ပြင်းချကာ ....

"အေး .... ဖေဖေ တောင်းပေးပါ့မယ်၊ ဒါပေမယ့် ဒီကိစ္စက ထင်သလောက် မလွယ်ဘူး .... မင်း လောနေလို့တော့ မရဘူး"

ယန်စီကျူက ဝမ်းသာသွားပြီး ....

"စိတ်ချပါ ဖေဖေ .... သား သဘောပေါက်ပါတယ်၊ ဟန်ဂိုဟာ လူထူးလူဆန်းသိုင်းသမားဆိုတာလည်းသားတို့စုံစမ်းလို့ရထားပါတယ်"

"အေး .... ဒီလို သဘောပေါက်ထားရင် ကောင်းတယ်"

ယန်ပုကျွမ်မှာ တစ်ညလုံး ဟန်ဂို၏ သမီး ဟန်စုချင်အား မည် သို့ တောင်းရမ်းပေးရမည်ကို စဉ်းစားနေသည်။

နောက်ဆုံး ညသန်းခေါင်ကျော်မှပင် အကြံတစ်ခု ရသွားကာ အိပ်ပျော်နိုင်တော့သည်။



အခန်း(၃၀)

## ချဉ်းကပ်ခြင်း ပရိယာယ်

ယန်ပုကျွမ်သည် နောက်လိုက်အနည်းငယ်ခေါ်ကာ တောင် ပိုင်းသို့ ထွက်လာခဲ့လေသည်။ ဟန်ဂို၏အိမ်ကို မြေ့သောအခါ အတော် အတန် ချမ်းသာသော မိသားစုဖြစ်ကြောင်း ရိပ်စားမိလိုက်၏။ ခြံနှင့် ဝင်းနှင့် အိမ်ကြီးရှိနိုင်နှင့် ထည်ထည်ဝါဝါ နေနိုင်သူသည် ထိုခေတ်က လူကုံထံစာရင်းဝင်သူများ ဖြစ်သည်။ ထို့ပြင် ဟန်ဂိုသည် စာပေနှင့် သမိုင်းပညာကို စိတ်ဝင်စားလေ့လာသူဖြစ်၍ သူသည် စာပေသမား ပုံပေါက်နေခြင်း ဖြစ်သည်။ ထိုခေတ်က စာပေပညာ လေ့လာနိုင်သူ မှာ ရှားပါးသည်။ နန်းတွင်း၌ နေထိုင်သော မင်းမှုထမ်းများသာ စာပေ သမားများ ဖြစ်လေ့ရှိကြသည်။

ယန်ပုကျွမ်သည် ဟန်ဂို၏အိမ်သို့ဝင်ရန် သူ၏မြင်းရထားပေါင်း နေစဉ် မြင်းရထားဝင်ရိုးကို ချိုးပစ်ခိုင်းလိုက်ရ၏။ သူလည်း မြင်းရထား ပေါ်မှ လွင့်စဉ်ကျပြီး ဒဏ်ရာရသွားသည်။ ထိုအဖြစ်အပျက်မှာ ဟန်ဂို ၏ ခြံဝင်းရှေ့၌ ဖြစ်နေသောကြောင့် ဟန်ဂိုသည် ယန်ပုကျွမ်ကို ကူညီ

www.burmeseclassic.com

www.burmeseclassic.com



ဖေးမရတော့သည်။

"အား .... ကျွတ် ကျွတ်၊ ကျေးဇူးတင်လှပါတယ်ဗျာ .... မြင်းရထားကို ပြင်ဆင်ဖို့ ကျုပ်ရဲ့မြင်းလှည်းသမားကို အမိန့်ပေးထားတာကြာပြီ .... ဒီကောင်ကို ဒဏ်ပေးရဦးမယ် .... "

ဟန်ဂိုက ယန်ပုကျွမ်ကို အိမ်ထဲအထိ ဖိတ်ခေါ်သွားပြီး ဒဏ်ရာများကို စစ်ဆေးပေး၏။

"နောင်ကြီး ဟန်ဂို .... ခင်ဗျားအကြောင်း ကျုပ် ကြားဖူးထားပါတယ် .... ခင်ဗျားကို လူထူးလူဆန်း သိုင်းသမားလို့ ခေါ်ကြသတဲ့၊ အခုတော့ ဘာများ ထူးဆန်းလို့လဲဗျာ .... "

ဟန်ဂိုသည် ယန်ပုကျွမ်ကို ပြုံးကြည့်နေ၏။

"ခင်ဗျားမှာ ကြီးကြီးကျယ်ကျယ် ဒဏ်ရာမရှိပါဘူးဗျ"

"ခင်ဗျား ကျုပ်ကို နှင်နေတာတော့ မဟုတ်ပါဘူးနော်"

"မနှင်ပါဘူး .... ခင်ဗျားရဲ့အခြေအနေကို ပြောပြတာပါ .... ကြည့်ရတာ ခင်ဗျား အတော်ချမ်းသာပုံရတယ် .... "

ထိုလူ မည်သူဖြစ်သည်ကို ဟန်ဂို သိပါသည်။ သို့သော် တမင် မသိချင်ယောင်ဆောင်ခြင်း ဖြစ်သည်။

"ကျုပ်က ယန်ပုကျွမ်ပါ .... မြောက်ပိုင်းက ယန်ပုကျွမ်ပါ"

"ဩော် .... ခင်ဗျားက လူကုံထံပဲကိုး .... "

"ခင်ဗျားကျတော့ကောဗျာ .... စောစောက ကျုပ်ရဲ့စကားကို ဆက်ပြောပါရစေဦး .... "

"ဟား ဟား ဟား .... ကိစ္စမရှိပါဘူး၊ ကျုပ်ကို အကောင်းပဲ



ဝေဖန် ဝေဖန် .... အဆိုးပဲ ဝေဖန် ဝေဖန် .... စိတ်ဆိုးလေ့ မရှိပါဘူး ကျုပ်က လူတွေကို လျစ်လျူရှုထားတာပဲ .... "

ယန်ပုကျွမ်က ခေါင်းခါ၏။

"အဲသလို မဟုတ်ပါဘူးဗျာ .... ခင်ဗျား လူတွေကို လျစ်လျူမရှုနိုင်ပါဘူး .... ကျုပ် လိမ့်ကျတာနဲ့ ခင်ဗျားခြံဝင်း အပြင်ထွက်လာပြီး ကျုပ်ကို လာကူညီတာပဲ .... ခင်ဗျားမှာ ကရုဏာတရား ရှိတာပဲ၊ ခင်ဗျားလည်း လူထဲက လူပါပဲဗျာ .... "

ယန်ပုကျွမ်မှာ ကုန်သည်ပီပီ စကားတတ်သည်။ ဟန်ဂိုကို ဘွယ်ပိုက်၍ ပင့်မြှောက်ချီးကျူးသည်။

ထို့နောက် ယန်ပုကျွမ်နှင့် ဟန်ဂိုတို့ စကားလက်ဆုံကျသွားတော့၏။

ယန်ပုကျွမ်သည် သားရေး၊ သမီးရေး ကိစ္စကို တစ်ခွန်းမျှ မပြောပါ။

သူသည် ဟန်ဂိုအကြောင်း စုံစမ်းထားပြီး ဖြစ်သည့်အတိုင်း တရုတ်ပြည်ကို မတရားသိမ်းပိုက်ထားသော နယ်ချဲ့များအကြောင်း၊ ဘုရင်မှူးမတ်တို့ ညံ့ဖျင်းပုံများအကြောင်း ပြောပြကာ သူ၌ မျိုးချစ်စိတ်ရှိကြောင်းကိုသာ စကားပရိယာယ်လိမ္မာစွာ ပြောလေတော့၏။

ဤသို့ဖြင့် နှစ်ယောက်သား စကားကောင်းနေလေသည်။

သိုင်းလောကအကြောင်းများ .... ၊ စီးပွားရေးအကြောင်းများ ရောက်တတ်ရာရာ ပြောဆိုကြပြီး ညနေစောင်းမှပင် ယန်ပုကျွမ် ပြန်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ပုကျွမ်သည် သူ့မိသားစု ပတ်ဝန်းကျင်ထဲသို့ ပရိယာယ်ဖြင့် ထိုးဖောက်ဝင်ရောက်လာခြင်းဖြစ်ကြောင်း ဟာန်ကိုတစ်ယောက် လုံးဝ မသိခဲ့ပါချေ။

နောက် ရက်သတ္တတစ်ပတ် ကြာသောအခါ ဟာန်ကိုသည် ယန်ပုကျွမ်၏ ဖိတ်ကြားချက်ကြောင့် ယန်ပုကျွမ်၏ ဂေဟာသို့ အလည်အပတ် သွားရောက်ရလေသည်။

ယန်ပုကျွမ်က ဟာန်ကိုအား ခမ်းနားစွာ ပြုံးပြက်တောက်ပခြင်း၊ ပြည့်စုံခြင်း၊ ဟင်းလျာမျိုးစုံပြည့်စုံခြင်းတို့မှာ နယ်စားတစ်ဦးကို အခြားနယ်စားတစ်ဦးက ကြိုဆိုဧည့်ခံသကဲ့သို့ ပြည့်စုံလှ၏။

ထို့အပြင် ယန်ပုကျွမ်၏ အမူအရာမှာ သူ့အား လွန်စွာ လေးစားလှကြောင်း ပြသလျက်ရှိသဖြင့် လူသားတစ်ဦးသာဖြစ်သော ဟာန်ကိုသည် လွန်စွာကျေနပ်လျက်ရှိလေ၏။

ဤသို့ဖြင့် ဟာန်ကိုနှင့် ယန်ပုကျွမ်တို့မှာ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်လည်ပတ်ရင်း မိတ်ဆွေများ ဖြစ်လာကြတော့သည်။

ဟာန်ကိုမှာ သိုင်းလောကသား ဖြစ်သည့်အတွက် ပွင့်လင်း၏။ ပရိယာယ် မရှိချေ။ ရှင်းရှင်းဘွင်းဘွင်း ပြောတတ်၏။

ယန်ပုကျွမ် သိုင်းလောက၌ ကျင်လည်ခဲ့သည့်အဖြစ်အပျက်များကို သူ ပြောပြသလောက်သာ သိရှိခဲ့သည်။ ယန်ပုကျွမ် ဆိုးသည်၊ ကောင်းသည်ကို သူ မကြားခဲ့ဘူးချေ .... ။ ယန်ပုကျွမ်ထံ၌ သားတစ်ယောက်ရှိကြောင်း သိရှိသော်လည်း ထိုသားကို မမြင်ဘူးချေ။



ထို့ပြင် ယန်ပုကျွမ်၏ ဆင်းရဲသားများအပေါ် အပေးအကမ်း ရက်ရောပုံကိုမူ သူ ကျေနပ်သည်။ ထိုအချက်ကပင် သူနှင့် ယန်ပုကျွမ်တို့ ရင်းနှီးစေသည့်အချက် ဖြစ်ခဲ့ရပေသည်။

ဤသို့ဖြင့် သုံးနှစ်ခန့် ကြာသွားသည်။

ယန်ပုကျွမ်အိမ်သို့ .... ဟာန်ကို လာရောက်လည်ပတ်သော နေ့တစ်နေ့၌ ယန်ပုကျွမ်က ဟာန်ကိုအား အရက်ဖြင့် ဧည့်ခံသည်။

ဟာန်ကိုသည် သည်တစ်ကြိမ်၌ အသောက်လွန်သွား၏။ အတော်ကလေး မူးသွားသည်။ ယန်ပုကျွမ်က ဟာန်ကိုအခြေအနေကို အကဲခတ်ကြည့်လိုက်ပြီး စကားစလိုက်လေသည်။

“ခင်ဗျားမှာ သားသမီးရှိတယ်လို့သာ ပြောတယ် .... ကျုပ်ဖြင့် တစ်ခါမှ မတွေ့ဖူးဘူး .... ရှိကော ရှိရဲ့လားဗျာ”

“ရှိပါတယ်ဗျာ .... သူတို့က အဖေနဲ့ သိပ်ရောရောနှောနှော မနေဘူးဗျ .... အားရင် သိုင်းပညာပဲ လေ့ကျင့်နေကြတာ .... ”

ယန်ပုကျွမ်မှာ အကွက်ဝင်သွား၏။

“ကျုပ်မှာလည်း သားတစ်ယောက်ပဲ ရှိပါတယ် .... သူက သိုင်းပညာ သိပ်ပြီး ဝါသနာပါတာ .... နောင်ကြီးလက်ထဲမှာ ကျုပ်သားကို အပ်ထားချင်ပါတယ် .... နောင်ကြီးရဲ့ သားသမီးတွေနဲ့ ရောပြီး သိုင်းပညာသင်ပေးနိုင်ရင် အတိုင်းထက်အလွန်ပါပဲဗျာ .... ”

သူတို့သည် ရင်းနှီးသော မိတ်ဆွေများသာ ဖြစ်နေကြသည်။ ယန်ပုကျွမ် တောင်းသည့် အကူအညီမှာလည်း ဆိုးဆိုးဝါးဝါး အကူအညီ မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် …. မင်းနဲ့ငါနဲ့က မိတ်ဆွေတွေပဲ …. တပည့်အဖြစ်တော့ လက်မခံဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါက ဘယ်တပည့်ကိုမှ လက်မခံခဲ့လို့ပါ …. ငါ့သားသမီးတွေနဲ့ ရောနှောပြီး သိုင်းပညာ လေ့ကျင့်တာတော့ ငါ ခွင့်ပြုနိုင်တယ် …. "

ယန်ပုကျွမ်သည် ထိုစကားကြားသောအခါ ဝမ်းသာသွား၏။ သည်အခြေအနေကို သူသည် စိတ်ရှည်လက်ရှည် စောင့်ခဲ့ရ၏။ ယခု အကွက်ဝင်လာပေပြီ။ ညနေစောင်းသောအခါ ယန်ပုကျွမ်က ဟန်ဂိုကို မြင်းရထားဖြင့် လိုက်ပို့ပေးရသောအခြေအနေသို့ ရောက်သွားလေတော့သည်။

ဟန်ဂို ပြန်သွားလျှင် ပြန်သွားချင်း ယန်ပုကျွမ်က သားဖြစ်သူကို ခေါ်၍ ဝမ်းသာအားရ ပြော၏။

"သား …. တို့ရဲ့ဆင်ကွက်တော့ ဝင်လာပြီကွ"

ယန်စီကျူက ကြောင်သွားပြီး ….

"ဘာများလဲ ဖေဖေ …. "

"သားရဲ့ မင်္ဂလာကိစ္စလေ …. သားပဲ ဟန်စုချင်ကို လိုချင်တယ်လို့ ပြောခဲ့တယ်မဟုတ်လား"

ယန်စီကျူမှာ ဝမ်းသာသွား၏။

"တကယ်လား ဖေဖေ …. လက်ခံလိုက်ပြီလား"

ယန်ပုကျွမ်က ပြုံးလိုက်၏။

"မလောနဲ့ဦးလေ …. တစ်ဆင့်ချင်း တက်လာရမှာ၊ ဟန်ဂိုက လူတစ်မျိုးကွ၊ ငွေနဲ့ ဖိလို့မလွယ်ဘူး …. သားအနေနဲ့ ဟောဟောရမ်း



ရမ်း နေလို့တော့ မရဘူး …. သူတို့ စိတ်ကျေနပ်အောင် သူတို့အိမ်မှာ သွားနေရမယ် …. "

"ကျွန်တော်မှ ဒီအဘိုးကြီးနဲ့ မသိဘဲ …. "

"မပူပါနဲ့ …. ဖေဖေ စီစဉ်ပြီးပြီ၊ သား သူ့ဆီမှာ သွားပြီး ပညာသင်ရမယ် …. မင်းတို့လူငယ်ချင်းလည်း နီးစပ်အောင်လုပ်ပေါ့ …. ဒါပေမယ့် တည်တည်တံ့တံ့နဲ့ ယောကျ်ားပီသတဲ့ ပုံစံမျိုးနဲ့ ချဉ်းကပ်ပါ။ ဒါမှ အောင်မြင်မယ် …. "

ယန်ပုကျွမ်မှာ သူ့သား ယန်စီကျူကို ခေါ်ကာ ဟန်ဂို၏ အိမ်သို့ ရောက်ရှိလာလေသည်။ လက်ဆောင်ပစ္စည်းများကား မြင်းရထား နှစ်စီးတိုက်ရှိသည်။

ဟန်ဂိုသည် ပထမ၌ ဘာမှန်းမသိပေ။ သို့သော် စကားပြောရင်း ယန်ပုကျွမ်ကို သူ့သားသမီးများနှင့် ရောနှောကာ သိုင်းပညာလေ့ကျင့်ပေးရမည့်ကတိကို ရလိုက်သည်။

လုံးဝမမူးသည့် အခြေအနေ၌ ဤကတိသည် သူ့သားသမီးများအား အနေကျပ်စေမည်ကို သတိရစေသော်လည်း အခြေအနေမှာ လုံးဝ ငြင်းပယ်နိုင်သည့် အခြေအနေ မဟုတ်သဖြင့် ပြေပြေလည်လည် ပင် လက်ခံလိုက်သည်။

သူ၏သား ယန်စီကျူက သူ၏ရှေ့၌ ဒူးထောက်ဂါရဝပြုသည်။

"ငါ့ပညာဟာ တကယ်တော့ ဒီလောက် မဟုတ်သေးပါဘူး၊ ငါကလည်း တပည့်ကို လက်ခံတယ်ဆိုတာက မင်းအဖေရဲ့မျက်နှာနဲ့ပဲ၊ မင်း ကြိုးကြိုးစားစား လေ့ကျင့်ယူပါ …. "

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ယန်စီကျူ တတ်ကျွမ်းထားသော သိုင်းပညာများကို လေ့ကျင့်ပြသလိုက်သည်။ ယန်စီကျူသည် သိုင်းပညာဖါသနာပါသူဖြစ်၍ သူ တတ်ထားသမျှကိုတော့ ကျွမ်းကျင်စွာ ကစားပြနိုင်သည်။

ဟန်ဂို သဘောကျသွားသည်။

"အင်း .... မင်းရဲ့ သိုင်းပညာက မဆိုးပါဘူး .... ငါ့တူ ဟန်ချူနဲ့ မတိမ်းမယိမ်းလောက်ပဲ .... မင်းအဖေကတော့ ပိုတော်မှာပဲ"

ယန်ပုကျွမ်တို့ သားအဖအား အရက်ဝိုင်းနှင့် တည်ခင်းဧည့်ခံလိုက်သည်။ ထို့နောက် ဟန်စုချင်တို့ မောင်နှမနှစ်ယောက်ကိုလည်း ခေါ်လိုက်သည်။

ဟန်စုချင်မှာ အခန်းထဲရောက်သောအခါ ယန်စီကျူအား တွေ့မြင်သွား၏။ ယန်စီကျူကို သူ ကောင်းစွာ မှတ်မိသည်။ သူမ အမဲလိုက်စဉ်က အချင်းများခဲ့ရသူ မဟုတ်ပါလား။

သူမသည် ယန်ပုကျွမ်နှင့် တွေ့ဆုံခြင်း မရှိခဲ့သော်လည်း သူမ၏ဖခင်နှင့် ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ဖူးသူ မိတ်ဆွေဖြစ်ကြောင်းကိုတော့ သူ ချောင်းကြည့်ခဲ့သဖြင့် သိနေသည်။ သို့သော် ယန်စီကျူနှင့် သားအဖဖြစ်သည်ကိုတော့ မသိပေ။

ထိုနှစ်ယောက် သားအဖတော်ကြောင်း သိရသည့်အခါ စိတ်ထဲ၌ မသက်မသာ ဖြစ်သွားခဲ့ရသည်။

ယန်စီကျူသည် ဟန်စုချင်ကို တွေ့သောအခါရင်ခုန်သွားသည်။ သူ့အဖို့ မဉ္ဇူသကာနတ်ပန်းသည် သူနှင့် လက်တစ်ကမ်းအလိုသာ ရှိတော့သည် မဟုတ်ပါလော။



ဟန်ဂိုက အားလုံးနှင့် မိတ်ဆက်ပေးသည်။

"ဒါဟာ ကျွန်တော့်သမီး ဟန်စုချင် .... ဒါကတော့ ဖေဖေ့မိတ်ဆွေ ယန်ပုကျွမ်နဲ့ သူ့ရဲ့သား ယန်စီကျူပဲ .... ဖေဖေ့ဆီ လာပြီး သိုင်းသင်မလို့၊ ကဲ .... လာကြ လာကြ"

ဟန်ချူဖုက ယန်စီကျူအား လက်သီးနှစ်ဖက်ဆုပ်ကာ နှုတ်ဆက်လိုက်သည်။

ဟန်စုချင်မှာမူ မျက်နှာ တင်းမာနေ၏။ နှုတ်ဆက်ခြင်း မရှိပါ။

ဟန်ဂိုဘက် လှည့်လိုက်ပြီး တောင်းပန်၏။

"ဖေဖေ .... ကျွန်မ ခေါင်းနည်းနည်းကိုက်နေလို့ မထိုင်နိုင်တော့ဘူး .... ခွင့်လွှတ်ပါ"

သူမသည် အခန်းထဲမှ ချက်ချင်း ထွက်ခွာသွားသည်။

ဟန်ဂိုက ဟန့်တားရန် ကြံလိုက်သော်လည်း မမီပါ။

"အင်း .... ဒီကလေးလည်း တယ်ခက်တာပဲ"

ဟု တစ်ကိုယ်တည်း ညည်းလိုက်၏။

ပြီးမှ ယန်ပုကျွမ်ဘက် လှည့်ကာ တောင်းပန်သည်။

"သမီးလေးတစ်ယောက်တည်းဆိုပြီး သူ့အမေက အလိုလိုက်ထားခဲ့တာ .... သူ့အမေ မရှိတော့တဲ့အထိ ဒီအကျင့်က စွဲသွားတယ်၊ ငါ့သမီး ရိုင်းပျသလိုဖြစ်ရင် ခွင့်လွှတ်ပါကွာ"

ယန်ပုကျွမ်မှာ ကုန်သည်ဖြစ်သည်။ ဤကိစ္စမျိုးမှာ သူ့အတွက် အရေးထူနေလေပြီ။ ရစရာရှိလျှင် သူတစ်ပါးက ပါးရိုက်လျှင်တောင် ပြုံးခံမည့်လူမျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးဆိုတာ ဒီလိုပါပဲ .... သူ့စိမ်းတွေရှိတော့ မနေတတ်ဘူးပေါ့ .... ဒါ အပြစ်မဟုတ်ပါဘူး နောင်ကြီးဟန်ဂိုရာ"

စားသောက်ဝိုင်း၌ ဟန်ဂို၊ ယန်ပုကျွမ်၊ ယန်စီကျူနှင့် ဟန်ချုံဖု တို့သာ ရှိကြသည်။ လူကြီးချင်း စကားပြော၊ လူငယ်ချင်း စကားပြော အနည်းငယ်စီ စားသောက်ပြီးသည်နှင့် စားသောက်ဝိုင်း ပြီးစီးသွားသည်။

ထို့နောက် ဟန်ဂိုက ယန်စီကျူအား ပြောလိုက်၏။

"ကဲ .... မင်းလည်း နေ့လယ်ပိုင်းလောက်တိုင်း လာခဲ့ပေါ့၊ သိုင်းပညာ နှစ်နာရီ သုံးနာရီလောက် သင်နိုင်ရင် မဆိုးပါဘူး"

ယန်ပုကျွမ်တို့သားအဖ ပြန်သွားကြလေတော့သည်။

စာစဉ်(၂)ပြီး၏။

စာစဉ်(၃)ကိုဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com